# အမျိုးသားစားနပ်ရိက္ခာ ဖူလုံရေးအတွက်
# မြေယာ၊ သားငါးနှင့် သစ်တောများ၏
# လုပ်ပိုင်ခွင့်အား စီမံခန့်ခွဲရန်
## လိုက်နာသင့်သည့် လမ်းညွှန်ချက်များ



CFS
Committee on World Food Security

FAO
FIAT PANIS

အမျိုးသားစားနပ်ရိက္ခာ ဖူလုံရေးအတွက်
မြေယာ၊ သားငါးနှင့် သစ်တောများ၏

# လုပ်ပိုင်ခွင့်အား စီမံခန့်ခွဲရန်

လိုက်နာသင့်သည့် လမ်းညွှန်ချက်များ

ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့

**Rome , 2012**

Governance
of Tenure

ဤစာအုပ်သည် တရားဝင်မူပိုင်ခွင့် ရရှိပြီးဖြစ်သည်။ ဤစာအုပ်ပါ သတင်းအချက်အလက်များအား ပြန်လည်ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်းကို (FAO) အဖွဲ့အစည်းမှ အားပေးပါသည်။ စီးပွားဖြစ်အသုံးပြုခြင်းမျိုးမဟုတ်သော အခမဲ့ဖြန့်ဝေခြင်းကို မေတ္တာရပ်ခံချက်ဖြင့် ခွင့်ပြုနိုင်ပါသည်။ ဤစာအုပ်အား စီးပွားဖြစ် ရည်ရွယ်ချက်ဖြင့် ထပ်မံထုတ်လုပ်လိုခြင်း၊ ပြန်လည်ရောင်းချခြင်း (ပညာပေးဆိုင်ရာ ဦးတည်ချက်များအပါအဝင်) ကိစ္စများအတွက်သတ်မှတ် အခကြေးငွေ ပေးဆောင်ရပါမည်။

FAO ၏မူပိုင်ခွင့်ရရှိပြီး ပစ္စည်းများ၊ ပိုင်ခွင့်များနှင့် လိုင်စင်ကိစ္စများအားလုံးနှင့် စပ်လျဉ်း၍ ထပ်မံထုတ်လုပ်ခြင်း၊ ဖြန့်ချိခြင်း ပြုလုပ်ရန်ခွင့်ပြုချက်ကို လျှောက်ထားလိုပါက အီးမေးလ် (email) လိပ်စာ copyright@fao.org (သို့မဟုတ်) ရုံးလိပ်စာ (Chief, Publishing Policy and Support Branch, Office of Knowledge Extension, FAO, Viale di Caracalla, 00153, Rome, Italy) သို့ လိပ်မူ၍ ပေးပို့လျှောက်ထားနိုင်ပါသည်။

ဤစာအုပ်တွင်ဖော်ပြထားသော အကြောင်းရပ်၊ သတင်းအချက်အလက်များသည် (FAO) အဖွဲ့၏တရားဝင် အယူအဆများနှင့် တိုက်ရိုက်တူညီသည်ဟု မရည်ညွှန်းပေ။

ဤစာအုပ်တွင် တင်ပြပုံများသည်လည်း မည်သည့် နိုင်ငံ၊ တိုင်းပြည်၊ မြို့နယ်၊ ဒေသကိုဖြစ်စေ ယင်းတို့၏ တရားဝင် အခြေအနေများ၊ အုပ်ချုပ်သူများ၊ နယ်နမိတ်သတ်မှတ်မှုများ စသည်တို့နှင့် ပတ်သက်၍ဖြစ်စေ (FAO) အဖွဲ့မှ မည်သည့် သဘောထား ဖော်ပြချက်မျှ မရည်ညွှန်းပေ။

ဤစာအုပ်တွင် အသုံးပြုသော ကုမ္ပဏီများ (သို့) ထုတ်လုပ်သူတို့၏ ထုတ်ကုန်များသည် တရားဝင်မူပိုင်ခွင့် ရရှိထားသည် ဖြစ်စေ၊ မရရှိသည်ဖြစ်စေ၊ (FAO) အဖွဲ့အစည်း၏ တရားဝင် အယူအဆ သဘောထားမှတ်ချက် (သို့မဟုတ်) ထောက်ခံအတည်ပြုချက် ရယူပြီးဖြစ်သည်ဟု မရည်ညွှန်းပေ။

# မာတိကာ

နိဒါန်း


၁ ပဏာမလုပ်ဆောင်ချက်များ ၁

၁. ရည်ရွယ်ချက် ၁

၂. သဘောသဘာဝနှင့် လုပ်ငန်းများ ၂

၂ ယေဘုယျအကြောင်းအရာများ ၃

၃. လုပ်ပိုင်ခွင့်အား စီမံခန့်ခွဲခြင်း၏ အခြေခံနည်းလမ်းများ ၃

၃ (က)။ ယေဘုယျဥပဒေသများ ၃

၃ ( ခ )။ အကောင်အထည်ဖော်ဆောင်မှု၏ အခြေခံအချက်များ ၄

၄. လုပ်ပိုင်ခွင့်နှင့် သက်ဆိုင်သော အခွင့်အရေးနှင့် လုပ်ငန်းတာဝန်များ ၆

၅. လုပ်ပိုင်ခွင့်များနှင့် ပတ်သက်သော မူဝါဒ၊ တရားဥပဒေနှင့် အဖွဲ့အစည်းများ၏ မူဘောင်များ ၇

၆. ဝန်ဆောင်မှုများဆောင်ရွက်ခြင်း ၉

၃ လုပ်ပိုင်ခွင့်များ၊ တာဝန်ခွဲဝေခြင်းနှင့် တရားဝင်အသိအမှတ်ပြုခြင်း ၁၁

၇. ကာကွယ်စောင့်ရှောက်ခြင်း ၁၁

၈. ပြည်သူပိုင် မြေယာ၊ သားငါးနှင့် သစ်တောများ ၁၂

၉. ဒေသခံတိုင်းရင်းသားများနှင့် အခြားပြည်သူအစုအဖွဲ့များ၏ ဓလေ့ထုံးတမ်း
လုပ်ပိုင်ခွင့် စနစ်များ ၁၄

၁၀. တရားဝင် မဟုတ်သော လုပ်ပိုင်ခွင့် ၁၇

၄ မြေယာလုပ်ပိုင်ခွင့်နှင့်တာဝန်ဝတ္တရားများကို လွှဲပြောင်းခြင်းနှင့် အခြားပြုပြင်ပြောင်းလဲမှုများ ၁၉

၁၀. ဈေးကွက်များ ၁၉

၁၂. ရင်းနှီးမြှုပ်နှံခြင်းများ ၂၀

၁၃. မြေယာပေါင်းစည်းခြင်းနှင့် အခြားပြန်လည်ပြင်ဆင်မှုနည်းလမ်းများ ၂၃

၁၄. ထိခိုက်မှုအတွက် လျော်ကြေး ၂၅

၁၅. ပြန်လည်ခွဲဝေခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ၂၅

၁၆. နိုင်ငံပိုင်မြေယာပြုလုပ်ခြင်းနှင့် လျော်ကြေးပေးခြင်း ၂၇

၅ မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာစီမံခန့်ခွဲခြင်း ၂၉

၁၇. လုပ်ပိုင်ခွင့်မှတ်တမ်းများထားရှိခြင်း ၂၉

၁၈. တန်ဖိုးသတ်မှတ်ခြင်း ၃၀

၁၉. အခွန်ကောက်ခံခြင်း ၃၁

၂၀. ဒေသအလိုက်စီမံခန့်ခွဲမှုများကို မူဘောင်သတ်မှတ်ခြင်း ၃၂

၂၁. လုပ်ပိုင်ခွင့်များဆိုင်ရာ အငြင်းပွားမှုများကို ပြေလည်အောင် ဖြေရှင်းခြင်း ၃၃

၂၂. နယ်စပ်ဖြတ်ကျော်မှုဆိုင်ရာ အကြောင်းကိစ္စများ ၃၄

၆ ရာသီဥတုပြောင်းလဲမှုနှင့် အရေးပေါ် ကိစ္စရပ်များအပေါ် တုန့်ပြန်မှုများ ၃၅

၂၃. ရာသီဥတုပြောင်းလဲမှု ၃၅

၂၄. သဘာဝဘေးအန္တရာယ်များ ၃၆

၂၅. မြေယာ၊ သားငါးနှင့် သစ်တောလုပ်ပိုင်ခွင့်နှင့် ပတ်သက်သော ပဋိပက္ခများ ၃၇

၇ တိုးတက်ဖြစ်ပေါ် လာခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၉

# အမျိုးသားစားနပ်ရိက္ခာဖူလုံရေးအတွက် မြေယာ၊ သားငါးနှင့် သစ်တောများ၏ လုပ်ပိုင်ခွင့်အား စီမံခန့်ခွဲရန် လိုက်နာသင့်သည့်လမ်းညွှန်ချက်များ

## နိဒါန်း

ဤလမ်းညွှန်ချက်ကို အမျိုးသားစားနပ်ရိက္ခာဖူလုံရေးဆောင်ရွက်ရာတွင် စားနပ်ရိက္ခာနှင့် ဆက်စပ်လျက်ရှိသော ရပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ပိုမိုနားလည်သဘောပေါက်လာစေရေး အထောက်အကူဖြစ်စေရန် ပြည်သူအားလုံး၏ စားနပ်ရိက္ခာဖူလုံရေး ရည်မှန်းချက်ပြည့်မီရေးအတွက် မြေယာ၊ သားငါးနှင့် သစ်တောများ၏ လုပ်ပိုင်ခွင့်အား စီမံခန့်ခွဲရာတွင် ကိုးကားနိုင်ရန်နှင့် လမ်းညွှန်ချက်အဖြစ် အသုံးပြုနိုင်ရန် ရည်ရွယ်ချက်များဖြင့် ပြုစုထုတ်ပေခြင်း ဖြစ်ပါသည်။

ဤစာအုပ်ပါလမ်းညွှန်ချက်များသည် မြေယာ၊ သားငါးနှင့် သစ်တောတို့အား သာတူညီမျှစွာ သုံးစွဲနိုင်ရေးနှင့် ခိုင်မာသေချာသော လုပ်ပိုင်ခွင့်များကို တိုးမြှင့်စေခြင်းဖြင့် မြေယာဖွံ့ဖြိုးတိုးတက်မှုကို ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု အခြေခံစည်းမျဉ်းများပေါ်တွင် အခြေခံလျက် နိုင်ငံတကာနှင့် အမျိုးသားရေးဆိုင်ရာ ငတ်မွတ်ခေါင်းပါးမှုနှင့်ဆင်းရဲနွမ်းပါးမှုကို တိုက်ဖျက်သော ကြိုးပမ်းမှုများတွင် ပါဝင်ရန် ရည်ရွယ်ပါသည်။

ငတ်မွတ်ခေါင်းပါးမှုနှင့် ဆင်းရဲနွမ်းပါးမှုတို့အား တိုက်ဖျက်ခြင်းနှင့် ပတ်ဝန်းကျင်အား ရေရှည်တည်တံ့စွာ အသုံးပြုခြင်းတို့သည် မြေယာ၊ သားငါးနှင့် သစ်တောများကို ပြည်သူများ၊ ပြည်သူအစုအဖွဲ့များနှင့် အခြားအဖွဲ့အစည်းများမှ မည်သို့အသုံးပြုခွင့် ရရှိနေကြသည်ဆိုသည့် အတိုင်းအတာပေါ်တွင်မူတည်ပါသည်။ များစွာသော လူနေမှုဘဝများ၊ အထူးသဖြင့် ကျေးလက်နေ ဆင်းရဲနွမ်းပါးသူများ၏ လူနေမှုဘဝများသည် မြေယာ၊ သားငါးနှင့် သစ်တောအရင်းအမြစ်များအား စနစ်တကျအသုံးပြုနိုင်မှုပေါ်တွင် မူတည်လျက်ရှိပါသည်။ ထိုအရင်းအမြစ်များသည် စားဝတ်နေရေး၏ အရင်းခံမြစ်ပြီး လူမှုရေး၊ ယဉ်ကျေးမှုနှင့် ကိုးကွယ်မှုဆိုင်ရာ ဆောင်ရွက်ချက်များ၏ အခြေခံဖြစ်ကာ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအတွက် အဓိကအရေးပါသော အချက်တစ်ခုဖြစ်ပါသည်။

မြေယာ၊ သားငါးနှင့် သစ်တောတို့၏ လုပ်ပိုင်ခွင့်အား စီမံခန့်ခွဲခြင်းသည် ရေနှင့် မာတ်သတ္တုများစသည့် အခြားသယံဇာတများအား စီမံခန့်ခွဲအသုံးပြုမှုနှင့် ခွဲခြားမရသော ဆက်စပ်မှုရှိပါသည်။ နိုင်ငံတော်၏ အမျိုးသားရေးတာဝန်အရ လက်ရှိသဘာဝအရင်းအမြစ်များအပေါ် မတူညီသော စီမံခန့်ခွဲမှုပုံစံများနှင့် နည်းစနစ်များကို တရားဝင် အသိအမှတ်ပြုရာ၌ အစိုးရများအနေဖြင့် ဆက်နွယ်လျက်ရှိသည့် အဆိုပါ သဘာဝအရင်းအမြစ်များ၏ စီမံခန့်ခွဲမှုအား အကောင်အထည်ဖော်ရာတွင် ဤလမ်းညွှန်ချက်များကို သင့်တော်သလို ထည့်သွင်းစဉ်းစားနိုင်ပါသည်။

ပြည်သူများ၊ ပြည်သူအစုအဖွဲ့များနှင့် အခြားအဖွဲ့အစည်းများသည် မြေယာ၊ သားငါးနှင့် သစ်တောလုပ်ပိုင်ခွင့်များအား မည်သို့ရရှိနိုင်မည်ကို အဓိပ္ပာယ်သတ်မှတ်နိုင်ပြီး လုပ်ပိုင်ခွင့်နည်းစနစ်များအား လူအဖွဲ့အစည်းများ၏ စည်းမျဉ်းစည်းကမ်းဖြင့် ထိန်းသိမ်းထားနိုင်ပါသည်။ ဤလုပ်ပိုင်ခွင့်နည်းစနစ်များသည်

သဘာဝအရင်းအမြစ်များကို မည်သည့် အခြေအနေမျိုးတွင် မည်သူက မည်မျှကြာကြာ အသုံးပြုနိုင်သည်ကို အဆုံးအဖြတ်ပေးနိုင်ပါသည်။ ထို့ပြင် ဤလုပ်ပိုင်ခွင့်နည်းစနစ်များသည် ပြဋ္ဌာန်းထားသော မူဝါဒများ၊ ဥပဒေများနှင့်အလားတူပင် ပြဋ္ဌာန်းမထားသော ဓလေ့ထုံးတမ်းများပေါ်တွင်လည်း အခြေခံနိုင်ပါသည်။ မြေယာလုပ်ပိုင်ခွင့်နည်းစနစ်များအနေဖြင့် တိုးတက်လာသောကမ္ဘာ့လူဦးရေအတွက် စားနပ်ရိက္ခာဖူလုံရန် လိုအပ်လာခြင်း၊ သဘာဝပတ်ဝန်းကျင်များ ပျက်စီးယိုယွင်းလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှုများကြောင့် မြေယာ၊ သားငါးနှင့်သစ်တောကဏ္ဍများ၏ စွမ်းဆောင်မှုလျော့ကျသည့် ပြဿနာများကို ပိုမိုရင်ဆိုင် နေရပါသည်။ တိကျပြည့်စုံမှုမရှိသော၊ ယုံကြည်စိတ်ချရမှုမရှိသော လုပ်ပိုင်ခွင့်များသည် ငတ်မွတ်ခေါင်းပါးခြင်း၊ ဆင်းရဲနွမ်းပါးခြင်းနှင့် အားနည်းခြင်းတို့ကို ပိုမိုမြင့်မားလာစေပြီး အကောင်အထည်ဖော် ဆောင်ရွက်မည့်သူက ၎င်းသဘာဝ အရင်းအမြစ်များကို ကာကွယ်ရန် ကြိုးပမ်းသောအခါ ပဋိပက္ခများနှင့် သဘာဝပတ်ဝန်းကျင်များ တိုးတက်ပျက်စီးမှုတို့ကို ဦးတည်စေနိုင်ပါသည်။

လုပ်ပိုင်ခွင့်အားစီမံခန့်ခွဲခြင်းသည် ပြည်သူများ၊ ပြည်သူအစုအဖွဲ့များနှင့် အခြားအဖွဲ့အစည်းများက လုပ်ပိုင်ခွင့် များနှင့် ဆက်နွယ်လျက်ရှိသော တာဝန်ဝတ္တရားများကို သိရှိနိုင်ရန်၊ မြေယာ၊ သားငါးနှင့် သစ်တောများကို အသုံးပြုရေးနှင့် ကာကွယ်ထိန်းသိမ်းရေးဆုံးဖြတ်ရာတွင် အရေးပါသော အခြေခံလိုအပ်ချက်တစ်ခု ဖြစ်ပါသည်။ လုပ်ပိုင်ခွင့်ပြဿနာများသည် အားနည်း၍မခိုင်မာသော စီမံခန့်ခွဲမှုနှင့် စီမံခန့်ခွဲသည့် အရည်အသွေးတို့၏ အကျိုးသက်ရောက်မှုများကြောင့် ပေါ်ပေါက်လာပါသည်။ အားနည်း၍ မခိုင်မာသော စီမံခန့်ခွဲမှုသည် လူမှုရေးတည်ငြိမ်မှု၊ သဘာဝပတ်ပန်းကျင်အား ရေရှည်အသုံးပြုနိုင်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုတို့ကို ဆိုးရွားစွာ ထိခိုက်စေပါသည်။ ပြည်သူများအနေဖြင့် မှားယွင်းသောလုပ်ပိုင်ခွင့် အလေ့အထများကြောင့် ၎င်းတို့ ၏ ကောင်းမွန်သော လူနေမှုဘပများ၊ အိမ်ခြံမြေ၊ ပြေယာ၊ သားငါးနှင့် သစ်တောများ၏ လုပ်ပိုင်ခွင့်များ ဆုံးရှုံးခဲ့လျှင် သို့မဟုတ် လုပ်ပိုင်ခွင့်များကို ကာကွယ်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ မအောင်မြင်ခဲ့လျှင် ၎င်းတို့၏ ငတ်မွတ်ခေါင်းဝါးခြင်းနှင့် ဆင်းရဲနွမ်းပါးခြင်း ဘဝများ၏ အကြောင်းအရင်းများအဖြစ် ပြစ်တင်ဝေဖန်ရှုတ်ချ ခံရနိုင်ပါသည်။ ပြည်သူများအနေဖြင့် အားနည်း၍ မခိုင်မာသော လုပ်ပိုင်ခွင့်ကို စီမံခန့်ခွဲခြင်းကြောင့် ပြင်းထန်သော ပဋိပက္ခများဖြစ်ပွားရန် ဦးတည်လာပြီး ၎င်းတို့၏ဘဝများပင်လျှင် ဆုံးရှုံးနိုင်ပါသည်။ သင့်လျော်သော လုပ်ပိုင်ခွင့်အား စီမံခန့်ခွဲခြင်းသည် ရေရှည်တည်တံ့သော လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို မြှင့်တင်ပေးပြီး အပြန်အလှန်အားဖြင့် ဆင်းရဲနွမ်းပါးမှုနှင့် စားနပ်ရိက္ခာဖူလုံမှုမရှိခြင်းတို့ကို ပပျောက်အောင်ဆောင်ရွက်ရာတွင် ကူညီနိုင်သည့် သင့်လျော်သော ရင်းနှီးမြှုပ်နှံမှုကို အားပေးရာ ရောက်ပါသည်။

ကမ္ဘာ့စားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့(အက်ဖ်အေအို)နှင့် ပူးပေါင်း ဆောင်ရွက်သူများသည် လုပ်ပိုင်ခွင့်အား စီမံခန့်ခွဲရာတွင် လမ်းညွှန်ချက်များ ပေါ်ပေါက်လာစေရန် စိတ်ဝင်စားမှုအပြည့်အဝဖြင့် အစပျိုး လုပ်ဆောင်ခဲ့ကြပါသည်။ ဤပဏာမခြေလှမ်းသည် (၂၀၀၄)ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပပြုလုပ်ခဲ့သော အက်ဖ်အေအိုကောင်စီ၏ တစ်ရာနှစ်ဆယ့်ခုနှစ်ကြိမ်မြောက် အစည်းအဝေးနှင့် (၂၀၀၆)ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော စိုက်ပျိုးရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အမြည်ပြည် ဆိုင်ရာ ညီလာခံများသဘောတူညီချက်အရ အမျိုးသားစားနပ်ရိက္ခာဖူလုံမှုတွင် ပါဝင်သော လုံလောက်သော စားနပ်ရိက္ခာရပိုင်ခွင့် ဖွံ့ဖြိုးမှုတို့ တိုးမြင့်စေရန်အတွက် ပိုမိုသိနားလည်လာစေရေးကို ပံ့ပိုးသော လမ်းညွှန်ချက်များ (စားနပ်ရိက္ခာရပိုင်ခွင့်အတွက်လုပ်ကိုင်သော လမ်းညွှန်ချက်များ) ကို စတင်အားပေး အကောင်အထည်ဖော်ခဲ့ပါသည်။

(၂၀၁၀)ခုနှစ်၊ အောက်တိုဘာလတွင် ပြုလုပ်ခဲ့သော သုံးဆယ့်ခြောက်ကြိမ်မြောက် အစည်းအဝေးတွင် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးကော်မတီ (စီအက်ဖ်အက်စ်)သည် လမ်းညွှန်ချက်များပေါ်ပေါက်လာစေရေး အတွက် ပါဝင်သောလုပ်ငန်းစဉ်များကို ဆက်လက်လုပ်ဆောင်ရန် စီအက်ဖ်အက်စ်၏ ထည့်သွင်း စဉ်းစားရမည့် အချက်အဖြစ်တင်ပြသည့် လမ်းညွှန်ချက်များ၏ ပထမမူကြမ်းကို ပြန်လည်သုံးသပ်ရန် အတွက် စီအက်ဖ်အက်စ်၏ လွတ်လပ်စွာဆောင်ရွက်နိုင်သောအဖွဲ့ကို တည်ထောင်ရန် ဆုံးဖြတ်ခဲ့ပါသည်။

ဤလမ်းညွှန်ချက်များသည် စားနပ်ရိက္ခာလုပ်ပိုင်ခွင့်အတွက် လမ်းညွှန်ချက်များ၊ ငါးလုပ်ငန်းများအတွက် သင့်လျော်သော စီမံခန့်ခွဲမှုလမ်းညွှန်ချက်များ၊ ပိုးသတ်ဆေးများဖြန့်ဝေခြင်းနှင့် အသုံးပြုမှုအတွက် အပြည်ပြည်ဆိုင်ရာ စီမံခန့်ခွဲမှုလမ်းညွှန်ချက်များ၊ စိုက်ပျိုးထားသော သစ်တောများ၏ သင့်လျော်သော စီမံခန့်ခွဲမှု လမ်းညွှန်ချက်များ၊ မီးသတ်စီမံခန့်ခွဲမှုဆိုင်ရာ လမ်းညွှန်ချက်များ၊ အခြေခံမူများနှင့် နည်းဗျူဟာဆိုင်ရာ ဆောင်ရွက်ချက်များစသည့် သင့်လျော်သော နည်းလမ်းများအတွက် ချမှတ်ထားသော အခြေခံမူများနှင့် အပြည်ပြည်ဆိုင်ရာမှ လက်ခံထားသော နည်းပညာစံသတ်မှတ်ချက်များအတွက် အက်ဖ်အေအို၏ မူပါဒအရ လုပ်ကိုင်လျက်ရှိသော အခြားနည်းဥပဒေများ၏ ပုံစံကို တိကျစွာလိုက်နာပါသည်။ ၎င်းနည်းဥပဒေများသည် နည်းဗျူဟာများ၊ မူဝါဒများ၊ ဥပဒေများ၊ အစီအစဉ်များနှင့် ပြုမူဆောင်ရွက်ချက်များကို ဖွံ့ဖြိုးစေရန် ဆောင်ရွက်နေဆဲအချိန်တွင် အသုံးပြုနိုင်သော အခြေခံမူဘောင်များကို ထောက်ပံ့ပေးနိုင်သည့် အချက်အလက်များဖြစ်ပါသည်။ ၎င်းနည်း ဥပဒေများကို လိုအပ်ချိန်၌ သီးခြား နည်းပညာဆိုင်ရာ အသေးစိတ်အချက်အလက်များ၊ လေ့ကျင့်မှုနှင့် ပံ့ပိုးပစ္စည်းများ၊ အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် ကူညီနိုင်သော အခြားနည်းလမ်းများကို ထောက်ပံ့ပေးသည့် လမ်းညွှန်ချက်များ ကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့် ဖြည့်စွက်လျက် ပူးပေါင်းတွဲဖက်ဆောင်ရွက်နိုင်ပါသည်။

(၂၀၀၉-၂၀၁၀)ခုနှစ်တွင် ပြုလုပ်ခဲ့သည့် ဆွေးနွေးညှိနှိုင်းပွဲများတွင် ပါဝင်သော လုပ်ငန်းစဉ်တစ်ခုကို အခြေခံ၍ ဤလမ်းညွှန်ချက်များကို (၂၀၁၁)ခုနှစ်၊ ဇွန်၊ ဇူလိုင်နှင့် အောက်တိုဘာလများနှင့် (၂၀၁၂) ခုနှစ်၊ မတ်လတွင် ကျင်းပပြုလုပ်ခဲ့သော ညီလာခံများတွင် လွတ်လပ်စွာဆောင်ရွက်သည့်အဖွဲ့မှ ဖော်ထုတ်ပြုစုခဲ့ပါသည်။ ဒေသဆိုင်ရာ ဆွေးနွေးညှိနှိုင်းပွဲများကို ဘရာဇီးလ်၊ ဘာကီနာဖက်စ်စို၊ အီသီယိုပီးယား၊ ဂျော်ဒန်၊ နမ်မီဘီးယား၊ ပနားမား၊ ရိုမေနီးယား၊ ရုရှားပြည်ထောင်စု၊ ဆာမိုးအာနှင့် ဗီယမ်နမ်တို့တွင် ကျင်းပခဲ့ပါသည်။ ထိုဒေသဆိုင်ရာ ဆွေးနွေးညှိနှိုင်းပွဲများတွင် အများပြည်သူနှင့် ပုဂ္ဂလိက ကဏ္ဍများ၊ အရပ်ဘက် လူ့အဖွဲ့အစည်းနှင့် ပညာရေးအသိုင်းအဝိုင်းများကို ကိုယ်စားပြုသော နိုင်ငံပေါင်း (၁၃၃)နိုင်ငံမှ ပြည်သူပေါင်း (၇၀၀)နီးပါးအတူတကွ ပါဝင်ခဲ့ကြပါသည်။ အာဖရိက (မာလီ)၊ အာရှ (မလေးရှား)၊ ဥရောပနှင့် အာရှအလယ် ပိုင်းနှင့် အနောက်ပိုင်း (အီတလီ)နှင့် လက်တင် အမေရိက (ဘရာဇီးလ်)ရှိ အရပ်ဘက် လူ့အဖွဲ့အစည်းများအတွက် အဓိကကျင်းပပြုလုပ်သော ဆွေးနွေး ညှိနှိုင်းပွဲလေးခုသို့ နိုင်ငံပေါင်း (၇၀)နိုင်ငံမှ ပြည်သူ(၂၀၀)နီးပါးနှင့် အခြားပုဂ္ဂလိက ကဏ္ဍ ညှိနှိုင်း ဆွေးနွေးပွဲတစ်ခုကို နိုင်ငံပေါင်း (၂၁)နိုင်ငံမှ ပြည်သူပေါင်း (၇၀)ကျော် တက်ရောက်ခဲ့ကြပါသည်။ ဤလမ်း ညွှန်ချက်များ၏ မူကြမ်းအဆင့်တွင် အီလက်ထရောနစ် စနစ်သုံး ဆွေးနွေးညှိနှိုင်းပွဲတစ်ခုမှ ရရှိလာသည် အဆိုပြုချက်များနှင့်လည်း ပေါင်းစပ်ပါသည်။ အခြေခံအဆင့် မူကြမ်းကို တိုးမြှင့်ရန်ပြုလုပ်သော အဆို ပြုချက်များအား အများပြည်သူနှင့် ပုဂ္ဂလိက ကဏ္ဍများ၊ အရပ်ဘက်လူ့အဖွဲ့အစည်း၊ ပညာရေး အသိုင်း အဝန်းများနှင့် ကမ္ဘာတစ်ဝန်းလုံးမှ လက်ခံရရှိပါသည်။

ဤလမ်းညွှန်ချက်များသည် လူ့အခွင့်အရေးနှင့် လုပ်ပိုင်ခွင့်များကို ဖော်ပြထားသော ဖွံ့ဖြိုးတိုးတက်ခြင်း ဆိုင်ရာ ထောင်စုနှစ်ရည်မှန်းချက်များအပါအဝင် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ နည်းဥပဒေများ နှင့်လည်း ကိုက်ညီစေရန် ရေးဆွဲထားပါသည်။ ဤလမ်းညွှန်ချက်များကို ဖတ်ရှုသူများသည် လုပ်ပိုင်ခွင့် အားစီမံခန့်ခွဲခြင်းကို မြှင့်တင်ရန် ကြိုးပမ်းသောအခါများ၌ ၎င်းတို့၏ တာပန်ဝတ္တရားများနှင့် လက်တွေ့ လုပ်ကိုင်လျက်ရှိသော လုပ်ငန်းများအတွက် ၎င်းနည်းဥပဒေများကို ပုံမှန်ပြန်လည် သုံးသပ်ရန်နှင့် နောက်ထပ်လမ်းညွှန်ချက်များကို ရယူရန် ဖတ်ရှုသူများကို တိုက်တွန်းအားပေးသင့်ပါသည်။

# ပဏာမလုပ်ဆောင်ချက်များ

## ၁။ ရည်ရွယ်ချက်

၁.၁။ ဤလမ်းညွှန်ချက်များသည် မြေယာ[1]၊ သားငါးနှင့် သစ်တောလုပ်ပိုင်ခွင့်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်သော စီမံခန့်ခွဲမှုစနစ်ကိုရရှိစေရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် အားလုံး အတွက် အကျိုးကျေးဇူးများရရှိနိုင်ပါသည်။ အထူးသဖြင့် ဝေးလံခေါင်သီသောနေရာတွင် နေထိုင်သည့် သူများအား စားနပ်ရိက္ခာ ဖူလုံပြည့်ဝစေခြင်းနှင့် အမှန်တကယ် ဖွံ့ဖြိုးတိုးတက်မှုကိုရရှိစေရန် အခွင့်အရေးများဖြစ်သည့် လုံလောက်သော စားနပ်ရိက္ခာရရှိရေး၊ ဆင်းရဲနွမ်းပါးမှုလျော့ချရေး၊ တည်ငြိမ်သော လူနေမှုဘဝများ ရရှိရေး၊ လူမှုရေးဆိုင်ရာ တည်ငြိမ်မှုရှိရေး၊ နေထိုင်ရာအိမ်များ စိတ်ချလုံခြုံရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ရေရှည်တည်တံ့သော လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတို့ ပါဝင်ပါသည်။ စီမံကိန်းများ၊ မူဝါဒများနှင့် နည်းပညာဆိုင်ရာ အထောက်အပံ့ဖြင့် လုပ်ပိုင်ခွင့်အား စီမံခန့်ခွဲခြင်းတို့ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ရာတွင် လူ့အခွင့်အရေးနှင့် မတ်သက်သော အပြည်ပြည်ဆိုင်ရာ နည်းဥပဒေများနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာချက်များပါဝင်သည့် လက်ရှိနိုင်ငံတကာ ဥပဒေများ၊ နိုင်ငံ၏လက်ရှိလိုက်နာ ရမည့်စည်းမျဉ်းများနှင့်လည်း လိုက်လျောညီထွေ ကိုက်ညီသင့်ပါသည်။

### ၁.၂။ ဤလမ်းညွှန်ချက်များသည်

(၁) နိုင်ငံတကာ၌ လက်ခံကျင့်သုံးနေသော နည်းလမ်းများဖြစ်သည့် မြေယာ၊ သားငါးနှင့် သစ်တောများ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း စသည့်နည်းလမ်းများနှင့် သတင်းအချက်အလက် များကို ပံ့ပိုးပေးခြင်းဖြင့် လုပ်ပိုင်ခွင့်အား စီမံခန့်ခွဲခြင်း ဖွံ့ဖြိုး တိုးတက်လာစေရန်၊

(၂) မူဝါဒ၊ ဥပဒေရေးရာနှင့် အဖွဲ့အစည်းများ၏ ဖွဲ့စည်းမှုဖွံ့ဖြိုးတိုးတက်စေရန်အတွက် လက်ရှိ အရင်းအမြစ်များကို လုပ်ပိုင်ခွင့် အခွင့်အရေးမူဘောင်များ သတ်မှတ် ဆောင်ရွက်ရန်၊

(၃) လုပ်ပိုင်ခွင့်စနစ်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို ဖွံ့ဖြိုးတိုးတက်စေပြီး ပွင့်လင်းမြင်သာမှု ရှိစေရေး တိုးမြှင့်ဆောင်ရွက်ရန်၊

---

[1] လုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ မြေယာသည် အပြည်ပြည်ဆိုင်ရာအဓိပ္ပာယ်ဖွင့်ဆိုချက်မဟုတ်ပါ။ နိုင်ငံအလိုက် စကား လုံးအား အဓိပ္ပာယ်ဖွင့်ဆိုရန်ဖြစ်ပါသည်။

(၄) လက်တွေ့ဆောင်ရွက်မည့် အဖွဲ့အစည်းများ၊ တရားစီရင်ပိုင်ခွင့်ရှိသူ၊ ဒေသခံအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လယ်သမားနှင့် အသေးစားထုတ်လုပ်သူများ၊ သားငါးနှင့် သစ်တောထုတ်လုပ်သူနှင့် အသုံးပြုသူများ အသင်းအဖွဲ့၊ ကျေးလက်လူမှုရေး အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် အခြားပြည်သူအစုအဖွဲ့များ၊ အရပ်ဘက်လူ့အဖွဲ့အစည်း၊ ပုဂ္ဂလိကလုပ်ငန်းများ၊ ပညာရှင်များနှင့် လုပ်ပိုင်ခွင့်အား စီမံခန့်ခွဲခြင်းတွင် သက်ဆိုင်သောသူများအားလုံး၏ စွမ်းရည်မြှင့်တင်ခြင်းနှင့် လုပ်ဆောင်မည့် လုပ်ငန်းများတွင် ပူးပေါင်းပါဝင်လာစေရေးကို တွန်းအားပေးဆောင်ရွက်ရန်။

## ၂။ သဘောသဘာဝနှင့် လုပ်ငန်းများ

၂. ၁။ ဤလမ်းညွှန်ချက်များသည် လိုအပ်ချက်များနှင့်အညီ ဖော်ထုတ်သတ်မှတ်ခြင်းဖြစ်သည်။

၂. ၂။ ဤလမ်းညွှန်ချက်များသည် နိုင်ငံတော်နှင့် နိုင်ငံတကာမှ ချမှတ်ထားသော ဥပဒေအရ လက်ရှိ လိုက်နာရမည့် စည်းမျဉ်းများ၊ အသုံးချနိုင်သော နေရာဒေသနှင့် နိုင်ငံတကာ နည်းဥပဒေများအောက်ရှိ သဘောတူညီချက်များနှင့်အညီ အဓိပ္ပာယ်သတ်မှတ်ပြီး အသုံးပြုသင့်ပါသည်။ ဤလမ်းညွှန်ချက်များသည် လူ့အခွင့်အရေးဆိုင်ရာ လုပ်ဆောင်မှုများနှင့် မြေယာ၊ သားငါးနှင့် သစ်တောဆိုင်ရာ သေချာသောလုပ်ပိုင်ခွင့်များ ပံ့ပိုးပေးခြင်းနှင့် လုပ်ပိုင်ခွင့်အား စီရင်အုပ်ချုပ်ခြင်း၊ ဖွံ့ဖြိုးတိုးတက်စေရန် အစပျိုးဆောင်ရွက်မှုများကို ထောက်ခံ ပံ့ပိုးပေးခြင်းဖြစ်သည်။ ဤလမ်းညွှန်ချက်များတွင် မပါဝင်သည့်အချက်များကို အပြည်ပြည်ဆိုင်ရာဥပဒေနှင့် နိုင်ငံအတွင်းရှိ တရားဝင်လိုက်နာရမည့် စည်းမျဉ်းများ၏ ကန့်သတ်ချက်အတိုင်းသာဖြစ်သည်ဟု ယူဆရမည်။

၂. ၃။ ဤလမ်းညွှန်ချက်များကို နိုင်ငံတော်အစိုးရ၊ လက်တွေ့ဆောင်ရွက်မည့်အဖွဲ့အစည်းများ၊ တရားစီရင်ပိုင်ခွင့်ရှိသူ၊ ဒေသခံအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လယ်သမားနှင့် အသေးစားထုတ်လုပ်သူများ၊ သားငါးနှင့် သစ်တောထုတ်လုပ်သူနှင့် အသုံးပြုသူများအသင်းအဖွဲ့၊ ကျေးလက်လူမှုအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် အခြားပြည်သူအစုအဖွဲ့များ၊ အရပ်သားအဖွဲ့အစည်းများ၊ ပုဂ္ဂလိက လုပ်ငန်းများ၊ ပညာရှင်များနှင့် လုပ်ပိုင်ခွင့်အား စီမံခန့်ခွဲခြင်းတွင် သက်ဆိုင်သောသူများအားလုံး အသုံးပြုနိုင်ပြီး ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာအသုံးချနိုင်ရမည်။

၂. ၄။ ဤလမ်းညွှန်ချက်များသည် အားလုံးနှင့်သက်ဆိုင်သည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအဆင့်အမျိုးမျိုးရှိ နိုင်ငံအားလုံးနှင့် ဒေသအားလုံးတွင်လည်းကောင်း၊ ပြည်သူပိုင်၊ ပုဂ္ဂလိကပိုင်၊ အများပိုင်၊ အစုအဖွဲ့ပိုင်၊ ဒေသခံနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ ပိုင်ဆိုင်မှုစသော လုပ်ပိုင်ခွင့်အား စီမံခန့်ခွဲခြင်း ပုံစံအမျိုးမျိုးအတွက်လည်းကောင်း အမျိုးသားရေးဆိုင်ရာ အကြောင်းအရာများနှင့် ဆက်စပ်၍ စဉ်းစားအသုံးပြုနိုင်ပါသည်။

၂. ၅။ ဤလမ်းညွှန်ချက်များကို အမျိုးသားရေးဆိုင်ရာ တရားဥပဒေစနစ်နှင့်အညီ ဖော်ပြအသုံးပြုသင့်ပါသည်။

# ယေဘုယျအကြောင်းအရာများ

ဤအပိုင်းတွင် မြေယာ၊ သားငါးနှင့် သစ်တောဆိုင်ရာ လုပ်ပိုင်ခွင့်အားစီမံခန့်ခွဲခြင်းနှင့် သက်ဆိုင်သော လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ၊ မူပါဒများ၊ ဥပဒေနှင့်အဖွဲ့အစည်းဆိုင်ရာ ဖွဲ့စည်းပုံများနှင့် ဝန်ဆောင်မှုများ ဆောင်ရွက်ခြင်း စသည်တို့ကို ဖော်ပြထားပါသည်။

လုပ်ပိုင်ခွင့်အား စီမံခန့်ခွဲခြင်းတွင် နိုင်ငံတော်အစိုးရသည် လက်ရှိကျင့်သုံးနေသော နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ အခြေခံအချက်များကို လိုက်နာရပါမည်။ အပိုင်း (၂)အား စာပိုဒ် နံပါတ် (၂. ၂) နှင့်အညီ မှတ်ယူသင့်ပါသည်။

## ၃။ လုပ်ပိုင်ခွင့်အား စီမံခန့်ခွဲခြင်း၏ အခြေခံနည်းလမ်းများ

### ၃ (က)။ ယေဘုယျဥပဒေသများ

**၃. ၁။ နိုင်ငံတော်အစိုးရသည်**

(၁) တရားဝင်လုပ်ပိုင်ခွင့်ရှိသူများနှင့် ၎င်းတို့၏ ပိုင်ဆိုင်မှုအခွင့်အရေးများအား အသိအမှတ်ပြု အလေးထားဆောင်ရွက်ရမည်။ အဆိုပါတရားဝင်လုပ်ပိုင်ခွင့်ရှိသူများနှင့် ၎င်းတို့၏ ပိုင်ဆိုင်မှုများသည် အခြားသူများ၏ လုပ်ပိုင်ခွင့် အခွင့်အရေးများ ချိုးဖောက်ခြင်းမှ ရှောင်ကျဉ်ရန်နှင့်တရားဝင် (သို့မဟုတ်) တရားမပင် မှတ်သားထားခြင်း၊ ၎င်းတို့၏ လုပ်ပိုင်ခွင့်များ သတ်မှတ်ခြင်း၊ မှတ်သားခြင်းနှင့် အလေးထားဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများအား တာဝန်ယူဆောင်ရွက်သင့်သည်။

(၂) ခြိမ်းခြောက်ခြင်းနှင့် ချိုးဖောက်ခြင်းများအား ဆန့်ကျင်၍ တရားဝင်လုပ်ပိုင်ခွင့် အခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ရမည်။ လုပ်ပိုင်ခွင့်ရရှိသူများအား ၎င်းတို့၏ အခွင့်အရေးများဖြစ်သည့် မိမိနိုင်ငံနှင့် နိုင်ငံတကာဆိုင်ရာ ဥပဒေများအောက်တွင် တည်ရှိနေသော လိုက်နာရမည့်စည်းမျဉ်းများနှင့် ဆန့်ကျင်၍ အဓမ္မနှင်ထုတ်ခြင်းမှ ကာကွယ်သင့်သည်။

(၃) တရားဝင်လုပ်ပိုင်ခွင့်များ၏ အကျိုးခံစားခွင့်ကို အားပေးပံ့ပိုးကူညီမှုများပြုလုပ်ရမည်။ လုပ်ပိုင်ခွင့် အခွင့်အရေးများအား အပြည့်အပနားလည် သဘောပေါက်စေရန် (သို့မဟုတ်) ဝန်ဆောင်မှု လုပ်ငန်းများအားလုံးကို ရရှိမှုသေချာစေရန် ပြုလုပ်ပေးခြင်းကဲ့သို့ လုပ်ပိုင်ခွင့်အား လွှဲပြောင်းခြင်းဆိုင်ရာ အခွင့်အလမ်းများကို တိုးမြှင့်ပေးသော ဆောင်ရွက်ချက်များကို ကြပ်ကြပ်မတ်မတ် လုပ်ဆောင်သင့်သည်။

(၄) တရားဝင် အခွင့်အရေးများအား ချိုးဖောက်ခြင်းအား တရားမျှတမှုရှိအောင် အကဲဖြတ်ခြင်းများ ဆောင်ရွက်ပေးရမည်။ လူသားတစ်ဦးချင်းအတွက် တရားရေးဆိုင်ရာ မျှတသောအာဏာပိုင်

သို့မဟုတ် အခြားနည်းလမ်းများမှတဆင့် ထိထိရောက်ရောက် ဆောင်ရွက်မှုများကို လုပ်ပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုများအပေါ် ဖြေရှင်းပေးရန်၊ လက်ခံလိုက်နာ ဆောင်ရွက်နိုင်သော၊ ချက်ချင်းအကျိုးသက်ရောက်မှုရှိစေသော ပံ့ပိုးမှုများ၊ ရလဒ်များမြန်မြန်ရရှိရေး တတ်နိုင်သမျှ ဆောင်ရွက်ပေးရန် လုပ်ဆောင်ပေးသင့်သည်။ နိုင်ငံတော်အစိုးရသည် ပြည်သူလူထု၏ အကျိုးစီးပွားအတွက် လုပ်ပိုင်ခွင့်များကိုဆောင်ရွက်ရာတွင် လျော်ကြေးပေးခြင်းကဲ့သို့သော ဆောင်ရွက်မှုများအားချက်ချင်းဆောင်ရွက်သင့်သည်။

(၅) လုပ်ပိုင်ခွင့်ဆိုင်ရာငြင်းဆိုချက်များ၊ ပြင်းထန်သော သဘောထားကွဲလွဲချက်များနှင့် အဂတိ လိုက်စားမှုများအား တားဆီးရမည်။ လုပ်ပိုင်ခွင့်ဆိုင်ရာ ငြင်းဆိုမှုများ ပိုမိုကြီးမား ပြင်းထန်သော သဘောထားကွဲလွဲချက်များ ဖြစ်ပေါ်ခြင်းမှ တားဆီးနိုင်ရန် ဆောင်ရွက်မှုများ ပြုလုပ်သင့်သည်။ မည်သည့်ပုံစံ၊ အခြေအနေနှင့် အဆင့်အတန်းဖြင့်မဆို ဖြစ်နိုင်သော အဂတိလိုက်စားမှုများအား တားဆီးနိုင်ရန် ကြိုးစားအားထုတ်သင့်သည်။

၃. ၂။ စီးပွားရေးလုပ်ငန်းရှင်များအပါအဝင် အစိုးရမဟုတ်သော ဆောင်ရွက်သူများသည် လူ့အခွင့်အရေးနှင့် တရားမျှတသော ပိုင်ဆိုင်မှုအခွင့်အရေးများအား လေးစားစွာဆောင်ရွက်ရန် တာဝန်ရှိသည်။ စီးပွားရေးလုပ်ငန်းဌာနများသည်လည်း အခြားလူများ၏ လူ့အခွင့်အရေးနှင့် တရားဝင်လုပ်ပိုင်ခွင့် အခွင့်အရေးများ ချိုးဖောက်မှုများကို ရှောင်ရှားနိုင်ရန် ဆောင်ရွက်သင့်ပေသည်။ ထိုသို့ဆောင်ရွက်ရာတွင် လူ့အခွင့်အရေးနှင့် တရားဝင်လုပ်ပိုင်ခွင့်များပေါ်တွင် မကောင်းသော အကျိုးသက်ရောက်မှုများကို သိရှိနိုင်ရန်နှင့် တားဆီးရန် သင့်တော်သော နည်းလမ်းများအတွက် စီမံခန့်ခွဲမှုစနစ်များ ပါပင်သင့်သည်။ စီးပွားရေးလုပ်ငန်းဌာနများသည် တရားမဝင်သော လုပ်ထုံးလုပ်နည်းများကို ဖြေရှင်းရာတွင် နစ်နာမှုမကျေနပ်ချက်များအား ထိရောက်စွာ စီမံလုပ်ဆောင်ပေးမှုများ၊ သင့်တော်သောနေရာ၊ ၎င်းတို့ဖြစ်ပေါ်သောနေရာ (သို့မဟုတ်) တရားဝင်လုပ်ပိုင်ခွင့်နှင့် လူ့အခွင့်အရေးများပေါ်တွင် ဆိုးရွားသော အကျိုးသက်ရောက်မှု အခြေအနေများကို ကောင်းမွန်စေရန်အတွက် ထောက်ပံ့မှုများ ဆောင်ရွက်ပေးသင့်သည်။ စီးပွားရေးလုပ်ငန်းဌာနများသည် ၎င်းတို့ပါပင် ဆောင်ရွက်နေသော လူ့အခွင့်အရေးနှင့် တရားဥပဒေဆိုင်ရာ လုပ်ပိုင်ခွင့်များတွင် အမှန်တကယ် (သို့မဟုတ်) နောင်တွင်ဖြစ်ပေါ်လာနိုင်သော အခြေအနေများကို ခွဲခြားသတ်မှတ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရပေမည်။ အစိုးရသည် ၎င်းတို့၏ နိုင်ငံတကာနှင့်ဆိုင်သော တာပန်ပတ္တရားများအရ စီးပွားရေးလုပ်ငန်းများကြောင့် ဖြစ်ပေါ်သော လူ့အခွင့်အရေးနှင့် တရားပင်လုပ်ပိုင်ခွင့်များပေါ်တွင် အပျက်သဘောဆောင်သော အကျိုးရလဒ်များကို ထိရောက်သော တရားဥပဒေဆိုင်ရာ နည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်သင့် သည်။ အခြားနိုင်ငံများနှင့် ပူးတွဲဆောင်ရွက်သောလုပ်ငန်းများ ပါဝင်ပါက ၎င်းဒေသခံနိုင်ငံများ၏ အစိုးရသည် နှစ်ဦးနှစ်ဖက်ပူးပေါင်းကူညီဆောင်ရွက်ရမည့် အခန်းကဏ္ဍများတွင် ပါဝင်ဆောင်ရွက်ပေးသည့်အပြင် ၎င်းဒေသခံနိုင်ငံများ၏ အစိုးရသည် စီးပွားရေးလုပ်ငန်းများအနေဖြင့် လူ့အခွင့်အရေးနှင့်တရားဝင် လုပ်ပိုင်ခွင့်များပေါ်တွင် မဟုတ်မမှန် လုပ်ကိုင်ခြင်းများ မရှိအောင် ဆောင်ရွက်ပေးရမည်။ အစိုးရသည် လူ့အခွင့်အရေးနှင့် တရားဝင်လုပ်ပိုင်ခွင့်များပေါ်တွင် စီးပွားရေးလုပ်ငန်းများ၏ မဟုတ်မမှန်လုပ်ကိုင်ခြင်းများအား ဆန့်ကျင်ကာကွယ်နိုင်ရန် ထပ်ဆင့်တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး ၎င်းလုပ်ငန်းများသည် အစိုးရ၏ ထိန်းချုပ်မှုအောက်တွင် (သို့မဟုတ်) ပိုင်ဆိုင်မှုအောက်တွင်သာ ရှိရပေမည် (သို့မဟုတ်) အစိုးရထံမှ ခိုင်မာသော ထောက်ပံ့မှုနှင့် ဝန်ဆောင်မှုရရှိသည့် အစိုးရအဖွဲ့အစည်းများ ဖြစ်ရမည်။

## ၃(ခ)။ အကောင်အထည်ဖော်ဆောင်မှု၏ အခြေခံအချက်များ

အကောင်အထည်ဖော်ဆောင်မှု၏ အခြေခံအချက်များသည် သင့်တော်သောမြေယာ၊ သားငါးနှင့် သစ်တောလုပ်ပိုင်ခွင့်များအား စီမံခန့်ခွဲခြင်းတွင် ပါဝင်သော အဓိကအချက်ဖြစ်သည်။

(၁) **လူ့ဂုဏ်သိက္ခာ**။ လူသားတိုင်း၏ မွေးရာပါဂုဏ်သိက္ခာ၊ တစ်ဦးချင်းစီ၏ လွှဲပြောင်း၍မရသော လူ့အခွင့်အရေးတန်းတူ ရရှိမှုများကို အသိအမှတ်ပြုရမည်။

(၂) **လူတန်းစားမခွဲခြားခြင်း**။ ဥပဒေနှင့် မူဝါဒများတွင်သာမက အမှန်တကယ်လက်တွေ့ ကျင့်သုံးမှုများတွင် မည်သူ့မျှလူတန်းစားခွဲခြားမှုကို မပြုလုပ်သင့်ပါ။

(၃) **သာတူညီမျှမှုနှင့် တရားမျှတမှု။** လူသားအချင်းချင်း သာတူညီမျှမှုရရှိစေခြင်း၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှုနှင့် လုပ်ပိုင်ခွင့်အာဏာများဝါဝင်သော အပြုသဘောဆောင်သော လုပ်ငန်းများ၊ ကျား/မ၊ လူငယ်၊ ဆင်းရဲနွမ်းပါးသူများနှင့် နယ်စွန်နယ်ဖျားရှိ ရှေးရိုးစွဲ ပြည်သူများ အားလုံးအတွက် သာတူညီမျှမှုရှိသော မြေယာ၊ သားငါးနှင့် သစ်တော ပိုင်ဆိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်ကို မြှင့်တင်ရန် ဤကဲ့သို့သော တစ်မျိုးသားလုံးနှင့် သက်ဆိုင်သော ကိစ္စရပ်များတွင် ပါဝင်စေပြီး အသိအမှတ်ပြု ရမည်။

(၄) **ကျား/မတန်းတူအခွင့်အရေးရရှိခြင်း။** လိုအပ်သောအချိန်တွင် တရားဝင်သည်ဖြစ်စေ မဝင်သည်ဖြစ်စေ သတ်မှတ်ထားသည့် ဆောင်ရွက်မှုများတွင် လူ့အခွင့်အရေးဆိုင်ရာ အကျိုး ခံစားမှုများကို ကျား/မခွဲခြားမှု မရှိဘဲ တန်းတူရည်တူရရှိစေရမည်။ နိုင်ငံတော်အစိုးရသည် အမျိုးသမီး အားလုံးအား အိမ်ထောင်ရှိခြင်း၊ မရှိခြင်းနှင့် မသက်ဆိုင်ဘဲ မြေယာ၊ သားငါးနှင့် သစ်တော လုပ်ပိုင်ခွင့် တန်းတူအခွင့်အရေး ရရှိစေရမည်။

(၅) **အားလုံးပါဝင်သည့် ရေရှည်တည်တံ့သော နည်းလမ်း။** သဘာဝအရင်းမြစ်နှင့် ၎င်းတို့၏ အသုံးပင်မှုသည် အပြန်အလှန်ဆက်စပ်မှုရှိပြီး၊ စီမံခန့်ခွဲခွင့်ရှိသူများမှ ရေရှည်တည်တံ့သော နည်းလမ်းတွင် ပူးပေါင်းပါဝင်ပြီး လက်ခံကျင့်သုံးခြင်းကို အသိအမှတ်ပြုရမည်။

(၆) **အကြံပေးခြင်းနှင့် ဝါပင်ဆောင်ရွက်ခြင်း။** တရားပင်လုပ်ပိုင်ခွင့်ရှိသူများသည် အထောက် အပံ့များရှာဖွေပြီး ၎င်းတို့၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကို ဆုံးဖြတ်ချက်မချမီနှင့် ဆုံးဖြတ် ချက်ချသောအခါတွင် အကျိုးသက်ရောက်မှုရှိစေရမည့်အပြင် အဖွဲ့အစည်းများအတွင်း လက်ရှိ အခွင့်အာဏာမညီမျှခြင်းများကို ထည့်သွင်းစဉ်းစားခြင်း၊ တက်ကြွမှုရှိသော၊ လွတ်လပ်သော၊ အကျိုးသက်ရောက်မှုရှိသော၊ အဓိပ္ပာယ်ရှိသော ပူးပေါင်းဆောင်ရွက်မှုတို့ကို မှန်ကန်စေခြင်းနှင့် ဆုံးဖြတ်ချက်များပြုလုပ်ဆောင်ရွက်ရာတွင် ပါဝင်သည့် လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် အုပ်စုများသို့ သတင်းပေးခြင်းတို့ကို ပြုလုပ်ရမည်။

(၇) **တရားဥပဒေစိုးမိုးမှု။** ဥပဒေများကို လူအများနားလည်နိုင်သည့် ဘာသာစကားဖြင့် ဖော်ပြပြီး၊ အားလုံးအတွက် သက်ဆိုင်မှုရှိကာ တူညီသောအကျိုးသက်ရောက်မှု ရှိစေသည့်အပြင် လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ရှိရမည်။ ထို့အပြင် ဥပဒေများသည် နိုင်ငံအတွင်းနှင့် နိုင်ငံတကာမှ ချမှတ်ထားသော လက်ရှိဥပဒေများနှင့်လည်း ကိုက်ညီမှုရှိရမည့်အပြင် ဒေသဆိုင်ရာနှင့် အပြည်ပြည် ဆိုင်ရာနိုင်ငံတကာမှ တာဝန်သိစိတ်နှင့် ချမှတ်ထားသော အခြေခံစည်းမျဉ်းနှင့် ကိုက်ညီမှုရှိရမည်။

(၈) **ပွင့်လင်းမြင်သာမှုရှိခြင်း။** မူဝါဒများ၊ ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုပြီး ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြလျက် လူအများသိနိုင်သည့် ဘာသာစကားဖြင့် ဖော်ပြထားပြီး၊ လူအများမှလက်ခံနိုင်သော ပုံစံဖြစ်ပြီး ဆုံးဖြတ်ချက်များကို လူအများ နားလည် သည့် ဘာသာစကားဖြင့် လွယ်ကူရှင်းလင်းစွာ ဆောင်ရွက်ရမည်။

(၉) **တာဝန်ခံမှု။** တရားဥပဒေစိုးမိုးရေးတွင် ချမှတ်ထားသော စည်းမျဉ်းဥပဒေအရ လုပ်ဆောင် ချက်များနှင့် ဆုံးဖြတ်ချက်များတွင် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းစီ၊ လူထုအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ယူဆောင်ရွက်ရမည်။

(၁၀) **စဉ်ဆက်မပြတ်တိုးတက်မှု။** နိုင်ငံတော်အစိုးရသည် ခိုင်မာသော အစီအစဉ်များ ဖြစ်ပေါ် လာရေးနှင့် စဉ်ဆက်မပြတ်တိုးတက်မှုရရှိစေရေးအတွက် လုပ်ပိုင်ခွင့်အား စီမံခန့်ခွဲခြင်းကို ပိုင်းခြားစိစစ်ခြင်းနှင့် စဉ်ဆက်မပြတ်လေ့လာ အကဲဖြတ်ရသည့် လုပ်ငန်းစဉ်များအား ဖွံ့ဖြိုး တိုးတက်အောင် ပြုလုပ်သင့်သည်။

## ၄။ လုပ်ပိုင်ခွင့်နှင့် သက်ဆိုင်သော အခွင့်အရေးနှင့် လုပ်ငန်းတာဝန်များ

၄.၁။ နိုင်ငံတော်အစိုးရသည် မှန်ကန်တိကျသော လုပ်ပိုင်ခွင့်အား စီမံခန့်ခွဲခြင်းများကို ဂရုတစိုက်ဆောင်ရွက်ရမည်။ အဘယ်ကြောင့်ဆိုသော် မြေယာ၊ သားငါးနှင့်သစ်တောသည် လူ့အခွင့်အရေးဆိုင်ရာ မြစ်ထွန်းမှု၊ လုံလောက်သောစားနပ်ရိက္ခာရရှိရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ တည်ငြိမ်သော လူနေမှုဘဝရရှိရေး၊ လူမှုရေးဆိုင်ရာ တည်ငြိမ်ရေး၊ နေထိုင်စရာအိမ်များ စိတ်ချလုံခြုံရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဓိကကျပါသည်။

၄.၂။ နိုင်ငံတော်အစိုးရသည် မြေယာပိုင်ဆိုင်ခွင့်နှင့် ပတ်သက်သည့် လုပ်ဆောင်မှုများ အားလုံးကို မှန်မှန်ကန်ကန် ဆောင်ရွက်ရမည်။ ၎င်း၏ လုပ်ပိုင်ခွင့်အား စီမံခန့်ခွဲခြင်းသည် လက်ရှိဒေသအတွင်းနှင့် နိုင်ငံတကာ နည်းဥပဒေများအောက်ရှိ လုပ်ဆောင်ချက်များနှင့်လည်းကောင်း၊ နိုင်ငံတွင်းနှင့် နိုင်ငံတကာမှ ကျင့်သုံးလျက်ရှိသော ဥပဒေစည်းမျဉ်းများနှင့်လည်းကောင်း ညှိနှိုင်းကိုက်ညီ သင့်သည်။

၄.၃။ ပုဂ္ဂလိက လုပ်ငန်းများအပါအဝင် အသင်းအဖွဲ့များအားလုံးသည် အကြွင်းမဲ့လုပ်ပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးမရှိကြောင်းကို သိထားရမည်။ လုပ်ပိုင်ခွင့်အားလုံးသည် အခြားသော အခွင့်အရေးများနှင့် နိုင်ငံတော်မှ ပြည်သူ့အကျိုးစီးပွားအတွက် ရည်ရွယ်၍ လုပ်ဆောင်သော နည်းလမ်းများဖြင့် ကန့်သတ်ထားသည်။ ဤလုပ်ဆောင်ချက်များသည် ဥပဒေဖြင့် သတ်မှတ်ရမည်ဖြစ်ပြီး ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းမှုများပါဝင်သော လူမှုဘဝဖူလုံရေးကို မြှင့်တင်ရန်အတွက် လက်ရှိ နိုင်ငံတော်မှ ချမှတ်ထားသော စည်းမျဉ်းများနှင့် ကိုက်ညီစေရမည်။ လုပ်ပိုင်ခွင့်သည် တာပန်များဖြင့် ဟန်ချက်ညီရမည်။ လုပ်ဆောင်မှုအားလုံးသည် မြေယာ၊ သားငါးနှင့် သစ်တောများ ရေရှည်တည်တံ့ရေးနှင့် ရေရှည်ကာကွယ်ထိန်းသိစ်းရေးအတွက် အလေးထားသင့်သည်။

၄.၄။ အမျိုးသားရေးဆိုင်ရာဥပဒေများမှ လုပ်ပိုင်ခွင့်များကို စူးစမ်းလေ့လာခြင်းပေါ် အခြေခံ၍ အစိုးရသည် လက်ရှိဥပဒေအရ ကာကွယ်မှုမပြုသော လုပ်ပိုင်ခွင့်များကို ဥပဒေဆိုင်ရာ အဖွဲ့အစည်းများနှင့် တရားပင်အသိအမှတ်ပြုနိုင်သည်။ မူပါဒများနှင့် ဥပဒေများသည် လူတန်းစားခွဲခြားခြင်းနှင့် ကျားမခွဲခြားခြင်း မရှိသင့်ပါ။ ညှိနှိုင်းဆွေးနွေးခြင်းနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းတို့တွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ချမှတ်ထားသောလမ်းညွှန်ချက်များကို အစိုးရသည် ကျယ်ပြန့်သော လူထုစည်းမျဉ်း စည်းကမ်းများနှင့်အညီ လုပ်ဆောင်ခွင့် အမျိုးမျိုးကို တရားဝင်ထည့်သွင်းစဉ်းစားခြင်းဖြင့် ချမှတ်သင့်သည်။ လုပ်ပိုင်ခွင့် ပုံစံအမျိုးမျိုးသည်လက်ရှိ နိုင်ငံတွင်းနှင့် နိုင်ငံတကာမှလက်ခံကျင့်သုံးနေသော ဥပဒေများရှိ စည်းမျဉ်းများနှင့် မကိုက်ညီသော၊ ခြိမ်းခြောက်မှုနှင့် နှောင့်ယှက်မှုများကို ဆန့်ကျင်သော၊ အဓမ္မသိမ်းယူခြင်းကို ကာကွယ်သော တရားဝင်အာမခံမှုရှိသည့် လုပ်ပိုင်ခွင့်လုံခြုံမှုအဆင့်အမျိုးမျိုးဖြင့် ပြည်သူအားလုံးအတွက် တရားမျှတမှုရှိစေရမည်။

၄.၅။ နိုင်ငံတော်အစိုးရသည် ချမှတ်ထားသော တရားပင်လုပ်ပိုင်ခွင့်များကို ကာကွယ်သင့်သည့်အပြင် ပြည်သူများ၏ တရားဝင်လုပ်ပိုင်ခွင့်များကို တစ်ဖက်သက်သိမ်းပိုက်ခြင်း၊ ရပ်စဲခြင်းနှင့် ချိုးဖောက်ကျူးလွန်ခြင်း မခံရစေအောင် ကာကွယ်ပေးသင့်သည်။

၄.၆။ နိုင်ငံတော်အစိုးရသည် အိမ်ထောင်ရေးအခြေအနေပြောင်းလဲခြင်း၊ တရားဝင်ရာထူးမရှိခြင်းနှင့် စီးပွားရေးဆိုင်ရာ အရင်းအမြစ်များ ပိုင်ဆိုင်မှုမရှိခြင်းတို့မှ ရရှိသော ရလဒ်များပါဝင်သည့် လုပ်ပိုင်ခွင့်များဆိုင်ရာ ခွဲခြားမှုပုံစံအမျိုးမျိုးကို ဖယ်ရှားတားဆီးပေးသင့်သည်။ အစိုးရသည် ဓလေ့ထုံးတမ်းအရ အမွေဆက်ဆံခွင့်နှင့် တရားဥပဒေအရ အမွေဆက်ခံခွင့်များကို အမျိုးသား၊ အမျိုးသမီးများအတွက် သာတူညီမျှမှုရှိသည့် လုပ်ပိုင်ခွင့်များအား သေချာစွာ သတ်မှတ်ပေးသင့်သည်။ ထိုလုပ်ဆောင်ချက်များသည် လက်ရှိဒေသအတွင်းနှင့် နိုင်ငံတကာနည်းဥပဒေများအရ ဆောင်ရွက်ချက်များနှင့် နိုင်ငံတွင်းနှင့် နိုင်ငံတကာမှ ကျင့်သုံးနေသော ဥပဒေစည်းမျဉ်းများနှင့် ကိုက်ညီသင့်သည်။

၄.၇။ နိုင်ငံတော်အစိုးရသည့် ပြည်သူတို့၏ လုပ်ပိုင်ခွင့်များကို ထိခိုက်နိုင်သည့် လုပ်ငန်းများတွင် ပူးပေါင်း ပါဝင်ဖြေရှင်းခြင်း (သို့မဟုတ်) တရားရေးဆိုင်ရာ အာဏာရှိသူများနှင့် အကောင်

အထည်ဖော်သော အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များမှတဆင့် အကျိုးအမြတ်ရရှိအောင် ပြုလုပ်ခြင်း၊ ကိုယ်ပိုင်မစွမ်းဆောင်နိုင်သော လူပုဂ္ဂိုလ်များအတွက် ရေရှည်တည်တံ့သော လုပ်ပိုင်ခွင့်များရရှိရန် ထောက်ပံ့ပေးခြင်းနှင့်စပ်လျဉ်းသည့် ကျား/မ မခွဲခြားခြင်းနှင့် လူတန်းစား မခွဲခြားခြင်းတို့ကို ထည့်သွင်းစဉ်းစားသင့်သည်။

၄. ၈။ နိုင်ငံတော်အစိုးရအနေဖြင့် လွတ်လပ်၍မခွဲခြားနိုင်သော တစ်ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးများအရ မြေယာ၊ သားငါးလုပ်ငန်းနှင့်သစ်တောများ၏ စီမံခန့်ခွဲပိုင်ခွင့်များအား အရပ်သား၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ လုပ်ပိုင်ခွင့် အားလုံးသာမက မြေယာ၊ သားငါးလုပ်ငန်း၊ သစ်တောများ အသုံးချခြင်းနှင့် တိုက်ရိုက်ဆက်နွယ်မှုရှိသော လုပ်ပိုင်ခွင့်များကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။ ကျေးရွာအလုပ်သမားများ၊ ကျေးလက်နေပြည်သူများ၊ တံငါသည်များ၊ ဒေသခံတိုင်းရင်းသားများ၊ တောင်သူလယ်သမားများ၏ အခွင့်အရေးများကို ကာကွယ်သူများ၏ အရပ်သားနှင့် နိုင်ငံသားဆိုင်ရာ လုပ်ပိုင်ခွင့်များကို အလေးထား ကာကွယ်သင့်ပြီး မြေယာ၊ သားငါး၊ သစ်တောကာကွယ်ခြင်းများ လုပ်ဆောင်သည့် အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် လူ့အခွင့်အရေးများကို စောင့်ကြည့်သင့်သည်။

၄. ၉။ နိုင်ငံတော်အစိုးရသည် မြေယာပိုင်ဆိုင်မှုပေါ်တွင် ဖြစ်ပေါ်နေသော အငြင်းပွားမှုများကို ပြန်လည်ဖြေရှင်းနိုင်သည့် နည်းလမ်းအမျိုးမျိုးနှင့် အကျိုးရှိသောနည်းလမ်းများ၊ အဖွဲ့အစည်းများ၏ အုပ်ချုပ်မှု၊ တရားရေးဆိုင်ရာ ကျွမ်းကျင်မှုနှင့် သမာသမတ်ကျမှုရှိသည့် အခွင့်အရေးများကို ထောက်ပံ့သင့်ပြီး သင့်တော်သလို အယူခံဝင်နိုင်သည့် အခွင့်အရေးများပါဝင်သော ဖြေရှင်းမှုနည်းလမ်းများကိုလည်း ပံ့ပိုးသင့်သည်။ ထိုဖြေရှင်းမှုနည်းလမ်းများကိုလည်း ချက်ချင်းပြဋ္ဌာန်းသင့်ပြီး စစ်လျော်ကြေး၊ နစ်နာကြေး၊ လျော်ကြေးများ၊ ပြန်လည်နေရာချထားခြင်းများ ပါပင်သင့်သည်။ စာပိုဒ် (၆. ၆ နှင့် ၂၂. ၆) အရ နိုင်ငံတော်အစိုးရသည် ထိုဖြေရှင်းမှု နည်းလမ်းများကို နယ်စပ်ဒေသရှိဆင်းရဲသော ပြည်သူများ ရရှိစေရေးအတွက် ပိုမြင်အောင် ကြိုးပမ်းသင့်သည်။

၄. ၁၀။ နိုင်ငံတော်အစိုးရသည် လုပ်ပိုင်ခွင့်အား စီမံခန့်ခွဲခြင်းလုပ်ငန်းစဉ်တွင် မြေယာ၊ သားငါးနှင့် သစ်တော အသုံးပြုသူများ၏ အပြည့်အဝ ပါပင်မှုကို ကြိုဆိုပံ့ပိုးပေးရန်နှင့် မူဝါဒနှင့် ဥပဒေများ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ခြင်း၊ ပိုင်ဆိုင်မှုနှင့် ပတ်သက်သော ဆုံးဖြတ်ချက်များ ချမှတ်ခြင်းလုပ်ငန်းရပ်များကို အစိုးရနှင့် အစိုးရမဟုတ်သော ဆောင်ရွက်သူများမှ နိုင်ငံတော် ဥပဒေနှင့်တရားရေးဆိုင်ရာ ကိစ္စရပ်များနှင့် လိုက်လျောညီထွေစွာ ပါဝင်ဆောင်ရွက်စေရမည်။

## ၅။ လုပ်ပိုင်ခွင့်များနှင့် ပတ်သက်သော မူဝါဒ၊ တရားဥပဒေနှင့် အဖွဲ့အစည်းများ၏ မူဘောင်များ

၅. ၁။ နိုင်ငံတော်အစိုးရသည် မြေယာ၊ သားငါး၊ သစ်တောဆိုင်ရာ လုပ်ပိုင်ခွင့်အား စီမံခန့်ခွဲခြင်း တာပန်များကို တွန်းအားပေးဆောင်ရွက်နိုင်ရန် လုပ်ပိုင်ခွင့်များနှင့် ပတ်သက်သော မူဝါဒ၊ တရားဥပဒေနှင့် အဖွဲ့အစည်းများ၏ မူဘောင်များအား ထိန်းသိမ်းဆောင်ရွက်သင့်သည်။ ယင်းမူဘောင်များသည် တရားဝင်စနစ်ဖြစ်စေရန်မှာ သင့်တော်သော ပြုပြင်ပြောင်းလဲမှုများ၊ ပြည်သူ့ဝန်ထမ်းများနှင့် အာဏာပိုင်အဖွဲ့အစည်းများ၏ ပံ့ပိုးမှုများပေါ်တွင် မူတည်ပါသည်။

၅. ၂။ အစိုးရသည် လုပ်ပိုင်ခွင့်အား စီရင်အုပ်ချုပ်ခြင်းအတွက် မူဝါဒ၊ တရားဥပဒေနှင့် အဖွဲ့အစည်းများ၏ မူဘောင်များကို တည်ဆဲပြည်တွင်း၊ နိုင်ငံတကာနှင့်ဆိုင်သော ဥပဒေများနှင့် ကိုက်ညီအောင်

ဒေသတွင်းနှင့်အပြည်ပြည်ဆိုင်ရာ နည်းဥပဒေများတွင် ဆောင်ရွက်လျက်ရှိသော နည်းလမ်းများကို ကျောထောက်နောက်ခံပြု၍ ဆောင်ရွက်သင့်သည်။

၅. ၃။ နိုင်ငံတော်အစိုးရအနေဖြင့် လုပ်ပိုင်ခွင့်အား စီမံခန့်ခွဲနိုင်ရန်ချမှတ်ထားသည့် မူဝါဒ၊ တရားဥပဒေနှင့် အဖွဲ့အစည်းများ၏ မူဘောင်များသည် ပြည်တွင်းတည်ဆဲဥပဒေအရ ကာကွယ်မထားသည့် ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ပိုင်ခွင့်ပါပင်သော တရားဝင်ပိုင်ဆိုင်ခွင့် ဥပဒေများနှင့်အညီ အဆင်ပြေစေရန် တွန်းအားပေး၍ ကာကွယ်ပေးမှုများ ဆောင်ရွက်ရမည်။ မူဘောင်များသည် လူမှုရေး၊ စီးပွားရေး၊ ယဥ်ကျေးမှုနှင့် မြေယာ၊ သားငါး၊ သစ်တောဆိုင်ရာ ပတ်ဝန်းကျင် အခြေအနေများနှင့် ထင်ဟပ်စေသင့်သည်။ အစိုးရသည် လူတန်းစားမခွဲခြားပဲ လူမှုရေး သာတူညီမျှ၊ ကျား/မ တန်းတူအခွင့်အရေးတို့ကို တိုးမြှင့်စေသော မူဘောင်များကို ဖော်ဆောင်သင့်သည်။ မူဘောင်များသည် မြေယာ၊ သားငါး၊ သစ်တောနှင့် ၎င်းတို့၏ အသုံးပြုမှုများ အချင်းချင်း ချိတ်ဆက် ဆောင်ရွက်မှုများအား ထင်ဟပ်စေသင့်ပြီး ၎င်းတို့၏ စီမံခန့်ခွဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအား ဖြစ်ပေါ်လာစေရန် ဖော်ဆောင်သင့်သည်။

၅. ၄။ နိုင်ငံတော်အစိုးရသည် လုပ်ပိုင်ခွင့်များတွင် အမျိုးသမီးများနှင့် မိန်းမငယ်များ ရင်ဆိုင်နေရသော တစ်ဦးချင်း ပြဿနာများအား အလေးထား၍ ထည့်သွင်းစဉ်းစားရပေမည်။ ထို့အပြင် အမျိုးသမီးများ၏ လုပ်ပိုင်ခွင့်များကို အသိမှတ်ပြုပြီး ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိသည့် ဥပဒေနှင့် မူပါဒဆိုင်ရာ ဖွဲ့စည်းပုံများသည် အမျိုးသမီးများအတွက် လုံလောက်သော ကာကွယ်မှုပေးနိုင်ရန် သေချာစေရမည်။ အစိုးရသည် လုပ်ပိုင်ခွင့်နှင့်ဆိုင်သော တရားဝင်ဆောင်ရွက်နိုင်ခွင့်များတွင် အမျိုးသမီးများအနေဖြင့် အမျိုးသားများနှင့် တန်းတူအခွင့်အရေးရရှိနိုင်စေရေး သေချာအောင် ဆောင်ရွက်သင့်သည့်အပြင် ၎င်းတို့၏ လုပ်ပိုင်ခွင့်နှင့် ပတ်သက်၍ ကာကွယ်ပေးနိုင်ရန်အတွက် အမျိုးသမီးများကို အကူအညီပေးသင့်သည်။

၅. ၅။ နိုင်ငံတော်အစိုးရသည် သင့်တော်သော မူဝါဒများ၊ ဥဝဒေများနှင့် လုပ်ထုံးလုပ်နည်းများကို မူလကပင် ကျား/မ နှစ်မျိုးလုံးပါဝင်သော၊ သက်ဆိုင်ရာသက်ရောက်မှုကို ခံစားရသော အဖွဲ့အစည်းများ၏ ပူးပေါင်းမဆောင်ရွက်မှုလုပ်ငန်းများမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်သင့်သည်။ ၎င်းမူဝါဒများ၊ ဥပဒေများနှင့် လုပ်ငန်းဆောင်ရွက်မှု လုပ်ထုံးလုပ်နည်းများသည် လုပ်နိုင်စွမ်းရှိမှုပေါ်တွင် မူတည်၍သာ ဆောင်ရွက်သင့်သည်။ ၎င်းတို့သည် ကျား/မ ခွဲခြားရေးနှင့် ပတ်သက်၍ ဆောင်ရွက်ပုံနည်းလမ်းများ ထည့်သွင်း၍ လူတိုင်းနားလည်သော သာသာစကားဖြင့် ရှင်းလင်းစွာ ဖော်ပြပြီး အများပြည်သူ သိရှိစေရမည်။

၅. ၆။ နိုင်ငံတော်အစိုးရသည် ပြည်သူလူထုထံသို့ ဝန်ဆောင်မှုများကို ထိရောက်စွာ ဖြန့်ဝေပေးနိုင်ရန်အတွက် အစိုးရအဆင့်ဆင့်မှ တာပန်ယူမှုများ ရှိသင့်ပါသည်။ အစိုးရသည် မြေယာ၊ သားငါးနှင့် သစ်တော လုပ်ပိုင်ခွင့်များနှင့် သက်ဆိုင်သော အဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့် တာဝန်များကို ရှင်းလင်းစွာ ဖော်ပြသင့်သည်။ အစိုးရသည် အကောင်အထည်ဖော် ဆောင်ရွက်မည့် အဖွဲ့အစည်းများ၊ ဒေသအုပ်ချုပ်သူများ၊ ဒေသခံပြည်သူများနှင့် အခြားဒေသခံ ပြည်သူအစုအဖွဲ့များ ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ပိုင်ခွင့်စနစ်များ သေချာစွာ ပူးပေါင်းပါဝင် ဆောင်ရွက်စေသင့်သည်။

၅. ၇။ နိုင်ငံတော်အစိုးရသည် သင့်လျော်သော မူဝါဒများ၊ တရားပင် အဖွဲ့အစည်းများ၏ မူဘောင်များအတွင်း အရပ်ဘက်ဆိုင်ရာ လူ့အဖွဲ့အစည်း၊ ပုဂ္ဂလိက ကဏ္ဍနှင့် ပညာတတ်အသိုင်းအဝိုင်းများ၏ ပါဝင်ဆောင်ရွက်မှုဖြင့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လူအများနှင့်သက်ဆိုင်သော အခွင့်အလမ်းများကို သတ်မှတ်သင့်သည်။

၅. ၈။ နိုင်ငံတော်အစိုးရနှင့် အခြားသော အဖွဲ့အစည်းများသည့် မူဝါဒများ၊ စည်းမျဉ်းများ၊ အခြေခံဖွဲ့စည်းပုံများနှင့် ၎င်းတို့၏ထိရောက်စွာ ဆောင်ရွက်နိုင်မှုကို ထိန်းသိမ်းထားရန်အတွက် ပုံမှန်စောင့်ကြည့် အကဲဖြတ်သင့်သည်။ အကောင်အထည်ဖော်ဆောင်သော အဖွဲ့အစည်းများနှင့် အာဏာပိုင်အဖွဲ့အစည်းများအနေဖြင့် အရပ်ဘက် လူ့အဖွဲ့အစည်း၊ အသုံးပြုသူ ကိုယ်စားလှယ်များနှင့် ပူးပေါင်း

ပြီး လုပ်ငန်းဆောင်ရွက်မှုတိုးတက်စေရေးနှင့် လုပ်ငန်းဆောင်ရွက်မှု ဆုံးဖြတ်ရာတွင် အဂတိလိုက်စားမှုများကို ကာကွယ်စေရေးအတွက် ပွင့်လင်းမြင်သာသော ဆုံးဖြတ်ချက်များဖြင့် လုပ်ဆောင်သင့်သည်။ ပြောင်းလဲမှုများဆိုင်ရာ သတင်းအချက်အလက်များနှင့် ၎င်းတို့၏ ကြိုတင်မှန်းဆထားသော အကျိုးသက်ရောက်မှုများကို ရှင်းလင်းစွာ ဖော်ပြပြီး နားလည်လွယ်သော အသုံးအနှုန်းဖြင့် ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန့်သင့်သည်။

၅. ၉။ နိုင်ငံတော်အစိုးရသည် လုပ်ပိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ စည်းမျဉ်းဥပဒေများကို နယ်စပ်ဖြတ်ကျော်မှုဆိုင်ရာ နိုင်ငံရေး၊ တရားဥပဒေပြုရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာရှုထောင့်များ ဆက်စပ်၍ သတ်မှတ်သင့်သည်။ အစိုးရသည် နယ်စပ်ဒေသအခြေအနေများ ပြောင်းလဲသောအခါနှင့် လုပ်ပိုင်ခွင့်များ ပြန်လည်ပြုပြင်ရန် လိုအပ်သောအခါ အမျိုးသားအဆင့်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများတွင် အများသဘောတူညီမှုများ ပါဝင်စေသင့်သည်။

## ၆။ ဝန်ဆောင်မှုများဆောင်ရွက်ခြင်း[2]

၆. ၁။ သယံဇာတအရင်းအနှီးများ၏ ခွင့်ပြုနိုင်သောအနေအထားအရ အစိုးရသည် လက်တွေ့ ဆောင်ရွက်သော အဖွဲ့အစည်းများ၊ အာဏာပိုင်အဖွဲ့အစည်းများတွင်ရှိသော လူသားအရင်းအမြစ်၊ ရုပ်ပိုင်းဆိုင်ရာ၊ ငွေကြေးနှင့် အခြားလုပ်နိုင်စွမ်းရည်များပေါ်တွင် မူတည်၍ မူဝါဒနှင့် ဥပဒေများကို ထိရောက်စွာနှင့် ကျား/မ မခွဲခြားပဲ အချိန်မီ ဖော်ဆောင်နိုင်ရန် တိကျစွာလုပ်ဆောင်ရမည်။ အဖွဲ့အစည်းအဆင့်အမျိုးမျိုးရှိ ဝန်ထမ်းများသည် စဉ်ဆက်မပြတ် လေ့ကျင့်မှုများ ရှိရမည်။ လူသစ်များ ခန့်ထားရာတွင် ကျား/မနှင့် လူမှုရေးသာတူညီမျှမှုရှိစေရန် အခြေခံဆောင်ရွက်သင့်သည်။

၆. ၂။ နိုင်ငံတော်အစိုးရသည် အမျိုးသားအဆင့်နှင့် နိုင်ငံတကာအဆင့် ဥပဒေအောက်တွင် လက်ရှိလိုက်နာဆောင်ရွက်နေသော နည်းဥပဒေများ၊ လက်ရှိကျင့်သုံးနေသော ဒေသဆိုင်ရာနှင့် နိုင်ငံတကာနည်းဥပဒေများလက်အောက်ရှိ တာဝန်ယူဆောင်ရွက်သော အလုပ်များကို ကျော်ထောက်နောက်ခံပြုလျက် လုပ်ပိုင်ခွင့်နှင့် သက်ဆိုင်သော ဝန်ဆောင်မှုများကို သေချာစွာ ဆောင်ရွက်သင့်သည်။

၆. ၃။ နိုင်ငံတော်အစိုးရသည် လုပ်ပိုင်ခွင့်များကို ကာကွယ်ရန်နှင့် ၎င်းမူဝါဒများ ပိုမိုချောမွေ့အဆင်ပြေဖွံ့ဖြိုးလာစေရန်နှင့် သဘောတူညီမှု၊ ငြင်းဆိုမှုများကို ဖြေရှင်းရန်အတွက် လက်ခံနိုင်သော၊ အဆင့်အတန်း မခွဲခြားသော ဝန်ဆောင်မှု၊ ဆောင်ရွက်မှုများကို အဆောတလျင် ချက်ချင်းဆောင်ရွက်ပေးသင့်သည်။ အစိုးရသည် လုပ်ပိုင်ခွင့်နှင့် ဆက်နွယ်သည့် အခက်အခဲများ ကျော်လွှားဖြေရှင်းရန်အတွက် မလိုအပ်သော ဥပဒေများ၊ လုပ်ငန်းဆောင်ရွက်မှုအဆင့်များအား ပယ်ရှားသင့်သည်။ နိုင်ငံတော်အစိုးရသည် အကောင်အထည်ဖော်ဆောင်ရွက်နေသော အဖွဲ့အစည်းများနှင့် အာဏာပိုင်များ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ချက်များကို သေချာစွာ ပြန်လည်စိစစ်ဆုံးဖြတ်သင့်သည်။

၆. ၄။ နိုင်ငံတော်အစိုးရသည် အကောင်အထည်ဖော်ဆောင်ရွက်နေသော အဖွဲ့အစည်းများနှင့် အာဏာပိုင်များက ဝေးလံခေါင်သီဒေသများပါမကျန် ပြည်သူလူထုတစ်ရပ်လုံးအတွက် ဝန်ဆောင်မှုများပေးစေရန် သေချာစေရမည်။ ဝန်ဆောင်မှုများအနေဖြင့် ဒေသနှင့်သင့်လျော်သော နည်းပညာများကို ပိုမိုလက်ခံလာစေရန်နှင့် ပိုမိုကျွမ်းကျင်လာစေရန် ထိရောက်စွာ လေ့ကျင့်ဆောင်ရွက်ပေးရမည်။ ဒေသ ဆိုင်ရာလမ်းညွှန်ချက်များကို ဖော်ထုတ်သင့်သည်။ သို့မှသာ ဝန်ထမ်းများသည် မူပါဒနှင့် ဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ၎င်းတို့နှင့် ကိုက်ညီ၍ ယုံကြည်စိတ်ချရမည်ဖြစ်သည်။ လုပ်ထုံးလုပ်နည်းများသည် ရိုးရှင်း၍ လုပ်ပိုင်ခွင့်နှင့် တရားစီရင်ပိုင်ခွင့်ကို မထိခိုက် စေရပါ။ ၎င်းတို့၏ လုပ်ပိုင်ခွင့်နှင့်တာဝန်များကို ရှင်းလင်းထားသော ဖော်ပြချက်များကို နားလည်လွယ်သော အသုံးအနှုန်းများဖြင့် လူသိရှင်ကြား ဖြန့်ဝေရမည်။

---

[2] အခန်း(၆)သည် အထူးသဖြင့် အခန်း (၁၇ မှ ၂၀) ထိ ရည်ညွှန်းပါသည်။

၆. ၅။ နိုင်ငံတော်အစိုးရသည် လုပ်ပိုင်ခွင့်နှင့် သက်ဆိုင်သောအချက်အလက်များကို နိုင်ငံတော်၊ အကောင်အထည်ဖော်သော အဖွဲ့အစည်းများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် အခြားဒေသခံ ပြည်သူအစုအဖွဲ့များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့် ပညာရှင်များအားလုံး ထိရောက်စွာ အသုံးပြုနိုင်စေရေးအတွက် မူဝါဒများနှင့် ဥပဒေများကို ချမှတ်ရမည်။ အမျိုးသားအဆင့် စံသတ်မှတ်ချက်များကို ဒေသတွင်းနှင့် နိုင်ငံတကာစံသတ်မှတ်ချက်များပေါ် မူတည်၍ သတင်းအချက်အလက်များအား မျှဝေသုံးစွဲနိုင်ရန် စီစဉ်ဆောင်ရွက်ပေးရမည်။

၆. ၆။ နိုင်ငံတော်အစိုးရနှင့် အခြားအဖွဲ့အစည်းများသည် တရားစီရင်ရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာ မသက်ရောက်နိုင်သော ဝေးလံခေါင်သီသောဒေသများရှိ အားနည်းသော ပြည်သူအစု အဖွဲ့များကို ပါ ထောက်ပံ့ပေးနိုင်ရန် သီးသန့်ဖြည့်စွက်ထားသော စီမံချက်များကို ထည့်သွင်း စဉ်းစားသင့်သည်။ ထိုစီမံချက်များတွင် အမှန်ဆောင်ရွက်ပေးနိုင်မည့် တရားဝင်ကူညီမှုများ၊ ကြိုတင် သတ်မှတ်ပြဌာန်းထားသော ဝန်ဆောင်မှုများပါဝင်သော ဥပဒေဆိုင်ရာပံ့ပိုးမှုများအပြင် ဝေးလံသောဒေသများရှိ ရွှေ့ပြောင်းနေထိုင်သော ဒေသခံပြည်သူအစုအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများအတွက်နေရာ အလိုက်ရွှေ့ပြောင်းနိုင်သောဝန်ဆောင်မှုများ ပါဝင်သင့်ပါသည်။

၆. ၇။ နိုင်ငံတော်အစိုးရများသည် အကောင်အထည်ဖော်ဆောင်သော အဖွဲ့အစည်းများနှင့် အာဏာပိုင်အဖွဲ့အစည်းများအား ဓလေ့ထုံးတမ်းယဉ်ကျေးမှုကို အခြေခံသောဝန်ဆောင်မှုများနှင့် လူ့ကျင့်ဝတ်နှင့် ကိုက်ညီသောအပြုအမူများကို ပိုမိုကျင့်သုံးစေရန် အားပေးမြှင့်တင်ရမည်။ လုပ်ငန်းဆောင်ရွက်မှုပိုင်းဆိုင်ရာ အခြေခံကောင်းသည့် အဖွဲ့အစည်းများ ဖြစ်စေရေးကိုလည်း အားပေးဆောင်ရွက်သင့်သည်။ ထိုအဖွဲ့အစည်းများသည် ရည်မှန်းချက်များပြည့်မီရန်နှင့် လိုအပ်ချက်အသစ်များကို ပြည့်ပစေရန် ဆောင်ရွက်ရာတွင် စစ်တမ်းများ ကောက်ယူခြင်း၊ ဦးတည်အုပ်စုများထားရှိခြင်း၊ လုပ်ငန်းပိုင်းဆိုင်ရာ အရည်အသွေးနှင့် အဆင့်အတန်းများ ပြင့်မားစေရေး ဆောင်ရွက်ခြင်းအားဖြင့် ပုံမှန်တုံ့ပြန်မှုများရရှိရန် ဆောင်ရွက်သင့်သည်။ လုပ်ငန်းဆောင်ရွက်မှုပိုင်းဆိုင်ရာ စံသတ်မှတ်ချက်များကို ရေးသားပြုစုပုံနှိပ်ထုတ်ဝေပြီး ရလဒ်များကို ပုံမှန်အစီရင်ခံသင့်သည်။ အသုံးပြုသူများအနေနှင့်လည်း မကျေနပ်ချက်များကို ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းအတွင်း တိုက်ရိုက်တင်ပြခြင်းအားဖြင့်သော် လည်းကောင်း၊ ပြင်ပအဖွဲ့အစည်းတစ်ခုအား စီစစ်စစ်ဆေး ပေးသူအဖြစ်ထား၍သော်လည်းကောင်း တင်ပြဖြေရှင်းနိုင်ခွင့်ရှိရမည်။

၆. ၈။ အဖွဲ့အစည်းများ၏ လုပ်ပိုင်ခွင့်များနှင့် ပတ်သက်သော ဝန်ဆောင်မှုများကို ဆောင်ရွက်ရာ၌ လူ့ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ စောင့်ထိန်းမှုများ ရှိ၊ မရှိ စောင့်ကြည့်ရန် သင့်တော်သော ကျွမ်းကျင်သူအဖွဲ့အစည်းများ ဖွဲ့စည်းသင့်သည်။ အစိုးရနှင့် ပုဂ္ဂလိကနှစ်ခုစလုံးမှ ပူးပေါင်း၍ ကျင့်ဝတ်ပိုင်းဆိုင်ရာ စံသတ်မှတ်ချက်များကို လိုက်နာရန်နှင့် ချိုးဖောက်သည့်အခါများတွင် အရေးယူရန် ပူးပေါင်းဆောင်ရွက်ရမည်။ အကယ်၍ အရေးယူဆောင်ရွက်မည့် အဖွဲ့အစည်းများ မရှိသေးပါက အစိုးရအနေနှင့် ထိုအဖွဲ့အစည်းများ ပေါ်ပေါက်စေရန် ဖွဲ့စည်းပေးသင့်သည်။

၆. ၉။ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် လုပ်ပိုင်ခွင့်နှင့် ပတ်သက်၍ မတရားမှုများ၊ အဂတိလိုက်စားမှုများမဖြစ်ပေါ်စေရန် ကြိုးပမ်းအားထုတ်သင့်သည်။ အစိုးရသည် အကြံဉာဏ်ရယူခြင်း၊ ပါဝင်ဆောင်ရွက်ခြင်း၊ တရားဥပဒေစိုးမိုးခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် တာဝန်ခံခြင်းတို့ဖြင့် အထူးဆောင်ရွက်သင့်သည်။ အစိုးရသည် ဟန်ချက်ညီစေခြင်း၊ အာဏာတစ်ဦးတည်း သုံးစွဲမှုကန့်သတ်ခြင်း၊ ပဋိပက္ခများဖြေရှင်းခြင်း၊ ရှင်းလင်းထင်ရှားသည့် စည်းမျဉ်းဥပဒေများကို ပြဌာန်းဆောင်ရွက်ခြင်းအပါအဝင် အဂတိလိုက်စားမှု ဆန့်ကျင်ရေးနည်းစနစ်များကို ပြဌာန်းကျင့်သုံးနိုင်စေရန် ဆောင်ရွက်သင့်သည်။ အစိုးရသည် အဖွဲ့အစည်းများ၏ ဆုံးဖြတ်လုပ်ဆောင် မှုများအပေါ်တွင် စီမံကွပ်ကဲခြင်းနှင့် ဆုံးဖြတ်ပေး ခြင်းများ ဆောင်ရွက်ပေးသင့်သည်။ လုပ်ပိုင်ခွင့်အား စီမံခန့်ခွဲခြင်း ဆိုင်ရာလုပ်ငန်းများဆောင်ရွက်သော ပန်ထမ်းများသည် စီမိတို့ဆောင်ရွက်သော လုပ်ငန်းများနှင့် ပတ်သက်၍ တာဝန်ခံမှုရှိရမည်။ အဆိုပါ ဝန်ထမ်းများကို ၎င်းတို့၏ လုပ်ငန်းတာဝန်များအား ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ပံ့ပိုးမှုများ ပြုလုပ်သင့်သည်။ ဝန်ထမ်းများကို ၎င်းတို့၏ လုပ်ငန်းတာဝန်များတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ အဂတိလိုက်စားမှုများအား တင်ပြခြင်းအတွက် လက်တုံ့ပြန်ခြင်းတို့မှ ကာကွယ်ပေးသင့်သည်။

အပိုင်း ၇

# လုပ်ပိုင်ခွင့်များ၊ တာဝန်ခွဲဝေခြင်းနှင့် တရားဝင် အသိအမှတ်ပြုခြင်း

အပိုင်း(၇)တွင် မြေယာ၊ သားငါးနှင့် သစ်တောတို့အား ဒေသခံပြည်သူများ၏ တရားဝင်အသိမှတ်မြုသော လုပ်ပိုင်ခွင့်နှင့် အခြားသော ဒေသခံပြည်သူအစုအဖွဲ့အတွင်း ဓလေ့ထုံးတမ်းစနစ်များအရ လက်ဝယ်ထားရှိခွင့်တို့အပြင် ရုံးလုပ်ထုံးနည်းများဖြင့် သတ်မှတ်ထားခြင်း မဟုတ်သော လက်ဝယ်ထားရှိခွင့်နှင့် အစိုးရ၏ စီမံခန့်ခွဲပုံကို တင်ပြထားပါသည်။ ထို့အပြင် အများပြည်သူပိုင်ဆိုင်သော မြေယာ၊ သားငါးနှင့် သစ်တောများ လုပ်ပိုင်ခွင့်နှင့် ပတ်သက်သော မူလခွဲဝေ သတ်မှတ်ထားပုံများကိုလည်း တင်ပြထားပါသည်။

## ၇။ ကာကွယ်စောင့်ရှောက်ခြင်း

၇. ၁။ နိုင်ငံတော်မှ မြေယာ၊ သားငါးနှင့် သစ်တောလုပ်ပိုင်ခွင့်သတ်မှတ်ခြင်း ပြုလုပ်မည်ဆိုပါက နိုင်ငံတော်မှ ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ ချိုးဖောက်ခြင်းကို ရှောင်ကြဉ်နိုင်ရန် (သို့မဟုတ်) တရားဝင် လုပ်ပိုင်ခွင့်ရရှိပြီးသော်လည်း လတ်တလောတွင် ဥပဒေဖြင့်ကာကွယ်ထားခြင်းမရှိသော လုပ်ပိုင်ခွင့်အဝါအဝင် အခြားတစ်ဦးတစ်ယောက်၏ လုပ်ပိုင်ခွင့်ကို ရပ်စဲစေခြင်းမှ ကာကွယ်ရန် ကာကွယ်စောင့်ရှောက်မှုကို ပြုလုပ်ရမည်။ အထူး သဖြင့် အမျိုးသမီးများနှင့် အားနည်းသူများကို ကာကွယ်ပေးသင့်သည်။

၇. ၂။ တရားဝင်အသိအမှတ်ပြုခြင်းနှင့် လုပ်ပိုင်ခွင့်များနှင့် တာဝန်များကို သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ အစိုးရ၏ လုပ်ဆောင်ချက်အားလုံးသည် လက်ရှိပြဋ္ဌာန်းထားသော နိုင်ငံတော်နှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေအရ လက်ရှိဆောင်ရွက်မနေသော တာဝန်ဝတ္တရားများ၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများအရ စေတနာအလျောက် တာဝန်ယူ လုပ်ဆောင်နေသော လုပ်ငန်းများ၏ တာဝန်များနှင့် ကိုက်ညီမှုရှိစေရမည်။

၇. ၃။ နိုင်ငံတော်အစိုးရအနေဖြင့် တရားဝင်အသိအမှတ်ပြုခြင်းနှင့် လုပ်ပိုင်ခွင့်များနှင့် တာပန်များကို သတ်မှတ်မည်ဟု ရည်ရွယ်ပါက မှတ်တမ်းတွင် ပါဝင်ခြင်းရှိသည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ လက်ရှိ လုပ်ပိုင်ခွင့် လက်ဝယ်ပိုင်ဆိုင်သူများအားလုံးကို ဖော်ထုတ်ရပါမည်။ ဒေသခံတိုင်းရင်းသားများ၊ ဓလေ့ထုံးတမ်းစနစ်များအရ လုပ်ပိုင်ခွင့်ရှိသူများ၊ ပိုင်ဆိုင်သူများ အနည်းငယ်သာရှိသော သူများနှင့် မည်သူမဆို အပိုဒ် (၃ ခ. ၆ နှင့် ၉. ၉) နှင့်အညီ ညှိနှိုင်းတိုင်ပင် ဆွေးနွေးမှု လုပ်ငန်းစဉ်တွင် ပါဝင်သင့်သည်။ လူထုအနေဖြင့် ၎င်းတို့၏ လုပ်ပိုင်ခွင့်ကို အသိအမှတ်ပြုခြင်း မခံရဟု ယူဆပါက အပိုဒ် (၄. ၉)အရ တရားမျှတမှု ရရှိစေရန် အစိုးရအနေဖြင့် ပံ့ပိုးပေးသင့်သည်။

၇. ၄။ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသမီးများနှင့် အမျိုးသားများသည် အသစ်ပြဋ္ဌာန်းလိုက်သော လုပ်ပိုင်ခွင့်များတွင် တူညီစွာ အကျိုးခံစားခွင့်ရစေရန် စနစ်တကျဆောင်ရွက်သင့်သည်။ ထိုအခွင့်အရေးများကို

မှတ်တမ်းတင်ထားရမည်။ ဖြစ်နိုင်သမျှ လူတစ်ဦးချင်း၊ မိသားစုများနှင့် လူအဖွဲ့အစည်းများ၏ တရားပင်အသိအမှတ်ပြုခြင်းတွင် ဆင်းရဲသူများနှင့် အားနည်းသူများ၏ လုပ်ပိုင်ခွင့်များ တရားဝင်အသိအမှတ်ပြုခြင်း အပြည့်အဝရရှိစေရန် နိုင်ငံတော်၏ ဦးစားပေးအစီအစဉ်အရ ဒေသတစ်ခုပြီးတစ်ခု စနစ်တကျပြုလုပ်သင့်သည်။ အထူးသဖြင့် ဆင်းရဲသူများနှင့် အားနည်းသူများကို ဥပဒေအရ ပံ့ပိုးပေးသင့်သည်။ မြေယာလုပ်ပိုင်ခွင့်ကို စတင်ပြုလုပ်မှတ်တမ်းတင်ချိန်၊ မြေပုံထုတ်ချိန်မှ စတင်၍ ပွင့်လင်းမြင်သာမှုရှိစေရန် ဒေသအလိုက် သင့်တော်သော နည်းလမ်းများကို အသုံးပြုသင့်ပါသည်။

၇. ၅ နိုင်ငံတော်အစိုးရသည် လုပ်ပိုင်ခွင့်ရရှိပြီးသောသူများ (သို့မဟုတ်) လုပ်ပိုင်ခွင့်အသစ် ရရှိသူများ အနေဖြင့် ၎င်းတို့၏ အခွင့်အရေးများ၊ တာဝန်များနှင့် ပတ်သက်၍ သိသင့်သည့် ဗဟုသုတများကို သိရှိစေရန်ဆောင်ရွက်ရမည်။ လိုအပ်ပါက အစိုးရသည် ထိုပြည်သူထုထုအား ထောက်ပံ့မှုများပြုလုပ်မှသာလျှင် ပြည်သူလူထုသည် ၎င်းတို့၏ လုပ်ပိုင်ခွင့်ကို အကျိုးခံစားရပြီး ၎င်းတို့ လုပ်ဆောင်ရမည့် တာဝန်များကို ကျေပွန်စွာ လုပ်ဆောင်နိုင်မည်။

၇. ၆။ အကယ်၍ ဥပဒေအရ လုပ်ပိုင်ခွင့်ကို ပံ့ပိုးရန် မဖြစ်နိုင်ပါက နိုင်ငံတော်နှင့် အပြည်ပြည်ဆိုင်ရာတို့၏ လက်ရှိတည်ဆဲဥပဒေများနှင့် မကိုက်ညီသည့် အမြဲမသိမ်းယူနှင်ထုတ်ခြင်းကို ချမှတ်ထားသော အခြေခံမူဝါဒနှင့်အညီ နိုင်ငံတော်အနေဖြင့် ဟန့်တားကာကွယ်ရမည်။

## ၈။ မြည်သူပိုင် မြေယာ၊ သားငါးနှင့် သစ်တောများ

၈. ၁။ နိုင်ငံတော်မှ ပိုင်ဆိုင်သည့် (သို့မဟုတ်) ထိန်းချုပ်ထားသည့် မြေယာ၊ သားငါးနှင့် သစ်တောများကို ကျယ်ပြန့်သော လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ရည်မှန်းချက်များနှင့်အညီ အသုံးပြုရန်နှင့် ကြီးကြပ်ရန် နိုင်ငံတော်အနေဖြင့် သတ်မှတ်သင့်သည်။ ထိုသို့ လုပ်ဆောင်ချက်အားလုံးသည် လက်ရှိတည်ရှိနေသော နိုင်ငံတော်နှင့် အပြည်ပြည်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နေသော လုပ်ငန်းတာဝန်များ၊ စေတနာအလျောက် ဆောင်ရွက်ပေးရသော လုပ်ငန်းများ၏ သဘောတူညီမှုများနှင့် ကိုက်ညီမှုရှိရမည်။

၈. ၂။ နိုင်ငံတော်မှ ပိုင်ဆိုင်သော (သို့မဟုတ်) ထိန်းချုပ်ထားသော မြေယာ၊ သားငါးနှင့် သစ်တောများ၊ ပြည်သူတစ်ဦးချင်းစီနှင့် ဒေသခံပြည်သူအစုအဖွဲ့များ၏ ဓလေ့ထုံးတမ်းအရ လုပ်ပိုင်ခွင့်စနစ်များ အပါအဝင် တရားဝင်လုပ်ပိုင်ခွင့်များကို လက်ရှိတည်ရှိနေသော နိုင်ငံတော်နှင့် အပြည်ပြည်ဆိုင်ရာဥပဒေများနှင့်အညီ လုပ်ဆောင်နေသော လုပ်ငန်းတာဝန်များ၊ စေတနာအလျောက်ဆောင်ရွက်ပေးရသော လုပ်ငန်းများ၏ သဘောတူညီချက်များနှင့်အညီ အသိအမှတ်ပြုကာကွယ်စောင့်ရှောက်သင့်သည်။ နောက်ဆုံးတွင် တရားဝင်လုပ်ပိုင်ခွင့် အမျိုးအစားများကို နိုင်ငံတော်၏ ဥပဒေအရ ရှင်းလင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုပြီး ပြည်သူများထံ ပွင့်လင်းမြင်သာစွာ အသိပေးသင့်သည်။

၈. ၃။ အများပြည်သူတို့ စုပေါင်းအသုံးပြု၍ စီမံခန့်ခွဲသောမြေယာ၊ သားငါးနှင့် သစ်တောတို့ကို မှတ်သားထားပြီး (တစ်ခါတစ်ရံတွင် ၎င်းတို့ကို အများပိုင်'ဘုံ'ဟုရည်ညွှန်းသည်) နိုင်ငံတော်အစိုးရအနေဖြင့် ထိုမြေယာ၊ သားငါးနှင့် သစ်တောများနှင့် ၎င်းတို့နှင့် ဆက်စပ်လျက်ရှိသည်တို့အား စုပေါင်းအသုံးပြုခြင်း၊ စီမံခန့်ခွဲခြင်း၊ သတ်မှတ်ခြင်းလုပ်ငန်းများကို အသိအမှတ်ပြုကာကွယ်သင့်သည်။

၈.၄။ နိုင်ငံတော်အစိုးရသည် ၎င်းပိုင်ဆိုင်သော (သို့မဟုတ်) ထိန်းချုပ်ထားသော မြေယာ၊ သားငါးနှင့် သစ်တောများနှင့် ပတ်သက်သည့် နောက်ဆုံးရရှိသည့် အချက်အလက်များကို ထိန်းသိမ်းပြီး၊ အသုံးပြုနိုင်သော စာရင်းဇယားများ ပြုစုရန် ကြိုးပမ်းသင့်သည်။ ထိုစာရင်းဇယားများကို စီမံခန့်ခွဲရေးတွင် တာဝန်ရှိသော အဖွဲ့အစည်းများ၊ တရားဝင်လုပ်ပိုင်ခွင့် ရရှိထားသော ဒေသခံပြည်သူများ၊ ဓလေ့ထုံးတမ်းအရ လုပ်ပိုင်ခွင့်ရရှိထားသော ပြည်သူအစုအဖွဲ့များနှင့် ပုဂ္ဂလိကအဖွဲ့ အစည်းများက မှတ်တမ်းတင်ထားသင့်သည်။ ဖြစ်နိုင်မည်ဆိုပါက အစိုးရအနေဖြင့် အများပြည်သူလက်ဝယ်ရှိ လုပ်ပိုင်ခွင့်များ၊ ဒေသခံပြည်သူများ၏ လုပ်ပိုင်ခွင့်များ၊ အမြားဒေခံပြည်သူအစုအဖွဲ့များ၏ ဓလေ့ထုံးတမ်းအရ လုပ်ပိုင်ခွင့်များနှင့် ပုဂ္ဂလိကအခန်းကဏ္ဍမှ ရရှိထားသော လုပ်ပိုင်ခွင့်များကို မှတ်တမ်းတင် စနစ်တစ်ခုအသုံးပြု၍သော်လည်းကောင်း (သို့မဟုတ်) တူညီသောမူဘောင် တစ်ခုတည်းတွင် ချိတ်ဆက်၍သော်လည်းကောင်း မှတ်တမ်းတင်ထားသင့်သည်။

၈.၅။ နိုင်ငံတော်အစိုးရသည် မည်သည့်မြေယာ၊ သားငါးနှင့် သစ်တောများတို့ကို ထိန်းသိမ်းသင့်သည်၊ မည်သည်တို့ကို အများပြည်သူအတွက် အသုံးပြုသင့်သည်၊ မည်သည့်မြေယာ၊ သားငါးနှင့် သစ်တောတို့ကို အခြေအနေပေါ်တွင် မူတည်၍ အခြားသူများအား အသုံးပြုရန် ခွဲဝေပေးသင့်သည် စသည်တို့ကို ဆုံးဖြတ်ပေးသင့်သည်။

၈.၆။ နိုင်ငံတော်အစိုးရသည် အများပြည်သူက ထိန်းသိမ်းထားသော မြေယာ၊ သားငါးနှင့် သစ်တောများကို အသုံးပြုခြင်းနှင့် ထိန်းချုပ်ခြင်းနှင့် သက်ဆိုင်သော မူဝါဒများချမှတ်ပြီး အများပြည်သူ သိသာစေရန် အသိပေးသင့်သည်။ အစိုးရအနေဖြင့် အစိုးရမှ ပိုင်ဆိုင်သော တာဝန်ယူထားသော မြေယာ၊ သားငါးနှင့် သစ်တောများမှ ရရှိလာသည့် အကျိုးအပြတ်များကို ညီမျှစွာခွဲဝေပေးနိုင်ရန် တွန်းအားပေးသည့် မူဝါဒများချမှတ်ရန် ကြိုးပမ်းသင့်သည်။ ထိုရေးဆွဲထားသော မူဝါဒများတွင် အခြားသူတစ်ဦးတစ်ယောက်၏ လုပ်ပိုင်ခွင့်ကို အလေးထားပြီး ဤလမ်းညွှန်ချက်တွင် ပါဝင်သော ပူးပေါင်းပါဝင်ခြင်းနှင့် ဆွေးနွေးညှိနှိုင်းခြင်း၏ အခြေခံသဘောတရားများနှင့် ကိုက်ညီစေရန် ညှိနှိုင်းဆွေးနွေးခြင်းများ ပြုလုပ်ရာတွင် မူဝါဒ၏ အကျိုးသက်ရောက်မှုရှိစေမည့် မည်သူကိုမဆို ပါဝင်စေသင့်သည်။ အရင်းအမြစ်ကို စီမံပိုင်ခွင့်၊ လွှဲပြောင်းပိုင်ခွင့်တို့နှင့် ပတ်သက်၍ မူဝါဒများအောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရန်အတွက် ထိရောက်၍ ပွင့်လင်းမြင်သာပြီး တာပန်ယူမှုရှိသော နည်းလမ်းများဖြင့် ဆောင်ရွက်သင့်သည်။

၈.၇။ အစိုးရသည် လုပ်ပိုင်ခွင့်သတ်မှတ်ချက်များနှင့် ပတ်သက်သည့် မူဝါဒများကို အများပြည်သူကို သိသာအောင် အသိပေးသင့်ပြီး သင့်တော်သည့်နေရာတွင် လုပ်ပိုင်ခွင့်နှင့် ပတ်သက်သည့် စီမံခန့်ခွဲပိုင်ခွင့်တာဝန်များ ထမ်းဆောင်ရန် ကိုယ်စားလှယ် ခန့်အပ်သင့်သည်။ လုပ်ပိုင်ခွင့် သတ်မှတ်ချက်များနှင့် ပတ်သက်သည့် မူဝါဒများသည် ကျယ်ပြန့်သော လူမှုရေး၊ စီးပွားရေးနှင့် သဘာဝ ပတ်ဝန်းကျင်တို့နှင့် သက်ဆိုင်သော ရည်ရွယ်ချက်များနှင့် ကိုက်ညီသင့်သည်။ မိရိုးဖလာအရ မြေယာ၊ သားငါးနှင့် သစ်တောများကို အသုံးပြုလျက်ရှိသော ဒေသခံပြည်သူ အစုအဖွဲ့များအနေဖြင့် လုပ်ပိုင်ခွင့်များကို ပြန်လည်နေရာချထားခြင်း ပြုလုပ်သောအခါတွင် ထည့်သွင်း စဉ်းစားမှုကို ရရှိသင့်သည်။ မူဝါဒများတွင် အခြားသူများ၏ လုပ်ပိုင်ခွင့်ကို အလေးထားပြီး ညှိနှိုင်းတိုင်ပင် ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်း လုပ်ငန်းစဉ်များတွင် ထိုမူဝါဒများ သက်ရောက်ခြင်းခံရသော မည်သူမဆို ပါပင်စေသင့်သည်။ ထိုမူဝါဒများအနေနှင့် လုပ်ပိုင်ခွင့် သတ်မှတ်မှုများတွင် ပြည်သူတို့၏ ထိုသဘာဝအရင်းအမြစ်များအား တရားဝင်ရပိုင်ခွင့် ဆုံးရှုံးအောင် ပြုလုပ်ခြင်းဖြင့် ပြည်သူလူ၏ အသက်မွေးဝမ်းကျောင်းကို မခြိမ်းခြောက်နိုင်စေရန် ရေးဆွဲသင့်သည်။

၈.၈။ နိုင်ငံတော်အစိုးရအနေဖြင့် လုပ်ပိုင်ခွင့်များသတ်မှတ်ရာတွင် ကန့်သတ်ချက်ဖြင့် အသုံးပြုခြင်းမှ အပြည့်အဝပိုင်ဆိုင်ခြင်းအထိ ပုံစံအမျိုးမျိုး သတ်မှတ်ပေးနိုင်သည့် အခွင့်အာဏာရှိသည်။ မူဝါဒများသည် လုပ်ပိုင်ခွင့်အမျိုးမျိုးနှင့် အခွင့်အရေးရရှိသူ အမျိုးမျိုးကို အသိအမှတ်ပြုသင့်သည်။ မူဝါဒများသည် သမိုင်းကြောင်းအရ အသုံးပြုမှုနှင့် အမြားနည်းဖြင့် အသုံးပြုမှုစသည်ဖြင့် လုပ်ပိုင်ခွင့်များကို သီးခြားသတ်မှတ်သင့်သည်။ လိုအပ်ပါက လုပ်ပိုင်ခွင့်ရရှိသူများကို ပံ့ပိုးမှုပေးခြင်းဖြင့် လုပ်ပိုင်ခွင့်၏ အကျိုးကို ခံစားရစေသင့်သည်။ လုပ်ပိုင်ခွင့် သတ်မှတ်ပြီးသော မြေယာ၊ သားငါးနှင့် သစ်တောများအား ထိန်းသိမ်းရန် နည်းလမ်းတစ်ခုခုကို အစိုးရအနေဖြင့် ဆုံးဖြတ်သတ်မှတ်ဝေးသင့်သည်။

၈. ၉။ နိုင်ငံတော်အစိုးရသည် အထူးသဖြင့် ဒေသခံပြည်သူများနှင့် ဓလေ့ထုံးတမ်းအရ လုပ်ပိုင်ခွင့်ရရှိသော ပြည်သူအစုအဖွဲ့တို့ပါဝင်သည့် ပြည်သူအားလုံးအတွက် ပွင့်လင်းမြင်သာပြီး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သည့်အပြင် ရိုးရှင်းလွယ်ကူသော လုပ်နည်းလုပ်ဟန်များကို အသုံးပြု၍ လုပ်ပိုင်ခွင့်များသတ်မှတ်ပေးခြင်း၊ စီမံခန့်ခွဲ ပိုင်ခွင့်ပေးခြင်းများကို ပြုလုပ်သင့်သည်။ ကျား/မ မရွေး တုန့်ပြန်နိုင်သော နည်းလမ်းများမှတစ်ဆင့် ပူးပေါင်းပါဝင်ခွင့်ရှိသူများအားလုံး နားလည်နိုင်မည့် ဘာသာစကားအသုံးအနှုန်းများကို အသုံးပြု၍ သတင်းအချက်အလက်များ ပေးသင့်သည်။ ဖြစ်နိုင်မည်ဆိုပါက အစိုးရအနေဖြင့် အသစ်သတ်မှတ်လိုက်သော လုပ်ပိုင်ခွင့်များကို အခြားသော လုပ်ပိုင်ခွင့်များနှင့်အတူ စနစ်တစ်ခုတည်းအောက်တွင် မှတ်တမ်းတင်ခြင်း (သို့မဟုတ်) တူညီသောသတ်မှတ်ချက်ဘောင်တစ်ခုတည်းတွင် ချိတ်ဆက်ထားသင့်သည်။ အစိုးရ နှင့် အစိုးရမဟုတ်သောအခြားသောတာဝန်ရှိသူများက လုပ်ပိုင်ခွင့် သတ်မှတ်ရာတွင် အကျင့်ပျက် လာဘ်စားမှုမရှိအောင် ထပ်မံ၍ ကြိုးစားအား ထုတ်သင့်သည်။

၈. ၁၀။ သယံဇာတအရင်းအနှီးများ၏ ခွင့်ပြုနိုင်သော အခြေအနေအရ အစိုးရသည် မြေယာ၊ သားငါးနှင့်သစ်တောများနှင့် ပတ်သက်၍ လုပ်ပိုင်ခွင့်တာဝန်ရှိသော အဖွဲ့အစည်းများအား လူသားအရင်းအမြစ်၊ ငွေကြေးနှင့် အခြားလုပ်နိုင်စွမ်းရည်များပြည့်စုံစေရန် ဖန်တီးပေးရမည်။ လုပ်ပိုင်ခွင့်အားစီမံခန့်ခွဲခြင်းနှင့် ပတ်သက်သည့် တာဝန်များ လုပ်ဆောင်မည့်သူကို ခန့်အပ်မည်ဆိုပါကတာပန်ခံမည့်သူများသည် ၎င်းတို့၏ တာပန်ကို ကျေပွန်စွာဆောင်ရွက်နိုင်ရန် သင်တန်းများနှင့်အပြားသော အထောက်အကူများ ရရှိသင့်သည်။

၈. ၁၁။ နိုင်ငံတော်အစိုးရသည် ဆင်းရဲနွမ်းပါးမှုကို တိုက်ဖျက်ရေးနှင့် စားနပ်ရိက္ခာ ဖူလုံရေးတို့ အပေါ်တွင် ကျား/မ ခွဲခြားမှု၏ အကျိုးသက်ရောက်မှု၊ ထို့အတူ လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုများအပေါ် အကျိုးသက်ရောက်မှုစသော လုပ်ပိုင်ခွင့်သတ်မှတ်သော လုပ်ငန်းစဉ်များကြောင့် ထွက်ပေါ်လာသည့် အကျိုးသက်ရောက်မှုများကို စဉ်ဆက်မပြတ် စောင့်ကြည့်သင့်ပြီးမှန်ကန်သော နည်းလမ်းများကိုလည်း အစပျိုးပေးရန် လိုအပ်ပါသည်။

## ၉။ ဒေသခံတိုင်းရင်းသားများနှင့် အခြားပြည်သူအစုအဖွဲ့များ၏ ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့် စနစ်များ

၉. ၁။ နိုင်ငံတော်အစိုးရနှင့် အစိုးရမဟုတ်သော ပါဝင်ဆောင်ရွက်သူများသည် မြေယာ၊ သားငါးနှင့်သစ်တောများတွင် ဒေသခံတိုင်းရင်းသားများနှင့် ဓလေ့ထုံးတမ်းအရ လုပ်ပိုင်ခွင့်စနစ် ကျင့်သုံးသော အခြားပြည်သူအစုအဖွဲ့များ၏ လူမှုရေး၊ ယဉ်ကျေးမှု၊ ယုံကြည်သက်ဝင်မှု၊ စီးပွားရေး၊ပတ်ဝန်းကျင်နှင့် နိုင်ငံရေးဆိုင်ရာ တန်ဖိုးထားမှုများရှိသည်ကို အသိအမှတ်ပြု သိထားသင့်သည်။

၉. ၂။ ဒေသခံတိုင်းရင်းသားများနှင့် ဓလေ့ထုံးတမ်းအရ လုပ်ပိုင်ခွင့်စနစ် ကျင့်သုံးသော အခြားပြည်သူအစုအဖွဲ့များသည် မြေယာ၊ သားငါးနှင့် သစ်တော အရင်းအမြစ်များကို ၎င်းတို့ ကိုယ်ပိုင်စီမံထိန်းချုပ်ပိုင်ခွင့်ရှိသည့်အပြင် ညီမျှစွာ၊ လုံခြုံစိတ်ချစွာ၊ ရေရှည်တည်တံ့စွာ လုပ်ပိုင်ခွင့် ရရှိစေရန် အထူးသဖြင့် အမျိုးသမီးများ၏ လုပ်ပိုင်ခွင့် သာတူညီမျှ ရရှိစေရန် အားပေးမြှင့်တင်ခြင်း၊ထောက်ပံ့ခြင်းများ ပြုလုပ်သင့်သည်။ လုပ်ပိုင်ခွင့်များနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် စုပေါင်းလုပ်ပိုင်ခွင့်စနစ် ကျင့်သုံးသော ဒေသခံအဖွဲ့အစည်းများမှတစ်ဆင့် အမျိုးသားများ၊အမျိုးသမီးများ၊ လူငယ်များ အားလုံးပါဝင်သော အဖွဲ့ပင်များ၏ အကျိုးရှိရှိ ပူးပေါင်းပါပင်ခြင်းကိုမြှင့်တင်သင့်သည်။ လိုအပ်ပါက လုပ်ပိုင်ခွင့်အား စီမံခန့်ခွဲခြင်းစနစ်နှင့် ဆုံးဖြတ် ချက်များချမှတ်ရာတွင် အပြည့်အဝ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရန် ဒေသခံပြည်သူအစုအဖွဲ့၏ အဖွဲ့ဝင်များအား စွမ်းရည်တိုးမြင့်လာစေရေးအတွက် အကူအညီပေးသင့်သည်။

၉. ၃။ နိုင်ငံတော်အနေဖြင့် လုပ်ဆောင်မှုအားလုံးသည် လက်ရှိတည်ရှိနေသော နိုင်ငံတော်နှင့် အပြည်ပြည်ဆိုင်ရာဥပဒေကြောင်းများနှင့်အညီ ဆောင်ရွက်နေသော လုပ်ငန်းတာဝန်များ၊ စေတနာအလျောက် ဆောင်ရွက်ပေးရသော လုပ်ငန်းများ၏ တာဝန်ပတ္တရားများနှင့် ကိုက်ညီမှု ရှိရမည်။ ဒေသခံပြည်သူများနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း ညီလာခံ

(နံပါတ် ၁၆၉)နှင့် သက်ဆိုင်သည့် လွတ်လပ်သော နိုင်ငံများရှိ တိုင်းရင်းသားများနှင့် လူမျိုးစုများ၊ ဇီဝမျိုးကွဲများဆိုင်ရာ ညီလာခံနှင့် ကမ္ဘာ့ကုလသမဂ္ဂမှ ထုတ်ပြန်သည့် တိုင်းရင်းသားများ၏ အခွင့်အရေးများ ကြေငြာချက်အတိုင်း လူ့အခွင့်အရေးများကို ကာကွယ်ရန်၊ မြှင့်တင်ရန်နှင့် အောင်မြင်အောင် အကောင်အထည်ဖော်ရန် အစိုးရအနေဖြင့် ၎င်းတို့နှင့် သင့်လျော်သော တာဝန်ဝတ္တရားများနှင့် စေတနာအလျောက် ဆောင်ရွက်သည့်အလုပ်များ ပြီးမြောက်အောင် ဆောင်ရွက်သင့်သည်။

၉.၄။ နိုင်ငံတော်အစိုးရသည် ဒေသခံတိုင်းရင်းသားများ၏ တရားဝင်လုပ်ပိုင်ခွင့်များနှင့် ဓလေ့ထုံးတမ်းအရ လုပ်ပိုင်ခွင့်စနစ်ကျင့်သုံးသော အခြားဒေသခံပြည်သူအစုအဖွဲ့များအား လက်ရှိဆောင်ရွက်လျက်ရှိသော နိုင်ငံတော်နှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေများနှင့်အညီ ဆောင်ရွက်နေသော လုပ်ငန်းတာပန်များ၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများအရ ဆန္ဒအလျောက် ဆောင်ရွက်ရသော လုပ်ငန်းများ၏ သင့်တော်သော တာဝန်များကို အသိအမှတ်ပြုခြင်းနှင့် ကာကွယ်မှုများ ပြုလုပ်သင့်သည်။ ထိုသို့ အသိအမှတ်ပြုခြင်းတွင် မြေယာ၊ သားငါးနှင့် သစ်တောများအား လူ့အဖွဲ့အစည်းတစ်ခုမှ အထူးသီးသန့်အသုံးပြုခြင်းနှင့် ခွဲဝေအသုံးပြုမှုတို့ကိုပါ ထည့်သွင်းစဉ်းစားသင့်ပြီး လုပ်ပိုင်ခွင့်အား စီမံခန့်ခွဲခြင်း၏ ယေဘုယျ အခြေခံသဘောတရားနှင့် နိယာမဥပဒေများအပေါ် လေးစားလိုက်နာရမည်။ ထိုသို့ အသိအမှတ်ပြုခြင်းကို လူအများ အလွယ်တကူ နားလည်နိုင်သည့် ဘာသာစကား အသုံးအနှုန်းများကို သင့်တော်သည့် ပုံစံဖြင့် ပြည်သူများ နားလည်သဘောပေါက်စေရန် ဆောင်ရွက်ရမည်။

၉.၅။ ဒေသခံတိုင်းရင်းသားများနှင့် ဓလေ့ထုံးတမ်းအရ လုပ်ပိုင်ခွင့်စနစ်ကျင့်သုံးသော အခြားဒေသခံပြည်သူ အစုအဖွဲ့များ၌ ၎င်းတို့နေထိုင်ရာ ဘိုးဘွားပိုင်မြေယာများတွင် တရားဝင် လုပ်ပိုင်ခွင့်ရှိပါက အစိုးရအနေဖြင့် ထိုအခွင့်အရေးကို အသိအမှတ်ပြုပြီး ကာကွယ်စောင့်ရှောက်ရမည်။ ဒေသခံတိုင်းရင်းသားများနှင့် ဓလေ့ထုံးတမ်း လုပ်ပိုင်ခွင့်စနစ် ကျင့်သုံးသော အခြားဒေသခံပြည်သူအစုအဖွဲ့များအား ထိုဘိုးဘွားပိုင်မြေများမှ အဓမ္မ ဖယ်ရှားစေခြင်းများ မပြုလုပ်သင့်ပါ။

၉.၆။ နိုင်ငံတော်အစိုးရသည် ဒေသခံတိုင်းရင်းသားများနှင့် ဓလေ့ထုံးတမ်းအရ လုပ်ပိုင်ခွင့်စနစ်ကျင့်သုံးသော အခြားဒေသခံပြည်သူအစုအဖွဲ့များ၏ လုပ်ပိုင်ခွင့်စနစ်အား အသိအမှတ်ပြုရန်အတွက် မူဝါဒများ၊ ဥပဒေများ၊ အဖွဲ့အစည်းများ၏ မူဘောင်များကို လိုက်လျောညီထွေမှုရှိအောင် ပြင်ဆင်မှုပြုလုပ်နိုင်ရန် စဉ်းစားသင့်သည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ (သို့မဟုတ်) တရားဥပဒေနှင့်အညီ ပြောင်းလဲမှုများသည် အမျိုးသမီးများ၏ အခွင့်အရေးရရှိနိုင်ခွင့်ကို အားကောင်းစေပြီး ထိုပြုပြင်ပြောင်းလဲမှုများသည် ဓလေ့ထုံးတမ်းနှင့် သဘောထား ကွဲလွဲနေပါက အဖွဲ့အစည်းများအားလုံး ပူးပေါင်းပြီး ဓလေ့ထုံးတမ်းအရ လုပ်ပိုင်ခွင့်စနစ်များအတွင်း ပြောင်းလဲခြင်းများကို လိုက်လျောညီထွေမှုရှိအောင် ကြိုးပမ်းဆောင်ရွက်သင့်သည်။

၉.၇။ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေများနှင့်မူဝါဒများ မူကြမ်းရေးဆွဲနေစဉ် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ဓလေ့ထုံးတမ်းအရ လုပ်ပိုင်ခွင့်စနစ် ကျင့်သုံးသော အခြားဒေသခံ ပြည်သူအစုအဖွဲ့များ၏ မြေယာ၊ သားငါးနှင့် သစ်တောများတွင် ဒေသခံတိုင်းရင်းသားများနှင့် ဓလေ့ထုံးတမ်းအရ လုပ်ပိုင်ခွင့်စနစ်ကျင့်သုံးသော လူမှုရေး၊ ယဉ်ကျေးမှု၊ ယုံကြည်သက်ဝင်မှု၊ စီးပွားရေး၊ ပတ်ဝန်းကျင်နှင့် နိုင်ငံရေးဆိုင်ရာတန်ဖိုးကို ထည့်သွင်း စဉ်းစားသင့်သည်။ ဒေသခံတိုင်းရင်းသားပြည်သူများ၏ လုပ်ပိုင်ခွင့်စနစ်နှင့် ဓလေ့ထုံးတမ်းအရ လုပ်ပိုင်ခွင့်စနစ်များနှင့် ဆက်စပ်လျက်ရှိသော မူဝါဒများနှင့် ဥပဒေများ ချမှတ်ရာတွင် အဖွဲ့အစည်းများ အားလုံး (သို့မဟုတ်) နယ်စွန်နယ်ဖျားများမှ အားနည်းသည့် ဒေသခံအစုအဖွဲ့များ အပါအဝင် ထိခိုက်နစ်နာခံရသည့် ပြည်သူအစုအဖွဲ့များမှ ကိုယ်စားလှယ်များအားလုံး ပြည့်ပြည့်ဝဝနှင့် ထိထိရောက်ရောက်ပါဝင်သင့်သည်။

၉.၈။ နိုင်ငံတော်သည် ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် ဓလေ့ထုံးတမ်းအရ လုပ်ပိုင်ခွင့်စနစ် ကျင့်သုံးသော ဒေသခံပြည်သူအစုအဖွဲ့များ၏ မြေယာ၊ သားငါးနှင့် သစ်တောများကို အခြားသူများမှ ခွင့်ပြုချက်မရရှိဘဲသုံးစွဲခြင်းမှ ကာကွယ်သင့်သည်။ လူအဖွဲ့အစည်းတစ်ခုက မငြင်းဆိုပါက အစိုးရအနေဖြင့် တရားဝင် စာချုပ်စာတမ်း ညွှန်ကြားချက် အထောက်အထားများ ပံ့ပိုးခြင်း၊ အဆိုပါအဖွဲ့အစည်းမှ အသုံးပြုနေပြီး ထိန်းချုပ်ထားသော မြေယာ၊ သားငါးနှင့် သစ်တောများ၏ သဘာပအခြေအနေ၊ နေရာတို့နှင့် ပတ်သက်သော သတင်းအချက်အလက်များကို အများပြည်သူ သိအောင် ကြေငြာသင့်သည်။ ဒေသခံတိုင်းရင်းသားများ၏ လုပ်ပိုင်ခွင့်နှင့် ဓလေ့ထုံးတမ်းအရ လုပ်ပိုင်ခွင့်တို့ကို တရားပင်စာချုပ်စာတမ်း၊ ညွှန်ကြားချက်ပြုလုပ်ပြီးပါက အပြားသော အများပြည်သူ၊ ပုဂ္ဂလိကနှင့် အဖွဲ့အစည်းတို့၏ လုပ်ပိုင်ခွင့်တို့နှင့်အတူ မှတ်တမ်းတင်ထားသင့်ပါသည်။

၉.၉။ စီမံချက်များမစတင်မီ (သို့မဟုတ်) ဒေသခံပြည်သူအစုအဖွဲ့များမှ ရရှိထားသော အခွင့်အရေးများ အပေါ်အကျိုးသက်ရောက်မှုရှိမည့် ဥပဒေပြုခြင်း (သို့မဟုတ်) အုပ်ချုပ်ရေးဆိုင်ရာ လက်တွေ့ ဆောင်ရွက်ချက်များနှင့် လက်ခံကျင့်သုံးမှုများမပြုမီ အစိုးရနှင့် အခြားအဖွဲ့အစည်းများသည် ဒေသခံတိုင်းရင်းသားများနှင့် ညှိနှိုင်းတိုင်ပင် ဆွေးနွေးမှုပြုလုပ်သင့်သည်။ ထိုစီမံချက်များသည် ကမ္ဘာ့ကုလသမဂ္ဂ၏ ဒေသခံတိုင်းရင်းသားပြည်သူများ၏ အခွင့်အရေးကြေငြာစာတမ်း၊ တစ်ဦးချင်းစီ၏ သဘောထား ရပ်တည်ချက်၊ အစိုးရတစ်ခုချင်းစီ၏ နားလည်မှုများနှင့်အညီ ဒေသခံတိုင်းရင်းသားများ၏ ကိုယ်စားပြုအဖွဲ့အစည်းများနှင့် ထိရောက်မှုရှိပြီး အဓိပ္ပာယ်ပြည့်ဝသော ဆွေးနွေးတိုင်ပင်မှုများမှတစ်ဆင့် ရရှိလာသော သဘောတူညီချက်များကို အခြေခံပြီး ဦးစားပေး လုပ်ငန်းစဉ်များကို ချမှတ်သင့်သည်။ ညှိနှိုင်းဆွေးနွေးမှုနှင့် ဆုံးဖြတ်ချက်ချသော လုပ်ငန်းစဉ်များသည် ငြိမ်းခြောက်မှုများ မပါဝင်ဘဲ ယုံကြည်စိတ်ချရမှု နယ်ပယ်အတွင်းတွင် စီစဉ်လုပ်ဆောင်သင့်သည်။ အပိုဒ် (၃)၊ ခ(၆)တွင် ဖော်ပြထားသည့်အတိုင်း ညှိနှိုင်းတိုင်ပင် ဆွေးနွေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၏ အခြေခံသဘောတရားများကို ဤအပိုင်းတွင် ဖော်ပြထားသော အခြားသောဒေသခံပြည်သူအစုအဖွဲ့များ၏ ပြစ်စဉ်တွင် အသုံးပြုသင့်သည်။

၉.၁၀။ လိုအပ်ပါက အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် အကျိုးသက်ရောက်မှုခံစားရသော ပြည်သူအစုအဖွဲ့၏ ကိုယ်စားပြုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လူတန်းစားနှင့် ကျား/မ မခွဲခြားသော လုပ်ပိုင်ခွင့် မူပါဒများ၊ ဥပဒေများနှင့် စီမံကိန်းများ တိုးတက်ပေါ်ပေါက်လာစေခြင်းအတွက် ပူးပေါင်းပါပင်လာစေရန် နည်းပညာများနှင့် ဥပဒေဆိုင်ရာ အကူအညီများကို ထောက်ပံ့ပေးရန်အတွက် တွန်းအားပေး ဆောင်ရွက်သင့်သည်။

၉.၁၁။ နိုင်ငံတော်အစိုးရသည် ဒေသခံအစုအဖွဲ့များအတွင်းရှိ ပိုင်ဆိုင်မှုဆိုင်ရာ ပဋိပက္ခများကို ဖြေရှင်းရန်အတွက် ဒေသခံနှင့် အပြည်ပြည်ဆိုင်ရာ အသုံးပြုနေသော နည်းဥပဒေများကို ကျောထောက်နောက်ခံပြု၍ စေတနာအလျောက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များနှင့်အညီ ဒေသခံပြည်သူများနှင့် အခြားပြည်သူ အစုအဖွဲ့များ လိုက်နာသော ဓလေ့ထုံးတမ်းဆိုင်ရာ နည်းလမ်းများကို လေးစားလိုက်နာသင့်သည်။ ဒေသခံပြည်သူတစ်စုထက်မက အသုံးပြုနေသာ မြေယာ၊ သားငါးနှင့် သစ်တောများ၏ လုပ်ပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းရန် နည်းလမ်းများ ပေါ်ပေါက်လာစေရေးအတွက် စနစ်တကျလုပ်ဆောင်ရန် လိုအပ်သည်။

၉.၁၂။ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် ဒေသခံပြည်သူများနှင့် အခြားပြည်သူ အစုအဖွဲ့များ၏ ဓလေ့ထုံးတမ်းစနစ်အရ လုပ်ပိုင်ခွင့်နှင့်ပတ်သက်သည့် အဂတိလိုက်စားမှုများကို တားဆီးရန် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းပြီး ပူးပေါင်း၍ ဆောင်ရွက်သင့်သည်။

## ၁၀။ တရားဝင် မဟုတ်သော လုပ်ပိုင်ခွင့်

၁၀. ၁။ မြေယာ၊ သားငါးနှင့် သစ်တောများအား တရားပင်မဟုတ်သော လုပ်ပိုင်ခွင့်များရှိပါက အစိုးရအနေဖြင့် ပကတိအခြေအနေမှန်ကို သိရှိပြီး လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အဆင်ပြေချောမွေ့မှုရှိစေရန် နိုင်ငံတော်၏ဥပဒေအရ လက်ရှိတည်ရှိနေသော အခွင့်အရေးများကို အလေးပြု၍ အသိအမှတ်ပြုသင့်သည်။ အစိုးရသည် တရားဝင်မဟုတ်သော ပိုင်ဆိုင်မှုများအား အသိအမှတ်ပြုရန်အတွက် မူဝါဒများနှင့်ဥပဒေများကို ဖော်ဆောင်သင့်သည်။ အကျိုးသက်ရောက်ခြင်းခံရသော လူအဖွဲ့အစည်းနှင့် တစ်ဦးချင်းစီ၏ နည်းပညာနှင့် ဥပဒေဆိုင်ရာ ပံ့ပိုးမှုများ ရရှိရန်အတွက် မူဝါဒများနှင့် ဥပဒေများချမှတ်သော ဖြစ်စဉ်များတွင် ကျား/မ မခွဲခြားဘဲ ပူးပေါင်း ဆောင်ရွက်သင့်သည်။ အထူးသဖြင့် တစ်နေရာမှ တစ်နေရာရွှေ့ပြောင်းသော အုပ်စုကြီးများတွင် တရားဝင်မဟုတ်သော လုပ်ပိုင်ခွင့် ပေါ်ပေါက်ပါက အစိုးရအနေဖြင့် အသိအမှတ်ပြုသင့်သည်။

၁၀. ၂။ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်နှင့် အပြည်ပြည်ဆိုင်ရာဥပဒေများအရ လက်ရှိဆောင်ရွက်နေသော တာဝန်များ၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာစာချုပ်စာတမ်းများအရ ဆောင်ရွက်နေသော တာဝန်များနှင့်အညီ တရားဝင်မဟုတ်သော လုပ်ပိုင်ခွင့်နှင့် ပတ်သက်သည့် ပြည့်စုံလုံလောက်သော အိမ်ယာများ ပိုင်ဆိုင်ခွင့်ရစေခြင်းကဲ့သို့ လုပ်ငန်းစဉ်များ ပါဝင်သည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်သင့်သည်။

၁၀. ၃။ နိုင်ငံတော်အစိုးရသည် တရားဝင် မဟုတ်သော လုပ်ပိုင်ခွင့်များကို ဥပဒေနှင့်ညီညွတ်သော အသိအမှတ်ပြုခြင်းကို ဆောင်ရွက်သည့်အခါ ဌားရမ်းလုပ်ကိုင်သူများကိုပါ ပူးပေါင်းပါဝင် လုပ်ဆောင်စေခြင်း၊ ကျား/မ မခွဲခြားသော နည်းလမ်းများဖြင့် ဆောင်ရွက်သင့်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် အစိုးရသည် လယ်သမားငယ်များနှင့် အစားအစာထုတ်လုပ်သည့် အသေးစားလုပ်ငန်းရှင်များကို အထူးအလေးပေးလုပ်ဆောင်သင့်သည်။ ထိုလုပ်ငန်းစဉ် များသည် ဥပဒေပြုဆောင်ရွက်ချက်များကို ချောမွေ့စေရန်နှင့် ကုန်ကျစရိတ်အနည်းဆုံး ဖြစ်စေရန် ဆောင်ရွက်စေသင့်သည်။ အစိုးရသည် ခြည်သူအစုအဖွဲ့များနှင့် ပါဝင်ပတ်သက်သူများအား နည်းပညာနှင့် ဥပဒေဆိုင်ရာ အထောက်အပံ့များပေးရန် တွန်းအားပေးသင့်သည်။

အပိုင်း ၄

# မြေယာလုပ်ပိုင်ခွင့်နှင့်တာဝန်ဝတ္တရားများကို လွှဲပြောင်းခြင်းနှင့် အခြားပြုပြင်ပြောင်းလဲမှုများ

ဤအခန်းတွင် မြေယာ၊ သားငါးနှင့် သစ်တောများ လုပ်ပိုင်ခွင့်အား စီမံခန့်ခွဲခြင်းကို ဖော်ပြရာတွင် လက်ရှိ လုပ်ပိုင်ခွင့်နှင့် ဆက်စပ်နေသော တာဝန်ဝတ္တရားများကို ပြန်လည်လွှဲပြောင်းပေးချိန် (သို့မဟုတ်) ဈေးကွက်မှ တဆင့် သဘောဆန္ဒနှင့် သဘောဆန္ဒမပါသော နည်းလမ်းများဖြင့် ပြန်လည်နေရာချထားသော လုပ်ငန်းများ ပြုလုပ်ချိန်များတွင် ရင်းနှီးမြှုပ်နှံခြင်းများ၊ မြေယာပေါင်းစည်းခြင်းနှင့် အခြားပြန်လည် ညှိနှိုင်းသော နည်းလမ်း များ၊ လျော်ကြေးပေးခြင်း၊ အများပြည်သူအကျိုးငှာ လျော်ကြေးပေး၍ သိမ်းယူခြင်း၊ ပြန်လည်ခွဲဝေပေးသော ပြုပြင်ပြောင်းလဲမှုများ၏ ရလဒ်အနေဖြင့် လွှဲပြောင်းပိုင်ခွင့်များအကြောင်းဝါဝင်ပါသည်။

## ၁၁။ ဈေးကွက်များ

၁၁. ၁။ သင့်တော်သော နေရာများတွင် မြေယာ၊ သားငါးနှင့် သစ်တောများ ပိုင်ဆိုင်အသုံးပြုနိုင်မှု ရပိုင်ခွင့်များကို လွှဲပြောင်းသော နည်းလမ်းများအားဖြင့် သင့်တင့်လျော်ပတ်သော ရောင်းချမှုနှင့် အငှား ဈေးကွက်များကို နိုင်ငံတော်အစိုးရက အသိအမှတ်ပြုလုပ်ဆောင်ပေးသင့်သည်။ လုပ်ပိုင်ခွင့် ဈေး ကွက်များ လည်ပတ်သောနေရာတွင် အစိုးရသည် လုပ်ဆောင်ချက်များ အားလုံးကို သက်ဆိုင် သော ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ နည်းဥပဒေများရှိ လုပ်ဆောင်သော အလုပ်များနှင့် ၎င်းတို့၏ လက်ရှိဥပဒေများ၊ အပြည်ပြည်ဆိုင်ရာ၏ ဥပဒေစိုးမိုးမှုအောက်တွင်ရှိသော လက်ရှိ စည်းမျဉ်းများနှင့် ကိုက်ညီအောင် သေချာစွာလုပ်ဆောင်သင့်သည်။ မြေယာ၊ သားငါးနှင့် သစ် တောများ လုပ်ပိုင်ခွင့်လွှဲပြောင်းခြင်းကို အမျိုးသားဆိုင်ရာ မြေယာအသုံးချမှု မူဘောင်သတ် မှတ်ခြင်း အတိုင်း လိုက်နာသင့်ပြီး ဖွံ့ဖြိုးတိုးတက်မှု ဗဟိုရည်မှန်းချက်ကို မထိခိုက်စေသင့်ပါ။

၁၁. ၂။ နိုင်ငံတော်အစိုးရသည် ဆင်းရဲနွမ်းပါးသူများ၏ ပူးပေါင်းပါဝင်မှုကို တိုးမြှင့်ခြင်း၊ စီးပွားရေး အခွင့်အလမ်းများ ချဲ့ထွင်ခြင်း၊ သာတူညီမျှမှု ပိုမိုကောင်းမွန်သော သဘောတူညီချက်များနှင့် လိုက်လျောညီထွေဖြစ်သည့် မြေယာ၊ သားငါး၊ သစ်တောများနှင့် ဆက်စပ်နေသော မျိုးရိုးဗီဇ ဆိုင်ရာ အရင်းအမြစ်များ အသုံးပြုမှုတို့ကို အဝင်ဂွင်ကျဖြစ်စေသင့်သည်။ မြေယာ၊ သားငါးနှင့် သစ်တောများ ရေရှည်တည်တံ့ရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုများကို တိုးမြှင့်ရန်၊ ရှုပ်ထွေး မှုများနှင့် မတည်ငြိမ်မှုများကို လျော့နည်းစေသော နှစ်ဘက်အကျိုးတူ လွှဲပြောင်းမှုအတွက် တူညီ သော အခြေအနေနှင့် အခွင့်အရေးများအောက်တွင် ပူးပေါင်းပါပင်ခြင်းတို့ကို အကျိုးသက် ရောက်မှုရှိပြီး ပွင့်လင်းသောဈေးကွက်များ၏ လုပ်ဆောင်ချက်များကို အဆင်ပြေအောင် ဆောင် ရွက်သင့်သည်။ ဒေသခံ ပြည်သူအစုအဖွဲ့၊ ဒေသခံတိုင်းရင်းသား လူမျိုးများနှင့် အားနည်းသော လူမျိုးစုများအပေါ် ထိခိုက်နာကျင်စေနိုင်သည့် မလိုလားအပ်သည့် သက်ရောက်မှုများဖြစ်သည့် အချင်းချင်းမဟာမိတ်ဖွဲ့ခြင်း၊ မြေယာဈေးကစားခြင်း၊ မြေယာစုပေါင်းရောင်းချမှုနှင့် ဓလေ့ ထုံးတမ်းအရ လုပ်ပိုင်ခွင့်ပုံစံများ မှားယွင်းစွာ အသုံးပြုမှုများကြောင့် ပေါ်ပေါက်လာနိုင်သော ဆင်းရဲသားများနှင့် ထိခိုက်နစ်နာသော လူများပေါ် မနှစ်မြို့ဖွယ် အကျိုးသက်ရောက်မှုများကို ကာကွယ်ရန် အစိုးရက ဆောင်ရွက်သင့်သည်။ တရားဝင် မူဘောင်မရှိသော ဈေးကွက်များ

တွင် အမြဲတမ်း ကောင်းစွာ အသိအမှတ်မပြုသော လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တန်ဖိုးထားမှုများကို နိုင်ငံတော်အစိုးရနှင့် အခြားအဖွဲ့အစည်းများက အသိအမှတ်ပြုသင့်သည်။ သင့်တော်သော လုပ်ပိုင်ခွင့်မူဝါဒများနှင့် ဥပဒေများမှတဆင့် လူမှုအဖွဲ့အစည်းများ ကျယ်ကျယ်ပြန့်ပြန့်စိတ်ပင်စားလာမှုများကို အစိုးရက စောင့်ရှောက်ကာကွယ်ပေးသင့်သည်။

၁၁. ၃။ ယှဉ်ပြိုင်နိုင်စွမ်းမရှိသော ဈေးကွက်လုပ်ဆောင်ချက်များကို ကာကွယ်ရန်နှင့် အဆင့်အတန်းမခွဲခြားသော အခွင့်အလမ်းများကို ပံ့ပိုးရန်အတွက် ထိရောက်မှုရှိပြီး ပွင့်လင်းမြင်သာသော ဈေးကွက်လုပ်ဆောင်ချက်များမှန်ကန်စေရန် မူပါဒများ၊ ဥပဒေများ၊ မူဘောင်များ သတ်မှတ်သည့် စနစ်များနှင့် အဖွဲ့အစည်းများကို အစိုးရက ဖွဲ့စည်းတည်ထောင်ပေးသင့်သည်။ အစိုးရအနေဖြင့် ဆင်းရဲနွမ်းပါးသောသူများကို ဈေးကွက်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရာ၌ ဟန့်ထားမှုများကို ရှောင်ကြဉ်ရန်အလို့ငှာ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်များကို ရိုးရှင်းလွယ်ကူအောင်ပြုလုပ်ရမည်။

၁၁. ၄။ သီးသန့်ကန့်သတ်ချက်များနှင့်အညီ ဈေးကွက်အတွင်းရှိ အရောင်းအဝယ်ဆိုင်ရာ သတင်းများနှင့် ဈေးနှုန်းသတင်းအချက်အလက်များကို ပွင့်လင်းမြင်သာ၍ အများပြည်သူမှ ကျယ်ပြန့်စွာ သိရှိစေရန် အစိုးရနှင့် အမြားအဖွဲ့များက ဆောင်ရွက်ပေးသင့်သည်။ အစိုးရသည် သတင်းအချက်အလက်များကို အကဲဖြတ်ပြီး ကျယ်ပြန့်၍ သာတူညီမျှမှုရှိသော ဈေးကွက်လုပ်ဆောင်မှုများကို ဟန့်တားခြင်း (သို့မဟုတ်)ဆန့်ကျင်ဘက် အခြေအနေရှိသော ဈေးကွက်များကို စောင့်ကြည့်အရေးယူဆောင်ရွက်မှုများပြုလုပ်သင့်သည်။

၁၁. ၅။ နိုင်ငံတော်အစိုးရသည် မြေယာဈေးကွက်အတွင်း စွန့်စားရမှုနှင့် ကုန်ကျစရိတ်များကို လျှော့ချရန်နှင့် လုပ်ပိုင်ခွင့်များကို ပိုမိုစိတ်ချလုံခြုံစေရန် အကောက်ခွန်များနှင့် လုပ်ပိုင်ခွင့်များ ပတ်သက်သော သတင်း အချက်အလက်များကို ထောက်ပံ့ပေးသည့် မြေယာမှတ်ပုံတင်များ ကဲ့သို့သော သင့်တင့်ပြီး လိုက်လျောညီထွေမှုရှိသည့် မှတ်တမ်းစနစ်များကို ဖွဲ့စည်းတည်ထောင်သင့်သည်။

၁၁. ၆။ နိုင်ငံတော်အစိုးရသည် ခင်ပွန်း (သို့မဟုတ်) ဇနီးများ၊ မိသားစုဝင်များနှင့် မြေယာမှတ်ပုံတင်ကဲ့သို့သော မှတ်တမ်းစနစ်များအရ အမည်ပေါက်ပိုင်ဆိုင်ခွင့်မရှိသောသူများ၏ တရားဝင်လုပ်ပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်ရန် စနစ်တစ်ခု ဖွဲ့စည်းတည်ထောင်သင့်သည်။

၁၁. ၇။ အစိုးရနှင့် အစိုးရမဟုတ်သော ဆောင်ရွက်သူများသည် လူကျင့်ဝတ်နှင့်ဆိုင်သည့် စံသတ်မှတ်ချက်များကို ကျင့်သုံးစောင့်ထိန်းသင့်သည်။ အထူးသဖြင့် ပြည်သူများ၏ ထုတ်ဖော်ချက် များမှတဆင့် ဈေးကွက်ဆောင်ရွက်မှုများတွင်ရှိသော အဂတိလိုက်စားမှုများကို တားဆီးရာတွင် ဤစံသတ်မှတ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မှုကို အကဲဖြတ်ပြီး အများပြည်သူသိအောင် ကြေငြာသင့်သည်။

၁၁. ၈။ အမျိုးသားဆိုင်ရာ စားနပ်ရိက္ခာဖူလုံမှုနှင့် လူမှုရေးတည်ငြိမ်မှုတို့အတွက် အသေးစားလုပ်ငန်းရှင်များ၏ အရေးပါမှုများတွင် ရောင်းဝယ်လုပ်ပိုင်ခွင့်ကိစ္စများ၏ ဈေးကွက်အတွင်း ဆောင်ရွက်မှုများကို လွယ်ကူလျင်မြန်စေရန် ဆောင်ရွက်ပေးသင့်ပြီး ၎င်းလုပ်ငန်းရှင်များ၏ လုပ်ပိုင်ခွင့်များကို ကာကွယ်ပေးသင့်သည်။

## ၁၂။ ရင်းနှီးမြှုပ်နှံခြင်းများ

၁၂. ၁။ ပြည်သူပိုင်နှင့် ပုဂ္ဂလိကပိုင်ရင်းနှီးမြှုပ်နှံမှုများသည် စားနပ်ရိက္ခာဖူလုံရေးအတွက် မရှိမဖြစ်လိုအပ်သည်ကို အစိုးရနှင့် အစိုးရမဟုတ်သော ဆောင်ရွက်သူများက အသိအမှတ် ပြုသင့်သည်။ စိတ်ချယုံကြည်ရသော လုပ်ပိုင်ခွင့်အား စီမံခန့်ခွဲခြင်းသည် လုပ်ပိုင်ခွင့်ရှိသူများအား ပိုမိုမြင့်မားသော ဝင်ငွေကို ရရှိစေပြီး ရေရှည်တည်တံ့သော စိုက်ပျိုးရေး ထုတ်လုပ်မှုကို တိုးတက်စေလျက် မြေယာ၊ သားငါးနှင့် သစ်တော အရင်းအမြစ်များတွင် လုံလောက်သော ရင်းနှီးမြှုပ်နှံမှုများကို မြုလုပ်စေရန် အားပေးပါသည်။ နိုင်ငံတော်သည် လယ်ယာလုပ်ငန်းစနစ် အမျိုးမျိုးတွင်ရှိသော လူမှုရေး၊ စီးပွားရေးနှင့် သဘာပပတ်ပန်းကျင်ဆိုင်ရာ ဦးတည်ချက်များကို ကျယ်ကျယ်ပြန့်ပြန့် အထောက်အကူပြုသည့် မြေယာ၊ သားငါးနှင့် သစ်တောတို့တွင် လုံလောက်သော ရင်းနှီးမြှုပ်နှံမှု

များကို တိုးမြှင့်စေရန် ထောက်ပံ့မှုများ ပြုလုပ်သင့်သည်။ နိုင်ငံတော်၏ ဆောင်ရွက်ချက်များသည် လက်ရှိဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ နည်းဥပဒေများ၏ လုပ်ဆောင်ရမည့် သဘောတူညီချက်များ အပေါ်တွင် မူတည်၍ အမျိုးသားနှင့် နိုင်ငံတကာဥပဒေများ၏ လက်ရှိလိုက်နာဆောင်ရွက်ရမည့် တာဝန်များနှင့်လည်း ကိုက်ညီသင့်သည်။

၁၂.၂။ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လုပ်ခွင်ငယ်တောင်သူများနှင့် ၎င်းတို့၏ အဖွဲ့အစည်းများအနေဖြင့် စိုက်ပျိုးရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုများတွင် အဓိကဖြစ်ပြီး စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရဓာတ်ပြည့်ဝရေး၊ ဆင်းရဲနွမ်းပါးမှုပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ကြောင့် ထိခိုက်မှုကို ခံနိုင်ရည်ရှိရေးတို့တွင် အဓိကနေရာမှ ပါဝင်လျက်ရှိသည့်အလျောက် နိုင်ငံတော်အနေဖြင့် လုပ်ကွက်ငယ်တောင်သူများ၏ ရင်းနှီး မြှုပ်နှံမှုများသာမက အများပြည်သူနှင့် ပုဂ္ဂလိကကုမ္ပဏီငယ်၏ ရင်းနှီးမြှုပ်နှံမှုများကိုပါ ပံ့ပိုးမှုများပြုလုပ်သင့်ပါသည်။

၁၂.၃။ မြေယာလုပ်ပိုင်ခွင့်ပြောင်းလဲမှုပုံစံများ အားလုံး၏ အကျိုးရလဒ်အနေဖြင့် မြေယာ၊ သားငါးနှင့် သစ်တောများ၏ ရင်းနှီးမြှုပ်နှံမှုများကို သက်ဆိုင်ရာ အမျိုးသားရေးဆိုင်ရာ ကဏ္ဍအလိုက် မူဝါဒများနှင့် လိုက်လျောညီထွေဖြစ်စေသော လုပ်ကွက်ငယ်တောင်သူများအတွက် ရေရှည်တည်တံ့သော လူအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များနှင့်လည်း ကိုက်ညီစေပြီး ပွင့်လင်းမြင်သာအောင် ဆောင်ရွက်သင့်ပါသည်။

၁၂.၄။ လူ့အခွင့်အရေးကို လေးစားလိုက်နာသော ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုမရှိသော လုပ်ပိုင်ခွင့်တရားပင်ရရှိထားသူထံမှ အသိမ်းခံရခြင်းဘေးမှ ကာကွယ်ပေးနိုင်သော စိတ်ချယုံကြည်ရသည့် အန္တရာယ်မရှိသော ရင်းနှီးမြှုပ်နှံမှုများကို ပြုလုပ်သင့်ပါသည်။ ထိုရင်းနှီးမြှုပ်မှုများကို လုပ်ဆောင်ရာတွင် သက်ဆိုင်သော အစိုးရအဖွဲ့ အစည်းများနှင့် မြေယာ၊ သားငါးနှင့် သစ်တောလုပ်ပိုင်ခွင့်တရားဝင်ရရှိထားသော ဒေသခံပုဂ္ဂိုလ်များ ပူးပေါင်း၍ ကြိုးပမ်းသင့်ပါသည်။ ၎င်းတို့သည် မူဝါဒဆိုင်ရာ ရည်မှန်းချက်များဖြစ်သော ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ရေရှည်တည်တံ့သော မြေယာ၊ သားငါးနှင့် သစ်တောများအသုံးချမှု၊ ဒေသခံအဖွဲ့အစည်းများအား ပံ့ပိုးကူညီမှု၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတွင်ပူးပေါင်းပါဝင်မှု၊ ဒေသဆိုင်ရာ စားနပ်ရိက္ခာထုတ်လုပ်မှုစနစ် စိတ်ချစေရေး တိုးမြှင့်စေခြင်း၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအား မြှင့်တင်ခြင်း၊ အလုပ်အကိုင်ဖန်တီးပေးခြင်း၊ အမျိုးမျိုးသော လူနေမှုဘဝများ၊ ဆင်းရဲနွမ်းပါးသောသူများပါဝင်စေပြီး ပြည်သူများနှင့် နိုင်ငံအတွက် အကျိုးစီးပွားရရှိစေခြင်း အစရှိသည်တို့တွင် ပါပင်လာစေရေးအတွက် ကြိုးပမ်းသင့်ပါသည်။ ထို့အပြင် ရင်းနှီးမြှုပ်နှံမှုများကို ပြုလုပ်ရာတွင် အမျိုးသားဥပဒေများနှင့် နိုင်ငံတကာ အလုပ်သမားစံသတ်မှတ်ချက်များကို လိုက်နာပြီး အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း၏ စံသတ်မှတ်ချက်များနှင့် သက်ဆိုင်သည် လိုက်နာရမည့် တာဝန်ဝတ္တရားများနှင့် ကိုက်ညီရပါမည်။

၁၂.၅။ နိုင်ငံတော်အစိုးရသည် သင့်တော်သော အကြံဉာဏ်ရယူမှုများ၊ အချိုးကျသော ပူးပေါင်းဆောင်ရွက်မှုများ၊ ပွင့်လင်းမြင်သာသော စည်းမျဉ်းများနှင့် ကျယ်ပြန့်သော အမျိုးသားဆိုင်ရာ လုပ်ပိုင်ခွင့် လုပ်ငန်းများအတွက် အခြေခံ မူဝါဒများကို သတ်မှတ်သင့်ပါသည်။

၁၂.၆။ နိုင်ငံတော်အစိုးရသည် ကြီးမားသော မြေယာလွှဲပြောင်းလုပ်ပိုင်ခွင့်များကြောင့် ထိခိုက်လာနိုင်သော တရားဝင် လုပ်ပိုင်ခွင့်၊ လူ့အခွင့်အရေး၊ အသက်မွေးဝမ်းကျောင်းမှုများ၊ စားနပ်ရိက္ခာဖူလုံမှုနှင့် ဝတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ်များကို ကာကွယ်ပေးသည့် လုံခြုံမှုကို စီစဉ်ပေးသင့်သည်။ ထိုအစီအစဉ်များတွင် ခွင့်ပြုပေးနိုင်သော အမြင့်ဆုံးမြေယာလွှဲပြောင်းမှုအား သတ်မှတ်ခြင်းနှင့် လွှဲပြောင်းပေးရမည့် ထိန်းသိမ်းမှု စည်းမျဉ်းများကို လွှတ်တော်မှသာ အတည်ပြုချက်များဖြင့် ပြဋ္ဌာန်းဆောင်ရွက်သင့်သည့်။ နိုင်ငံတော်သည် ရင်းနှီးမြှုပ်နှံသူထံ ပမာဏကြီးမားသော မြေယာလုပ်ပိုင်ခွင့် လွှဲပြောင်းခြင်းဖြင့် နိုင်ငံတော်၏ထုတ်လုပ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်နိုင်မည်မဟုတ်သည်ကို စဉ်းစားသင့်သည်။ ထိုသို့ လွှဲပြောင်းပေးခြင်းထက် ဒေသခံလုပ်ပိုင်ခွင့် ရရှိသူများနှင့် တွဲဖက်လုပ်ကိုင်ခြင်းကို အားပေးသင့်သည်။

၁၂.၇။ နိုင်ငံတော်အနေဖြင့် ဒေသခံတိုင်းရင်းသားများနှင့် ဒေသခံပြည်သူအစုအဖွဲ့များအကျိုးအတွက် ဆောင်ရွက်ချက်များအားလုံးကို ၎င်းတို့၏ နိုင်ငံတော်နှင့် အပြည်ပြည်ဆိုင်ရာဥပဒေများရှိ လက်ရှိ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီသင့်သည်။ ထို့ပြင် အမေရိကန်ပြည်ထောင်စု၏ ဒေသခံ ပြည်သူများရပိုင်ခွင့် ကြေညာချက်နှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ညီလာခံနံပါတ် (၁၆၉)နှင့် ကိုက်ညီသော ဒေသတွင်းမှ အပြည်ပြည်ဆိုင်ရာ လက်တွေ့လုပ်ဆောင်လျက်ရှိသော နည်းဥပဒေများအောက်ရှိ တာဝန်ယူ လုပ်ကိုင်ဆောင်ရွက်မှုများနှင့်လည်း ကိုက်ညီသင့်သည်။ နိုင်ငံတော်နှင့်အခြား အဖွဲ့အစည်းများသည် ဒေသခံပြည်သူ အစုအဖွဲ့များ၏ လုပ်ပိုင်ခွင့် ရရှိထားသော အရင်းအမြစ်များကို အကျိုးသက်ရောက်စေသည့် ရင်းနှီးပြုပ်နှံမှု စီမံကိန်းများမစတင်မီ ဒေသခံပြည်သူများနှင့် ရိုးသားပွင့်လင်းစွာ ညှိနှိုင်းတိုင်ပင်သင့်သည်။ အဆိုပါ စီမံကိန်းများသည် စာပိုဒ် (၉၉)တွင် ဖော်ပြထားသည့်အတိုင်း ဒေသခံပြည်သူများနှင့် ထိရောက်၍ အဓိပ္ပာယ်ရှိသော ညှိနှိုင်းဆွေးနွေးမှုများပေါ်တွင် အခြေခံသင့်သည်။ ညှိနှိုင်းဆွေးနွေးမှု လမ်းညွှန်ချက်များတွင် ပါဝင်သော အခြေခံမှုများကို စွမ်းအားစုများ သုံးစွဲသည့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သော အခြား ပြည်သူအစုအဖွဲ့များက အသုံးချသင့်သည်။

၁၂.၈။ နိုင်ငံတော်အစိုးရသည် အကျိုးခံစားရသော အဖွဲ့အစည်းများအားလုံးနှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ပြီး လမ်းညွှန်ချက်များတွင်ပါရှိသော အခြေခံမှုများနှင့် လိုက်လျောညီထွေဖြစ်သော ရင်းနှီး မြှုပ်နှံမှုများကို သတ်မှတ်သင့်သည်။ ထို့ပြင် ရေရှည်တည်တံ့သော ဝတ်ဝန်းကျင် အသုံးပြုမှု၊ စားနပ်ရိက္ခာဖူလုံမှုကို အားပေးခြင်း၊ လူ့အခွင့်အရေးအား လေးစားလိုက်နာသော သင့်လျော် သည့် ရင်းနှီးမြှုပ်နှံမှုများကို တွန်းအားပေးသည့် မူဝါဒနှင့် ဥပဒေများကို အများပြည်သူသိအောင် ပြဋ္ဌာန်းသင့်သည်။ ဥပဒေများသည် ရင်းနှီးမြှုပ်နှံမှုများကို တိကျစွာသတ်မှတ်ထားသော အဖွဲ့ အစည်းများအားလုံးအတွက် လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများအား သဘောတူညီမှုများ လိုအပ် သည်။ ရင်းနှီးမြှုပ်နှံမှုများအတွက် သဘောတူညီမှုများသည် အမျိုးသားဆိုင်ရာ တရားဝင် မူဘောင်များနှင့် ရင်းနှီးမြှုပ်နှံမှု တရားမကျင့်ထုံးဥပဒေများကို လိုက်နာရမည်။

၁၂.၉။ နိုင်ငံတော်အစိုးရသည် သိမ်းယူခြင်းနှင့် အစုစပ်သဘောတူညီမှုများ ပါဝင်သော လုပ်ပိုင်ခွင့်ပုံစံ အမျိုးမျိုး၊ ညှိနှိုင်းဆွေးနွေးမှုနှင့် လမ်းညွှန်ချက်များတွင် ပါဝင်သော အခြေခံမှုများနှင့် ကိုက်ညီ သည့် လုပ်ပိုင်ခွင့်ကို အကျိုးသက်ရောက်မှု ရှိစေနိုင်မည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြဋ္ဌာန်းချက်ကို မြှုလုပ်သင့်သည်။ နိုင်ငံတော်နှင့် ဆက်စပ်သော အခြားအဖွဲ့အစည်းများတွင် တစ်ဦးချင်း၊ မိသားစု များ၊ ပြည်သူအစုအဖွဲ့များ၏ လုပ်ပိုင်ခွင့်များကို အသိပေးသင့်ပြီး အတတ်ပညာဆိုင်ရာ ကူညီမှု များပါဝင်သော ၎င်းတို့၏ စွမ်းဆောင်ရည်ကို မြှင့်တင်စေနိုင်သည့် ညှိနှိုင်းဆွေးနွေးမှုများနှင့် ပူးပေါင်းပါဝင်မှုများဖြင့် ကူညီပေးသင့်သည်။

၁၂.၁၀။ ကြီးမားသောလုပ်ပိုင်ခွင့် လွှဲပြောင်းမှုများပါဝင်သည့် ရင်းနှီးမြှုပ်နှံမှုများတွင် သိမ်းယူခြင်းနှင့် အစုစပ် သဘောတူညီမှုများကို ထည့်သွင်းစဉ်းစားပြီး နိုင်ငံတော်သည် အဖွဲ့အစည်း အသီးသီး အား လုပ်ပိုင်ခွင့်၊ စားနပ်ရိက္ခာဖူလုံမှုနှင့် လုံလောက်သော စားနပ်ရိက္ခာရရှိနိုင်မှု အခွင့်အလမ်း တိုးတက်သိရှိစေခြင်း၊ လူနေမှုဘဝများနှင့် ပတ်ဝန်းကျင်အပေါ် ရင်းနှီးမြှုပ်နှံမှုများ၏ အကောင်း အဆိုးအကျိုး သက်ရောက်မှုများကို ရှေးဦးစွာ လွတ်လွတ်လပ်လပ် ဆန်းစစ်နိုင်သော ပြဋ္ဌာန်း ချက်များ ချမှတ်နိုင်ရန် ကြိုးပမ်းသင့်သည်။ နိုင်ငံတော်သည် မဓလေ့ထုံးစံနှင့် တရားမဝင် လုပ်ပိုင် ခွင့်တို့ ပါဝင်သော အသေးစား ထုတ်လုပ်သူများကဲ့သို့ လက်ရှိ တရားဝင် ပြဋ္ဌာန်းထားသော လုပ် ပိုင်ခွင့် တောင်းဆိုပိုင်ခွင့်များကို စနစ်တကျဖြစ်စေပြီး ဘက်မလိုက်ပဲ သတ်မှတ်သင့်သည်။ ထိုလုပ်ငန်းကို အကျိုးသက်ရောက်မှုရှိသည် အဖွဲ့အစည်းများနှင့် ညှိနှိုင်းမှု၊ လမ်းညွှန်ချက်များတွင်

ပါဝင်သော အခြေခံမူများနှင့် ကိုက်ညီသည့် ညှိနှိုင်း ဆွေးနွေးမှုများ ပြုလုပ်ကာ ဆောင်ရွက်သင့်ပါသည်။ နိုင်ငံတော်သည် ထိုရင်းနှီးမြှုပ်နှံမှုများကို လက်ရှိတည်ဆဲ လုပ်ပိုင်ခွင့်ဆိုင်ရာ ဥပဒေများကို မထိခိုက်စေရန် လုပ်ဆောင်သင့်သည်။

၁၂. ၁၁။ ပူးပေါင်းဆောင်ရွက်သော အဖွဲ့အစည်းများသည် စေ့စပ်ညှိနှိုင်းမှုများကို ပဋိညာဉ်စာချုပ်တွင် ပါဝင်သူများ၊ သက်ဆိုင်သူများအားလုံးပါဝင်စေပြီး အကျိုးသက်ရောက်မှုရှိမည့် သူများအားလုံးကို သဘောတူညီချက်များနှင့် သတင်းအချက်အလက်များကို ဖြန့်ဝေခြင်း၊ မှတ်တမ်းတင် ထားရှိခြင်းကို ဆောင်ရွက်ပေးသင့်သည်။ စေ့စပ်ညှိနှိုင်းခြင်း လုပ်ငန်းများသည် အဆင့်အတန်းနှင့် ကျား/မ မခွဲခြားသင့်ပါ။

၁၂. ၁၂။ ရင်းနှီးမြှုပ်နှံမှုများသည် ဤလမ်းညွှန်ချက်တွင် ပါဝင်သည့်အတိုင်း အစိုးရမဟုတ်သည့် ပုဂ္ဂိုလ်များအတွက် ချမှတ်ထားသော အခြေခံမူများ၊ စည်းကမ်းများနှင့် အမျိုးသားဥပဒေနှင့် ပြဋ္ဌာန်းထားသော တည်ဆဲလုပ်ပိုင်ခွင့်များကို လေးစားလိုက်နာရန် တာဝန်ရှိသည်။ ရင်းနှီးမြှုပ်နှံမှုများကြောင့် စားနပ်ရိက္ခာ ဖူလုံမှုနှင့် ပတ်ပန်းကျင်ကို ထိခိုက်စေမှုများ မဖြစ်သင့်ပါ။

၁၂. ၁၃။ နိုင်ငံတော်အစိုးရတွင် ကျွမ်းကျင်အတတ်ပညာရှင်များ၊ ရင်းနှီးမြှုပ်နှံသူများနှင့် မြေယာ၊ သားငါးနှင့် သစ်တောလုပ်ပိုင်ခွင့်ရှိသူများသည် အထူးတောင်းဆိုချက်များ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ၎င်းတို့၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် လုံ့လဝီရိယရှိစွာဖြင့် အကောင်းဆုံး လုပ်ဆောင်သင့်သည်။

၁၂. ၁၄။ နိုင်ငံတော်အစိုးရနှင့် အကျိုးသက်ရောက်စေသည့် အဖွဲ့များသည် အကြီးစားမြေယာလုပ်ပိုင်ခွင့်လွှဲပြောင်းမှုများ၊ သိမ်းယူခြင်းများနှင့် အစုစပ်လုပ်ငန်းသဘောတူညီမှုများ ပါဝင်သော လုပ်ငန်းများ၏ လုပ်ဆောင်ချက်များကို ထိရောက်သော အကဲဖြတ်မှုများ ပြုလုပ်ရာတွင် ပါဝင်သင့်သည်။ ထိခိုက်သော အဖွဲ့အစည်းများက လုပ်ပိုင်ခွင့်နှင့် တခြားအခွင့်အရေးများကို ကာကွယ်ရန်နှင့် တွန်းအားပေးသော သဘောတူညီမှုများလိုအပ်၍ တောင်းဆိုလာပါက နိုင်ငံတော်သည် ပြုပြင်ဆောင်ရွက်မှုများကို ပြုလုပ်သင့်သည်။

၁၂. ၁၅။ နိုင်ငံတော်အစိုးရသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်း (သို့မဟုတ်)၊ ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ခြင်းများပြုလုပ်ပါက ၎င်းတို့၏ လုပ်ဆောင်ချက်သည် တရားဝင်လုပ်ပိုင်ခွင့်ရှိရမည့်အပြင် စားနပ်ရိက္ခာဖူလုံမှုကို တိုးမြှင့်စေရန်နှင့် အမျိုးသားနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေများရှိ စည်းမျဉ်းများနှင့် ကိုက်ညီစေရန် လက်ရှိ ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ နည်းဥပဒေများမှ သဘောတူညီ ဆောင်ရွက်ချက်များကို လေးစားလိုက်နာရမည်။

## ၁၃။ မြေယာပေါင်းစည်းခြင်းနှင့် အခြားပြန်လည်မြှင်ဆင်မှုနည်းလမ်းများ

၁၃. ၁။ နိုင်ငံတော်အစိုးရသည် ရေရှည်တည်တံ့ခိုင်မာစေသော ပုံစံတစ်ခုအဖြစ် စားနပ်ရိက္ခာဖူလုံမှုနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုကို တိုးမြှင့်ခြင်းများ အပါအဝင် မြေပိုင်ရှင်များနှင့် ၎င်းမြေယာကို လုပ်ကိုင်အသုံးချနေသူများကို ကူညီပေးရန်နှင့် ယင်းတို့၏ ဦးပိုင်မြေ သို့မဟုတ် မြေယာအသုံးချမှုနှင့် ဖွဲ့စည်းပုံ  တိုးမြှင့်စေရန်အတွက် ဦးပိုင်မြေ သို့မဟုတ် မြေယာများကို ပြန်လည်ပြင်ဆင်မှု များပြုလုပ်ရန် မြေယာများကို ပေါင်းစည်းခြင်း၊ ပြောင်းလဲလုပ်ကိုင်စေခြင်း သို့မဟုတ် အခြားနည်းလမ်းများကို သင့်တော်သည့်နေရာများတွင် ထည့်သွင်းစဉ်းစားနိုင်ပါသည်။ အစိုးရဌာနများ၏ လုပ်ရပ်အားလုံးသည် အမျိုးသားရေးနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေများအရ ၎င်းတို့၏ စည်းမျဉ်းများနှင့် ကိုက်ညီမှုရှိပြီး သက်ဆိုင်သော ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ နည်းဥပဒေများအရ သဘောဆန္ဒအလျောက်တာဝန်ခံ လုပ်ကိုင်ဆောင်ရွက်မှုများကို အလေးထား၍

သေချာအောင် လုပ်ဆောင်ပေးသင့်ကာ ယခင်ကနှင့် နှိုင်းယှဉ်လျှင် စီမံကိန်းများ ပြီးစီးပါက အနည်းဆုံး ယင်းစီမံကိန်းတွင် ပါဝင်သူများကို ကြွယ်ဝချမ်းသာလာစေရန် သေချာစွာ လုပ်ဆောင်ပေးသင့် ပါသည်။ တရားပင် မြန်လည်ပြင်ဆင်မှုတစ်ခုပြုလုပ်မည်ဆိုပါက များပြားလှသော မြေပိုင်ရှင်များနှင့် မြေအသုံးချ လုပ်ကိုင်သူများ၏ ဆန္ဒများဖြင့် ပူးပေါင်းပါဝင်နိုင်ရန် ၎င်းနည်းလမ်းများကို အသုံးပြုသင့်ပါသည်။

၁၃. ၂။ နိုင်ငံတော်အစိုးရသည် အကျိုးကျေးဇူးခံစားခွင့်ရရှိသူများထံသို့ မြေကွက်များကို ခွဲပေနေရာချ သတ်မှတ်ပြီး သည်တိုင်အောင် ၎င်းမြေကွက်များကို ယာယီထိန်းသိမ်းထားနိုင်ခြီး မြေယာပေါင်းစည်းခြင်း အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သော မြေကန်သင်းရိုးများ ပြုလုပ်ပေးခြင်းကို သင့်တော်သည် နေရာများတွင် ထည့်သွင်းစဉ်းစားနိုင်ပါသည်။

၁၃. ၃။ နိုင်ငံတော်အစိုးရသည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ခြင်း၊ အများပြည်သူနှင့်ဆိုင်သော စီမံကိန်းများအတွက် အမြေခံ အဆောက်အအုံစီမံကိန်းများအတွက် ပုဂ္ဂလိကပိုင်မြေယာများ အသိမ်းခံရ ခြင်းကြောင့် ထိခိုက်နစ်နာရသော မြေပိုင်ရှင်များ၊ တောင်သူများနှင့် အသေးစား စားသောက်ကုန်ထုတ် လုပ်သူများကို ဆက်လက်စိုက်ပျိုးရန်နှင့် ထုတ်လုပ်မှုကို တိုးမြှင့်စေနိုင်ရန် လျော်ကြေးအဖြစ် မြေယာများကို အစားပေးခြင်းတို့တွင် မြေယာပေါင်းစည်းခြင်း၊ မြေကန်သင်းရိုးများ ပြုလုပ်ခြင်းနှင့် ပံ့ပိုးပေးခြင်းတို့ကို သင့်တော်သည့် နေရာများတွင် ထည့်သွင်းစဉ်းစားနိုင်ပါသည်။

၁၃. ၄။ နိုင်ငံတော်အစိုးရသည် စိုက်ပျိုးမွေးမြူရန် မြေယာပိုင်ဆိုင်မှုနည်းသော မိသားစုပိုင် လယ်ယာများနှင့် သစ်တောမြေများ၏ တစ်စိတ်တစ်ပိုင်းကို မြေယာကွက်များအသွင်သို့ ပြောင်းလဲရာတွင် ထုတ်လုပ်မှု စရိတ် ပို၍ကုန်ကျနိုင်သောကြောင့် ယင်းနေရာများတွင် ၎င်းလယ်ယာများနှင့် သစ်တောမြေများ၏ ဖွဲ့စည်း တည်ဆောက်မှု အသွင်အပြင်ကို မြှင့်တင်ပေးနိုင်ရန် မြေယာပေါင်းစည်းခြင်းနှင့် မြေကန်သင်း ရိုးများပြု လုပ်ခြင်းတို့ကို ထည့်သွင်းစဉ်းစားနိုင်ပါသည်။ အစိုးရသည် ပြဿနာအရပ်ရပ်ကို လျော့ချပေးနိုင်ခြင်း သို့မဟုတ် သီးနှံများကို အမျိုးမျိုး စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ပေးနိုင်သည့် တနိုင်တပိုင်မြေများတွင် မြေယာများ ပေါင်းစည်းခြင်းကို ထပ်ခါထပ်ခါ လုပ်ဆောင်သင့်ပါသည်။ လယ်ယာ မြေများကို ပြန်လည်ဖွဲ့စည်းတည်ဆောက်နိုင်ရန် ပြုလုပ်သော မြေယာပေါင်းစည်းခြင်း စီမံကိန်းများကို တောင်သူများအတွက် ရေသွင်းစနစ်များနှင့် ကုန်ထုတ်လမ်းမများကို ပြန်လည်ထူထောင်ပေးခြင်းစသည့် အထောက်အပံ့ပေးနိုင်သော အစီအစဉ်များနှင့်အတူ တွဲဖက်ဆောင်ရွက်သင့်ပါသည်။ အနာဂတ်တွင် ပေါင်းစည်းထားသော မြေယာကွက်များ ထပ်ဆင့်ခွဲခြမ်းခြင်းကို ကန့်သတ်ခြင်းဖြင့် မြေယာပေါင်းစည်း မြင်းတွင် ရင်းနှီးမြှုပ်နှံမှုများကို ကာကွယ်နိုင်ရန် နည်းလမ်းများအား ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင် သင့်ပါသည်။

၁၃. ၅။ နိုင်ငံတော်အစိုးရသည် ဒေသအလိုက် လိုအပ်ချက်များနှင့် သီးသန့်အံဝင်ဂွင်ကျကိုက်ညီသော ပြန်လည် ပြင်ဆင်မှုနည်းလမ်းများအတွက် နည်းဗျူဟာများကို ချမှတ်ဆောင်ရွက်သင့်ပါသည်။ ယင်းနည်းဗျူဟာ များကို ချမှတ်ဆောင်ရွက်ရာတွင် လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့ရေး နှင့် ကျား/မ တန်းတူမြစ်ရေး စသည်တို့ကို ထည့်သွင်းစဉ်းစားသင့်သည်။ နည်းဗျူဟာများတွင် ပြန်လည် ပြင်ဆင်မှု နည်းလမ်းများ၏ အခြေခံမှုများနှင့် ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူး ခံစားမည့်သူများနှင့် အများပြည်သူများ၊ ပုဂ္ဂလိကများ၊ တောင်သူများနှင့် အသေးစားထုတ်လုပ်သူ အဖွဲ့အစည်းများ၊ ငါးလုပ်ငန်း ရှင်များ၊ သစ်တောအသုံးပြုသူအဖွဲ့အစည်းများနှင့် ပညာရှင်အဖွဲ့များ စသည်တို့တွင် စွမ်းဆောင်ရည်နှင့် ဗဟုသုတများ မြှင့်ဖြိုးတိုးတက်မှု စသည်တို့ကို ခွဲခြားဖော်ပြသင့်ပါသည်။ ဥပဒေများသည် မြေယာကွက်များ သို့မဟုတ် ဦးပိုင်မြေများနှင့် ယင်းမြေများတွင် ပြန်လည်ဖွဲ့စည်းခြင်းအတွက် လွယ်ကူရှင်းလင်း၍ ကုန်ကျ စရိတ် သက်သာစေသော လုပ်ထုံးလုပ်နည်းများကို အထောက်အကူပြုစေသင့်ပါသည်။

၁၃. ၆။ နိုင်ငံတော်အစိုးရသည် ပြန်လည်ပြင်ဆင်မှုနည်းလမ်းများ ကျင့်သုံးလျက်ရှိသော စီမံကိန်းများတွင် သင့် တော်သော အကာအကွယ်များကို ထူထောင်ပေးသင့်ပါသည်။ စီမံကိန်းကြောင့် နစ်နာထိခိုက် ခံစားရ နိုင်ခြေရှိသော မည်သူတစ်ဦးတစ်ယောက်၊ ဒေသခံပြည်သူအစုအဖွဲ့များ သို့မဟုတ် ပြည်သူများကို မဆို နားလည်ရန် လွယ်ကူသော ဘာသာစကားအသုံးအနှုန်းများနှင့် လုံလောက်သော သတင်း အချက်အလက် များပေးကာ တွေ့ဆုံဆက်သွယ်ထား သင့်ပါသည်။ နည်းပညာပိုင်းနှင့် ဥပဒေဆိုင်ရာ အထောက်အပံ့များ ကို ပံ့ပိုးပေးသင့်ပါသည်။ ဒေသခံပြည်သူများ၏ ရပိုင်ခွင့်ကို ထည့်သွင်းစဉ်းစားရာတွင် ပူးပေါင်းပါဝင်မှုနှင့် ကျား/မ မခွဲခြားခြင်း နည်းလမ်းတို့ကို အသုံးပြုသင့်ပါသည်။ ဇီဝမျိုးစုံမျိုးကွဲများ အရည်သွေး နိမ့်ကျလာ ခြင်းနှင့် လျော့ပါးပျက်စီးလာခြင်းတို့ကို လျော့ချပေးနိုင်ရန်၊ ထိန်းသိမ်းကာကွယ်ရန် ကောင်းမွန်သော မြေယာစီမံခန့်ခွဲမှု၊ အကောင်းဆုံးနည်းစနစ်များနှင့် မြေယာဖော်ယူခြင်းတို့ကို အားပေးမြှင့်တင်ပေးသည့် အပြောင်းအလဲကောင်းများကို ဆောင်ရွက်ပေးခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကာအကွယ် များကို ထူထောင်သင့်ပါသည်။

## ၁၄။ ထိခိုက်မှုအတွက်လျော်ကြေး

၁၄. ၁။ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ အမျိုးသားရေးအခြေအနေရအရ မြေယာ၊ သားငါးနှင့် သစ်တောများ၏ တရားဝင်လုပ်ပိုင်ခွင့် ဆုံးရှုံးမှုအတွက် လျော်ကြေးများ ထောက်ပံ့ပေးနိုင်ရန် သင့်တော်သည့်နေရာများတွင် ထည့်သွင်းစဉ်းစားသင့်ပါသည်။ အစိုးရများ၏ လုပ်ရပ်အားလုံးသည် နိုင်ငံတော်နှင့် အပြည်ပြည်ဆိုင်ရာဥပဒေအရ လက်ရှိဆောင်ရွက်နေသော တာဝန်ဝတ္တရားများ၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများအရ လုပ်ဆောင်နေသော လုပ်ငန်းများ၏ တာဝန်များနှင့် ကိုက်ညီမှုရှိစေရမည်။

၁၄. ၂။ အာဏာပိုင်အဖွဲ့များ၏ ပြန်လည်ဖြေရှင်းပေးခြင်းဖြင့် ဆုံးရှုံးသူများ သို့မဟုတ် အမွေဆက်ခံသူများထံသို့ မူလမြေယာကွက်များ သို့မဟုတ် ဦးပိုင်မြေများကို ဖြစ်နိုင်ချေရှိသော နေရာများတွင် ပြန်လည်ချထားပေးသင့်ပါသည်။ မူလမြေယာကွက်များ သို့မဟုတ် ဦးပိုင်မြေများကို ပြန်မပေးနိုင်သောနေရာများတွင် အစိုးရသည် ထိခိုက်နစ်နာသူများ အားလုံးအားတရားမျှတသော သဘောထားအမြင်များကို သေချာသိရှိစေခြင်း၊ ငွေကြေးနှင့် ပြောင်းလဲလုပ်ကိုင်နိုင် မြေယာကွက် သို့မဟုတ် ဦးပိုင်မြေများ သို့မဟုတ် ပုံစံတစ်မျိုးဖြင့် သင့်တော်သည့် လျော်ကြေးများကို ချက်ချင်းမြန်မြန်ဆန်ဆန်နှင့် တိတိကျကျ ပံ့ပိုးပေးသင့်ပါသည်။

၁၄. ၃။ နိုင်ငံတော်ဥပဒေနှင့် ဥပဒေပြဋ္ဌာန်းမှုများအရ နိုင်ငံတော်၏ အမျိုးသားရေး အခြေအနေဆိုင်ရာ ထိခိုက်မှုလျော်ကြေးများနှင့် ပတ်သက်၍ ဒေသခံပြည်သူများနှင့် သက်ဆိုင်သည်များကို သင့်တော်သည့်နေရာတွင် အကြောင်းကြားထားသင့်ပါသည်။

၁၄. ၄။ နိုင်ငံတော်အစိုးရသည် ထိခိုက်မှုအတွက် လျော်ကြေးပေးရန် လုပ်ငန်းစဉ်များအား ဆောင်ရွက်ရာတွင် ကျား/မ မခွဲခြားခြင်းဆိုင်ရာ မူဝါဒများနှင့် ထောက်ပံ့ပေးသော ဥပဒေများကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သင့်ပါသည်။ ထိခိုက်မှုအတွက် လျော်ကြေးပေးမည့် လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်သော သတင်းအချက်အလက်များကို သက်ဆိုင်ရာဘာသာစကား အသုံးအနှုန်းများဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေထားသင့်ပါသည်။ လျော်ကြေးတောင်းခံသူများကို တရားဝင်အထောက်အပံ့များ အပါအဝင် သင့်တော်သော အကူအညီများ ပံ့ပိုးသင့်ပါသည်။ အစိုးရသည် လျော်ကြေးပေးမည့် နစ်နာကြေးငွေများကို ချက်ချင်းပေးနိုင်ရန် သေချာစီစဉ်ထားသင့်ပါသည်။ လျော်ကြေးတောင်းခံသူများကို ၎င်းတို့၏ လုပ်ပိုင်ခွင့်များ ရရှိနိုင်ရန်နှင့် အလုပ်တာဝန်များကို ဖြည့်ဆည်းပေးနိုင်ရန် အထောက်အပံ့ပြုပံ့ပိုးပေးသော ဝန်ဆောင်မှုလုပ်ငန်းများကို လိုအပ်သော နေရာများတွင် ထောက်ပံ့ပေးသင့်ပါသည်။ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၏ တိုးတက်မှုဖြစ်စဉ်များကို ပြည်သူများသိအောင် ကျယ်ကျယ်ပြန့်ပြန့် ကြေငြာထားသင့်ပါသည်။

၄

## ၁၅။ ပြန်လည်ခွဲဝေခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ

၁၅. ၁။ ပြန်လည်ခွဲဝေခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု အပါအဝင် မြေယာများအား သာတူညီမျှ အခွင့်အရေးရရှိမှုတို့ကို အဆင်ပြေအောင် ဆောင်ရွက်နိုင်ပါသည်။ ဤပြုပြင်ပြောင်းလဲမှုများအရ နိုင်ငံတော်၏ အမျိုးသားရေးအခြေအနေနှင့် သင့်တော်သော နေရာများတွင် အစိုးရသည် အများပြည်သူအတွက် ရည်ရွယ်သော ပုဂ္ဂလိကပိုင် မြေယာ၊ သားငါးနှင့် သစ်တောများကို အာဏာဖြင့် သိမ်းယူခြင်းများနှင့် ပြည်သူပိုင်မြေယာများကို သဘောဆန္ဒအလျောက်နှင့် ဈေးကွက်ကို အခြေခံသော လုပ်ထုံးလုပ်နည်းများအရ ပြန်လည်ခွဲဝေခြင်းကို ထည့်သွင်းစဉ်းစား နိုင်ပါသည်။

၁၅. ၂။ နိုင်ငံတော်အစိုးရသည် ပြန်လည်ခွဲဝေခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မူဝါဒပိုင်းဆိုင်ရာ ရွေးချယ်ပိုင်ခွင့် တစ်ခုအနေဖြင့် အမြင့်ဆုံးမြေယာ သတ်မှတ်ချက်ကို ထည့်သွင်းစဉ်းစားနိုင်ပါသည်။

၁၅. ၃။ နိုင်ငံတော်၏ အမျိုးသားရေးအခြေအနေနှင့် နိုင်ငံတော်၏ဥပဒေနှင့် နည်းဥပဒေများအရ ဥပဒေပုဒ်မ-၁၅ ပြဋ္ဌာန်းချက်ဖြင့် တရားဝင်လုပ်ကိုင်လျက်ရှိသော မြေယာပိုင်ဆိုင်သူအားလုံး၏ လုပ်ပိုင်ခွင့်များနှင့် သက်ဆိုင်ရာ မြေယာ၊ သားငါးနှင့် သစ်တောလုပ်ငန်းများ လုပ်ကိုင်ခြင်းမပြုနိုင်ဟု ယူဆနိုင်သော ကျေးလက်ဒေသရှိ ဆင်းရဲနွမ်းပါးသည့်နေရာနှင့် မြေယာပိုင်ဆိုင်မှု အများဆုံးအတိုင်းအတာရှိသည် နေရာများကို တစ်ပြိုင်တည်း တွဲဖက်လုပ်ကိုင်ရာတွင် လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းပြချက်များအတွက် ပြန်လည်ခွဲဝေခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ထည့်သွင်းစဉ်းစား နိုင်ပါသည်။ ပြန်လည်ခွဲဝေခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများသည် မြေယာ၊

သားငါးနှင့် သစ်တောလုပ်ငန်းများ လုပ်ကိုင်ရာတွင် ကျား/မ တန်းတူ ပိုင်ဆိုင်ခွင့် ရရှိစေရန် အာမခံ ပေးသင့်ပါသည်။

၁၅. ၄။ နိုင်ငံတော်အစိုးရမှ ပြန်လည်ခွဲဝေခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ရွေးချယ်ထားသည့် ပြုပြင်ပြောင်းလဲမှုများအနေဖြင့် နိုင်ငံတော်နှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေအရ လက်ရှိဆောင်ရွက်နေသော တာဝန်ဝတ္တရားများ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများအရ လုပ်ဆောင်နေသော လုပ်ငန်းများ၏ တာဝန်များနှင့် ကိုက်ညီမှုရှိစေရန် ဆောင်ရွက်ပေးသင့်ပါသည်။ ဖြုပြင်ပြောင်းလဲမှုများကို ဥပဒေ၏ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတော် ဥပဒေများနှင့် လုပ်ငန်းစဉ်များအရ အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါသည်။ အစိုးရသည် အဖွဲ့အစည်းအားလုံး၏ လိုအပ်ချက်များအား အညီအမျှအလေးထားခြင်း အပါအဝင် ပြန်လည်ခွဲဝေခြင်းနှင့် အသုံးပြုသော နည်းလမ်းများပေါ်တွင် ချမှတ်ထားသော ထိုလမ်းညွှန်ချက်များ၏ အခြေခံမှုများနှင့် ကိုက်ညီမှုရှိသော ညှိနှိုင်းတိုင်ပင်ဆွေးနွေးမှုများ ဖွံ့ဖြိုးတိုးတက်မှုကို ချောမွေ့လွယ်ကူအောင် ဆောင်ရွက်ပေးသင့်ပါသည်။ အစိုးရဌာနများ၊ ဒေသခံ ပြည်သူ အစုအဖွဲ့များ၊ အရပ်ဘက်လူ့အဖွဲ့အစည်း၊ ပုဂ္ဂလိကကဏ္ဍ၊ တောင်သူများနှင့် စားသောက်ကုန်ထုတ်လုပ်သူအဖွဲ့အစည်းများ၊ ငါးလုပ်ငန်းနှင့် သစ်တောလုပ်ငန်း လုပ်ကိုင်သူအဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင် ပေးသင့်ပါသည်။ အကျိုးကျေးဇူးခံစားရရှိသူများ၏ မျှော်မှန်းထားသည့် ငွေကြေးဆိုင်ရာနှင့် အခြားလုပ်ဆောင်ချက်များသည် ကျိုးကြောင်းဆီလျော်မှုရှိသင့်ပြီး ၎င်းတို့အား မထိန်းချုပ်နိုင်သော ကြွေးမြီပြဿနာများကို ထည့်သွင်းစဉ်းစားရမည်။ မြေယာ၊ သားငါးနှင့် သစ်တောလုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်ပေးအပ်ခံထားရသူများကို နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ တန်းတူညီမျှသော ပေးဝေမှုများကို ရရှိအောင်လုပ်ဆောင်ပေးသင့်ပါသည်။

၁၅. ၅။ အစိုးရဌာနများမှ ပြန်လည်ခွဲဝေခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ရွေးချယ်ထားသည့်နေရာများတွင် ပြုပြင်ပြောင်းလဲမှု အစီအစဉ်များ၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြတ်သားစွာ အဓိပ္ပာယ်သတ်မှတ်ထားသင့်ပြီး၊ အဆိုပါပြင်ဆင်ခွဲဝေမှုများမှ ကင်းလွတ်ခွင့်ရသော လယ်ယာမြေများကိုသတ်မှတ်ထားသင့်ဝါသည်။ ကိုယ်ပိုင်ဥယျာဉ်ခြံ တည်ထောင်လိုသော မိသားစုများ အပါအဝင်၊ အမျိုးသမီးများ၊ တရားမဝင်အခြေချနေထိုင်သူများ၊ ကျေးလက်ပစ်ခံနေထိုင်သူများ၊ ခေတ်အဆက်ဆက် ကောင်းကျိုးမခံစားရသည့် အုပ်စုများ၊ ဖယ်ထုတ်ခံထားရသည့်အုပ်စုများ၊ လူငယ်များ၊ ဒေသခံပြည်သူများ၊ ကုန်သည်ငယ်များနှင့် စားသောက်ကုန် ထုတ်လုပ်သူများစသည့် အကျိုးကျေးဇူးခံစားရန် ရည်ရွယ်ထားသူများကို ရှင်းလင်းပြတ်သားစွာ သတ်မှတ်ထားသင့်ပါသည်။

၁၅. ၆။ နိုင်ငံတော်အစိုးရသည် ပြန်လည်ခွဲဝေခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ရွေးချယ်ထားသည့်နေရာများတွင် ၎င်းပြုပြင်ပြောင်းလဲမှုများကို ရေရှည်တည်တံ့ အောင် ဖြုလုပ်နိုင်ရန် ပါဝင်ဆောင်ရွက်မှု လုပ်ထုံးလုပ်နည်းများမှတဆင့် မူဝါဒများနှင့် ဥပဒေများကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးသင့်ပါသည်။ အစိုးရဌာနများသည် ဒေသခံပြည်သူ အစုအဖွဲ့များ၊ မိသားစုသို့မဟုတ် တစ်ဦးတစ်ယောက်ချင်းစသဖြင့် ၎င်းတို့လိုအပ်သော လူနေမှုဘဝ အဆင့်အတန်းကို လယ်ယာ၊ သားငါးနှင့် သစ်တောလုပ်ငန်းများမှ ရရှိစေရန်နှင့် ပြန်လည်ခွဲဝေခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများတွင် ကျား/မ တန်းတူသေချာစွာ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် အကျိုးကျေးဇူးခံစားရရှိမည့်သူများကို အကူအညီပေးမည့် မူဝါဒများနှင့် ဥပဒေများကို ဂရုတစိုက် လုပ်ဆောင်ပေးသင့်ပါသည့်။ အစိုးရသည် ပြန်လည်ခွဲဝေခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၏ ရည်ရွယ်ထားသော အကျိုးရလဒ်များရရှိနိုင်မှုနှင့် ရေရှည်ထိန်းထားနိုင်မှုတို့ကို အနှောင့်အယှက်ပြု ဟန့်တားနိုင်သည် မူဝါဒများကို ပြန်လည်ပြင်ဆင်သင့်ပါသည်။

၁၅. ၇။ ပြန်လည်ခွဲဝေခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို စဉ်းစားရာတွင် အစိုးရသည် လယ်ယာလုပ်ပိုင်ခွင့်၊ စားနပ်ရိက္ခာဖူလုံမှုတို့တွင် ထိုပြုပြင်ပြောင်းလဲမှုများမှ ရရှိနိုင်သည့် အလားအလာရှိသော ကောင်းကျိုးဆိုးကျိုးများနှင့် လိုအပ်သော စားနပ်ရိက္ခာ၊ လူနေမှုဘဝနှင့် သဘာဝပတ်ဝန်းကျင် ရပိုင်ခွင့်များ၏ တိုးတက်သော ဖြစ်ထွန်းမှုအပေါ်တွင် အကဲဖြတ်မှုများ ဆောင်ရွက်နိုင်ပါသည့်။ ယင်းအကဲဖြတ်မှု လုပ်ငန်းစဉ်ကို ပြုပြင်ပြောင်းလဲမှုဆိုင်ရာ လမ်းညွှန်ချက်များ၏ ဆွေးနွေးညှိနှိုင်း တိုင်ပင်ခြင်းနှင့် ပါဝင်ဆောင်ရွက်ခြင်း အခြေခံမှုများနှင့် တစ်ထပ်တည်းကျစေရန် ဆောင်ရွက်သင့်ပါသည်။ အကဲဖြတ်ဆောင်ရွက်ချက်များကို အကျိုးကျေးဇူးခံစားရရှိမည့်သူများကို အထောက်အပံ့ပေးရန်နှင့် မြန်လည်ခွဲဝေခြင်း အစီအစဉ်ကို မြှင့်တင်ပေးရန် လိုအပ်သော နည်းလမ်းများကို တွက်ချက်အဆုံးအဖြတ်ပေးရန် အခြေခံတစ်ခုအဖြစ် အသုံးပြုနိုင်ပါသည်။

၁၅. ၈။ နိုင်ငံတော်အစိုးရသည် အကျိုးခံစားသူများ၏ လိုအပ်ချက်များကို အပြည့်အဝထောက်ပံ့ပေးနိုင်သော ပြန်လည်ခွဲဝေခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှု စီမံကိန်းများဖြစ်သည့် ချေးငွေထောက်ပံ့ပေးခြင်း၊ သီးနှံအာမခံလုပ်ငန်း၊ ဈေးကွက်၊ ကျေးလက်ဒေသ လေ့ကျင့်ပညာပေးရေးအတွက် နည်းပညာထောက်ပံ့ပေးမြင်း၊ လယ်ယာဖွံ့ဖြိုးတိုးတက်မှုနှင့် အဆောက်အအုံများကို ဝရုတစိုက် လုပ်ဆောင်သင့်သည်။ ထောက်ပံ့ပေးမည့် ဝန်ဆောင်မှုများ၏ ကြိုတင်စီမံဆောင်ရွက်မှုသည် အကျိုးခံစားမည့်သူများ၏ လက်တွေ့လယ်ယာလုပ်ဆောင်မှုနှင့် လိုက်လျောညီထွေမှု ရှိသင့်သည်။ မြေယာပြုပြင်ပြောင်းလဲမှုကုန်ကျစရိတ်အားလုံး(ဝန်ဆောင်မှုများအပါအဝင်)ကို စီမံကိန်းမစတင်မီ ခွဲခြမ်းစိတ်ဖြာသင့်ပြီး သင့်တော်သော ဘတ်ဂျက်တွင် လျာထားသတ်မှတ်ထားသင့်သည်။

၁၅. ၉။ ပြန်လည်ခွဲဝေခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှု လုပ်ဆောင်ရာတွင် တာဝန်ခံဆောင်ရွက်ပြီး ပြည်သူများပါဝင်သည့် ထိရောက်မှုရှိသော နည်းလမ်းနှင့် လုပ်ထုံးလုပ်နည်းများကို ချမှတ်သင့်သည်။ ထိခိုက်နစ်နာသည့် အဖွဲ့အစည်းအားလုံးသည် ဥပဒေပုဒ်မ (၁၆)အရ ကြိုတင်စီမံချက်များနှင့် နိုင်ငံတော်၏ ဥပဒေအရ လျော်ကြေးပေးခြင်းနှင့် ထိုက်သင့်သော လုပ်ဆောင်မှုများကို သဘောတူညီသင့်သည်။ လူမှုရေးနှင့် ပညာရေးနောက်ခံအားနည်းသော လူအဖွဲ့အစည်းများပါဝင်သည့် ၎င်းအဖွဲ့အားလုံးသည် ကျား/မ မခွဲခြားရေးကို ဦးတည်သည့် သတင်းအချက်အလက်များ ပါဝင်သော ရှင်းလင်းပြည့်စုံသည့် သတင်းများရရှိသင့်သည်။ အကျိုးခံစားရမည့်သူများကိုလည်း ပွင့်လင်း မြင်သာသော နည်းလမ်းများကို အသုံးပြု၍ ရွေးချယ်သင့်ပြီး အများပြည်သူသိအောင် မှတ်တမ်းတင်ထားသည့် အာမခံချက်ရှိသည့် မြေယာပိုင်ဆိုင်ခွင့်များ ရရှိသင့်သည်။ သဘောမတူညီမှုများ ဖြေရှင်းသော နည်းလမ်းများကို အကဲဖြတ်ရာတွင် နိုင်ငံတော်၏ ဥပဒေကို အမြေခံ၍ လုပ်ဆောင်သင့်သည်။ အစိုးရအနေဖြင့် ပြည်သူများပါဝင်သော သီးသန့်မြန်လည်ခွဲဝေခြင်းဆိုင်ရာပြုပြင်ပြောင်းလဲမှု စီမံကိန်းများတွင် အဂတိလိုက်စားမှုများကို တားဆီးရန် ကြိုးစားသင့်သည်။

၁၅. ၁၀။ ပါဝင်သော အဖွဲ့အစည်းများ၏ ပူးပေါင်းမှုနှင့်အတူ အစိုးရသည် ပြည်သူတို့၏ စားနပ်ရိက္ခာဖူလုံမှုနှင့် မြေယာလုံလောက်မှုပေါ်တွင် အကျိုးသက်ရောက်သော နေရာများ၌ စာပိုဒ်ခွဲ (၁၅. ၈)တွင် ဖော်ပြထားသော သင့်တော်သည့်မူဝါဒများပါဝင်သော ပြန်လည် ခွဲဝေခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးစီမံကန်း၏ အကျိုးရလဒ်ကို စောင့်ကြည့်အကဲဖြတ်သင့်ပြီး မှန်ကန်သော နည်းလမ်းများကို ထည့်သွင်းသင့်သည်။

## ၁၆။ နိုင်ငံပိုင်မြေယာပြုလုပ်ခြင်းနှင့် လျော်ကြေးပေးခြင်း

၁၆. ၁။ နိုင်ငံတော်အစိုးရ၏ နိုင်ငံတော်ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများပေါ်မူတည်ပြီး အမျိုးသားရေးဆိုင်ရာ ပြစ်စဉ်များအရ အစိုးရသည် ပြည်သူများအတွက် လိုအပ်သော မြေယာ၊ သားငါးနှင့် သစ်တောနေရာများတွင်သာ နိုင်ငံပိုင်မြေယာပြုလုပ်သင့်သည်။ တရားရေးဆိုင်ရာ ပြန်လည်သုံးသပ်ချက်ကို ခွင့်ပြုရာတွင် အစိုးအနေဖြင့် ပြည်သူများအတွက် ရည်ရွယ်သော ဥပဒေများ၏ အမြင်သဘောထားကို ရှင်းရှင်းလင်းလင်း ပြဌာန်းသင့်သည်။ အစိုးရသည် လုပ်ဆောင်ချက်များအားလုံးသည် နိုင်ငံတော်နှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေအရ လက်ရှိဆောင်ရွက်နေသော တာဝန်ဝတ္တရားများ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများအရ တာဝန်ယူလုပ် ဆောင်နေသော လုပ်ငန်းများ၏ တာပန်များနှင့် ကိုက်ညီမှုရှိစေရမည်။ အစိုးရသည် နိုင်ငံတော် ဥပဒေအရ လျော်ကြေးများကို ချက်ချင်းလက်ငင်း ထောက်ပံ့ခြင်းနှင့် လိုအပ်သော အရင်းအမြစ်များကို ရယူပေးခြင်းဖြင့် တရားပင်လက်ဝယ်ပိုင်ဆိုင်ခွင့်ရှိသူများအားလုံး အထူးသဖြင့် အားနည်းသောအုပ်စုများကို အလေးထားကြည့်ရှုထောက်ပံ့ရမည်။

၁၆. ၂။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံပိုင်မြေယာများပြုလုပ်ရန်အတွက် စီမံကိန်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များသည် ပွင့်လင်းမြင်သာပြီး ပြည့်သူများပူးပေါင်းပါဝင်မှု ရှိစေရမည်။ ထိခိုက်နစ်နာသည့် မည်သူမဆိုကို အဆင့်တိုင်း၌ ဖော်ထုတ်သတ်မှတ်၍ ဆွေးနွေးခြင်းနှင့် အကြံဉာဏ်ပေးခြင်းများ လုပ်ဆောင်ပေးသင့်သည်။ ဤလမ်းညွှန်ချက်များ၏ အခြေခံမှုများနှင့် ကိုက်ညီသော ဆွေးနွေးမှုများသည် ပြည်သူများ၏ ရည်ရွယ်ချက်များ အောင်မြင်စေရန် ဖြစ်နိုင်သည့် နည်းလမ်း အမျိုးမျိုးနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ထောက်ပံ့ပေးသင့်ပြီး အသက်မွေးကျောင်းမှုကို ပျက်စီးမှုအနည်းဆုံးဖြစ်ရန်အတွက် သက်ဆိုင်သော

၄

နည်းဗျူဟာများ ရှိသင့်သည်။ အစိုးရအဖွဲ့သည် ဆင်းရဲနွမ်းပါးသူများ၏ အသက်မွေးဝမ်းကျောင်း အတွက် အရေးပါသော မြေယာ၊ သားငါးနှင့် သစ်တောနေရာများ (သို့မဟုတ်) သဘာဝ ပတ်ဝန်း ကျင်အတွက် အရေးပါသော (သို့မဟုတ်) ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ မြေဧရိယာများကို နိုင်ငံပိုင်မြေယာပြုလုပ်ရန် အဆိုပြုရာတွင် သတိထားသင့်သည်။

၁၆. ၃။ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ဥပဒေအရ လျော်ကြေးများ ချက်ချင်းပေးခြင်းနှင့် တရားမျှတ သော တန်ဖိုးဖြတ်ခြင်းကို တိကျစွာ လုပ်ဆောင်သင့်သည်။ တခြားနည်းလမ်းများဖြစ်သည့် ဥပမာ အားဖြင့် ငွေကြေး၊ မြေဧရိယာရွေးချယ်နိုင်သည့် အခွင့်အရေး (သို့မဟုတ်) နှစ်မျိုးစလုံးအမြစ် လျော်ကြေးပေးနိုင်သည်။

၁၆. ၄။ တရားဝင်ခွင့်ပြုနိုင်သော အရင်းအမြစ်များကို တိုင်းတာနိုင်ရန် အစိုးရသည် အကောင်အထည် ဖော် ဆောင်ရွက်မည့် ကိုယ်စားလှယ်အဖွဲ့များတွင်ရှိသည့် လူသား၊ ရုပ်ပိုင်းဆိုင်ရာ၊ ငွေကြေးနှင့် အခြားသော စွမ်းဆောင်ရည်များကို သေချာအောင် လုပ်ဆောင်သင့်သည်။

၁၆. ၅။ စီမံကိန်းအပြောင်းအလဲများကြောင့် မလိုအပ်တော့သော မြေယာ၊ သားငါးနှင့် သစ်တောများကို အစိုးရသည် အဆိုပါအရင်းအမြစ်များကို ပြန်လည်ရယူနိုင်မည့် ပထမဆုံး အခွင့်အရေးကို မူလ ပိုင်ဆိုင်သူများအား ပေးသင့်သည်။ နိုင်ငံပိုင်မြေယာပြုခြင်းကြောင့် ပြန်လည်လက်ခံရရှိသော လျော်ကြေးငွေပမာဏကို ထည့်သွင်းစဉ်းစားမှုများ လုပ်ဆောင်သင့်သည်။

၁၆. ၆။ အဖွဲ့အစည်းအားလုံးသည် အယူခံပင်နိုင်သည့်အခွင့်အရေး၊ ပွင့်လင်းမြင်သာမှုနှင့် အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာကို လျော့ချမှု လုပ်ငန်းစဉ်များ၏ ဝန်ဆောင်မှုများ အထူးသဖြင့် စံနှုန်းများကို မမှီဌာန်ကျကျ အကဲဖြတ်နည်းကို အသုံးပြုခြင်းနှင့် လာဘ်ပေးလာဘ်ယူမှုများကို တားဆီးနိုင် ရန် ကြိုးစားသင့်သည်။

၁၆. ၇။ မြေယာ၊ သားငါးနှင့်သစ်တောတို့ကို နိုင်ငံပိုင်မြေပြုလုပ်ခြင်း အကျိုးရလဒ်ဖြစ်သည့် အများ ပြည်သူအတွက် ဥပဒေအရ မြေနေရာဖယ်ရှားခြင်းကို တရားမျှတမှုရှိအောင် စဉ်းစားရာတွင် အစိုးရအနေဖြင့် ၎င်းမြေယာ ဖယ်ရှားခံရသူများနှင့် ဆက်သွယ်သင့်ပြီး လူ့အခွင့်အရေးကို အပြည့်အဝရရှိရန်၊ ကာကွယ်ရန်နှင့် အလေးထားဆောင်ရွက်ရန်စသည့် တာပန်ပတ္တရားများနှင့် ကိုက်ညီသော အပြုအမူများကို အကျိုးနစ်နာထိခိုက်သည့် အဖွဲ့များအတွက် ဆောင်ရွက်ပေးသင့် သည်။

၁၆. ၈။ အစိုးရသည် ဥပဒေအရ မြေယာဖယ်ရှားမှုမပြုလုပ်မီ (သို့မဟုတ်) ဒေသခံပြည်သူအစုအဖွဲ့နှင့် တစ်ဦးချင်းစီ၏ ထုတ်ကုန်အရင်းအမြစ်ရရှိမှု နည်းပါးသည့် အကျိုးဆက်ကြောင့် မြေယာ အသုံး ချမှုကို မပြောင်းလဲမီ၊ အကျိုးသက်ရောက်သည့် အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်း တိုင်ပင်၍ ဖြစ်နိုင်ချေရှိသော နည်းလမ်းများကို ဖော်ထုတ်သင့်ပြီး အကယ်၍ မဖြစ်မနေဆောင်ရွက်ရမည် ဆိုပါက အဓမ္မမြေယာဖယ်ရှားမှု ပြုလုပ်ခြင်းကို အနည်းဆုံး (သို့မဟုတ်) ရှောင်လွဲစေနိုင်ရန် ဤလမ်းညွှန်ချက်၏ အခြေခံမှုများနှင့် ကိုက်ညီသင့်သည်။

၁၆. ၉။ မြေယာဖယ်ရှားခြင်းနှင့် နေရာပြည်လည်ချထားခြင်းများသည် အိမ်ယာမဲ့များနှင့် ဆင်းရဲနွမ်းပါး သောသူများ၏ လူ့အခွင့် အရေးကို ချိုးဖောက်ခြင်း (သို့မဟုတ်) အိမ်ယာမဲ့များဖြစ်စေခြင်းစသော အကျိုးရလဒ်များ မဖြစ်သင့်ပေ။ မိမိကိုယ်ကို ပြန်လည်ထူထောင်ခြင်း မပြုလုပ်နိုင်သော ထိခိုက်ခံစားရသော ပြည်သူများကို အစိုးရသည် တရားဝင်ခွင့်ပြုနိုင်သော အရင်းအမြစ်များကို မြေယာ၊ သားငါးနှင့်သစ်တောများ ထုတ်လုပ်ရန် အခွင့်အလမ်း (သို့မဟုတ်) ပြန်လည်နေရာ ချထားခြင်း၊ လုံလောက်သော အဆောက်အအုံအမျိုးမျိုး ထောက်ပံ့ပေးရန် သင့်တော်သော နည်းလမ်းများဖြင့် လုပ်ဆောင်သင့်သည်။

အပိုင်း ၅

# မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာစီမံခန့်ခွဲခြင်း

ဤအခန်းကဏ္ဍသည် လုပ်ပိုင်ခွင့်မှတ်တမ်းများ ထားရှိခြင်း၊ တန်ဖိုးသတ်မှတ်ခြင်း၊ အခွန်ကောက်ခံခြင်း၊ ဒေသအလိုက် စီမံခန့်ခွဲမှုများကို မူဘောင်သတ်မှတ်ခြင်း၊ လုပ်ပိုင်ခွင့်အပေါ် အငြင်းပွားမှုများကို ပြေလည်အောင် ဖြေရှင်းပေးခြင်းနှင့် နယ်နိမိတ်ကျူးကျော်လုပ်ကိုင်ခြင်းကိစ္စများနှင့် ပတ်သက်၍ အစိုးရ၏မြေယာ၊ သားငါးနှင့် သစ်တောများအား လုပ်ပိုင်ခွင့်ဆိုင်ရာ စီရင်ထိန်းချုပ်မှုများကို ဖော်ပြပါသည်။

## ၁၇။ လုပ်ပိုင်ခွင့်မှတ်တမ်းများထားရှိခြင်း

၁၇. ၁။ အစိုးရအဖွဲ့အစည်းသည် မှတ်ပုံတင်ထားခြင်း၊ အခွန်ငွေသတ်မှတ်နိုင်ရန် တန်ဖိုးသတ်မှတ်ခြင်းနှင့် လုပ်ကိုင်နိုင်ရန် တရားစင်လိုင်စင်များ ထုတ်ပေးခြင်း နည်းလမ်းများကဲ့သို့သော နည်းစနစ်များကို လုပ်ပိုင်ခွင့် တိုးတက်ကောင်းမွန်စေရန်အတွက် လုပ်ပိုင်ခွင့်များကို တစ်ဦး တစ်ယောက်ခြင်းစီနှင့် အသင်းအဖွဲ့လိုက် မှတ်တမ်းတင်ထားရန်၊ အစိုးရအဖွဲ့အစည်း၊ ပြည်သူပိုင်ကဏ္ဍ၊ ပုဂ္ဂလိကပိုင်ကဏ္ဍ၊ ဒေသခံတိုင်းရင်းသားများနှင့် အခြားဒေသခံပြည်သူအစုအဖွဲ့များ၏ ဓလေ့ထုံးတမ်းအရ လုပ်ပိုင်ခွင့် နည်းစနစ်များအပါအဝင် ပြည်တွင်းလူမှုရေး အသင်းအဖွဲ့များနှင့် စျေးကွက်များ၏ လုပ်ဆောင်ချက်များအတွက် ပြဋ္ဌာန်းထားသင့်ပါသည်။ ထိုနည်းစနစ်များတွင် လုပ်ပိုင်ခွင့်နှင့် တာဝန်များကို လက်ပယ်ပိုင်ဆိုင်ထားသည့်သူများ၊ ထိုလုပ်ပိုင်ခွင့်၊ တာပန်ဝတ္တရားများနှင့် ဆက်စပ်နေသော မြေယာ၊ သားငါးနှင့် သစ်တောဆိုင်ရာ မြေကွက်များနှင့် ဦးပိုင်မြေများကို အများပြည်သူသိစေရန် ကြေငြာပြီး မှတ်တမ်းတင် ထိန်းသိမ်းထားသင့်သည်။

၁၇. ၂။ အစိုးရသည် ရရှိနိုင်သော လူ့စွမ်းအားနှင့် ငွေကြေးဆိုင်ရာ အရင်းအမြစ်များ ပါဝင်သည့် တစ်ဦးတစ်ယောက်ခြင်းစီ၏ ငွေရေးကြေးရေးအခြေအနေနှင့် သင့်လျော်သော စာရင်းဇယား မှတ်တမ်းတင်ထားခြင်း နည်းစနစ်ကို ပြဋ္ဌာန်းထားသင့်ပါသည်။ ဓလေ့ထုံးတမ်းအရ ပိုင်ခွင့်နည်းစနစ်များအတိုင်း ဒေသခံတိုင်းရင်းသားများနှင့် အခြားဒေသခံ ပြည်သူအစုအဖွဲ့များ၏ လုပ်ပိုင်ခွင့်မှတ်တမ်းတင်ထားရှိခြင်းသည် လူ့ယဉ်ကျေးမှုဆိုင်ရာ သင့်တော်သော နည်းလမ်းများ ဖြစ်စေသင့်သည်။ ဒေသအသီးသီး၏ စီမံကိန်းရည်ရွယ်ချက်များအတွက် သတင်းအချက်အလက်များ၏ အခြားသော အရင်းအမြစ်များနှင့် သဟဇာတဖြစ်၍ ပွင့်လင်းမြင်သာမှုတိုးတက်စေရန် အခြားသော ဒေသအသီးသီး၏ သတင်းစနစ်နှင့် တည်ဆဲမှတ်တမ်းစနစ်များပါဝင်သည့် ဘက်ပေါင်းစုံသော မူဘောင်တစ်ခုဖွံ့ဖြိုးရန် အစိုးရအဖွဲ့အစည်းများမှ ကြိုးပမ်းသင့်သည်။ တရားစီရင်ပိုင်ခွင့်တစ်ခု ခြင်းစီတွင် အစိုးရအဖွဲ့အစည်း၊ ပြည်သူပိုင်ကဏ္ဍ၊ ပုဂ္ဂကပိုင်ကဏ္ဍ၊ ဒေသခံတိုင်းရင်းသားများနှင့် အခြားဒေသခံပြည်သူအစုအဖွဲ့များ၏ ဓလေ့ထုံးတမ်းအရ လုပ်ပိုင်ခွင့်နည်းစနစ်များပါဝင်သော ဘက်ပေါင်းစုံ မှတ်တမ်းတင်ထားသော နည်းစနစ်ဖြင့် ထိန်းသိမ်းထားသင့်ပါသည်။ ဒေသခံ တိုင်းရင်းသားများနှင့် အမြားဒေသခံပြည်သူအစုအဖွဲ့များ၏ ဓလေ့ထုံးတမ်းအရ လုပ်ပိုင်ခွင့်နည်းစနစ်များဖြင့် မှတ်တမ်းတင်ရန် မဖြစ်နိုင်သော နေရာများတွင် (သို့မဟုတ်) တရားဝင်အခြေမချနိုင်သော နေရာများတွင် ယှဉ်ပြိုင်လုပ်ပိုင်ခွင့်များအတွက် မှတ်ပုံတင်ခြင်းကို ကာကွယ်ရန် အထူးဝရုပြု လုပ်ဆောင်သင့်ပါသည်။

၁၇. ၃။ နိုင်ငံတော်အစိုးရသည် လုပ်ကိုင်သူတိုင်း၏ မြေယာလုပ်ပိုင်ခွင့်များကို မှတ်တမ်းတင်ထားနိုင်စေရန်နှင့် ခွဲခြား ထားခြင်းမရှိသော အခြေခံအကြောင်းအရင်းပေါ်တွင် သတင်းအချက်အလက်များ ရယူမှု သေချာစေရန် ကြိုးပမ်းသင့်ပါသည်။ မြေယာမှတ်ပုံတင်အဖွဲ့အစည်းကဲ့သို့သော အကောင်အထည် ဖော်ပေးသော အဖွဲ့အစည်းများသည် အမျိုးသမီးများ၊ ဆင်းရဲနွမ်းပါးသူများအား ရပိုင်ခွင့်ကို နားလည် သဘောပေါက်စေရန်အတွက် နယ်လှည့်ဝန်ဆောင်မှုလုပ်ငန်းများ တည်ထောင်ထားသင့်ပါသည်။ အစိုးရသည် ဥပဒေ အကျိုးတော်ဆောင်များ၊ သက်သေခံရှေ့နေများ၊ မြေတိုင်းတာ စစ်ဆေးသူများနှင့် လူမှုရေးဆိုင်ရာ ပညာရှင်များကဲ့သို့သော ပြည်တွင်းအခြေစိုက်ကျွမ်းကျင် အတတ်ပညာရှင်များအား အသုံးပြုခြင်းဖြင့် လူထုအတွင်းသို့ လုပ်ပိုင်ခွင့်များနှင့် သက်ဆိုင်သော သတင်းအချက်အလက် များအား ပျံ့နှံ့စေရန် ထည့်သွင်းစဉ်းစားသင့်ပါသည်။

၁၇. ၄။ အကောင်အထည်ဖော်ဆောင်ရွက်ပေးသော ကိုယ်စားလှယ်အဖွဲ့များသည် ပို့ဆောင်ရေး ဝန်ဆောင်မှု လုပ်ဆောင်မှုလုပ်ငန်းများအတွက် အချိန်နှင့် ကုန်ကျစရိတ်လိုအပ်မှုကို လျှော့ချနိုင်ရန် ရိုးရှင်းလွယ်ကူ သော လုပ်ထုံးလုပ်နည်းများနှင့် ပြည်တွင်းအခြေစိုက် သင့်လျော်သော နည်းပညာများကို လက်ခံသင့် သည်။ နေရာဒေသကွာခြားသော မြေကွက်များနှင့် အခြားပစ္စည်းများအတွက်လည်း ထိုဒေသများနှင့် ကိုက်ညီသော တိကျသည့် သက်သေခံ လက်မှတ်များကို ကာလရှည်အတွက် လိုအပ်ပါက သတ်မှတ် ပံ့ပိုးပေးသင့်သည်။ လုပ်ပိုင်ခွင့်၏ မှတ်တမ်းများကို အသုံးပြုရာတွင် လွယ်ကူချောမွေ့စေရန် အကောင်အထည်ဖော်ဆောင်ရွက်ပေးသော ကိုယ်စားလှယ်များသည် လုပ်ပိုင်ခွင့်များ၊ ထိုလုပ်ပိုင်ခွင့် ကို ပိုင်ဆိုင်သူများနှင့် ထိုလုပ်ပိုင်ခွင့်များနှင့် ဆက်စပ်နေသော မြေယာအစိတ်အပိုင်းများနှင့် ပတ် သက်သည့် သတင်းအချက်အလက်များကို ချိတ်ဆက်ထားသင့်သည်။ နေရာဒေသကွာခြားသော ပစ္စည်းများနှင့် ပိုင်ဆိုင်သူများအား ယုံကြည်အပ်နှင်းခွင့်ပေးခြင်း (သို့မဟုတ်) တစ်ချိန်တည်းတွင် ထပ်တူဖြစ် နေသော လုပ်ပိုင်ခွင့်များကို ခွဲခြားသတ်မှတ်ခြင်း စသည့်မှတ်တမ်းများကို အညွှန်းတပ်၍ ထားသင့် ပါသည်။ ပို၍ ကျယ်ပြန့်သော ပြည်သူပိုင်ကဏ္ဍ သတင်းအချက်အလက်များကို ဝေမျှခြင်း၏ အစိတ် အပိုင်းဖြစ်သော လုပ်ပိုင်ခွင့် မှတ်တမ်းများထားရှိခြင်းကို ၎င်းတို့၏ ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက် စေရန် အစိုးရဌာန အဖွဲ့အစည်းများနှင့် ပြည်တွင်းအုပ်ချုပ်သော အဖွဲ့အစည်းများရှိသင့်သည်။ အမျိုးသားစံသတ် မှတ်ချက်များနှင့် ကိုက်ညီသော သတင်းအချက်အလက်များကို ဖြန့်ပေပေးသင့်ပြီး လုပ်ပိုင်ခွင့်ဆိုင်ရာ တစ်စုတစ်စည်းတည်း မဟုတ်သော အချက်အလက်များ ပါဝင်သင့်သည်။

၁၇. ၅။ နိုင်ငံတော်အစိုးရသည် လုပ်ပိုင်ခွင့်များနှင့် ပတ်သက်သည် သတင်းအချက်အလက်များကို သီးသန့် ကန့်သတ်မှုများမှ အကြောင်းအရာအားလုံးကို လွယ်ကူစွာရယူနိုင်ရန် တိကျစွာဆောင်ရွက်သင့် ပါသည်။ ထိုကဲ့သို့ ကန့်သတ်မှုများတွင် တရားမဝင်သော ကူးပြောင်းမှုများနှင့် လာဘ်စားမှုများကို ဖော်ထုတ်ရန် ပြည်သူပိုင်ကဏ္ဍမှ စီစစ်ခြင်းကိုမလိုအပ်ပဲ မတားဆီးသင့်ပါ။ အစိုးရနှင့် အစိုးရ မဟုတ် သောလုပ်ဆောင်သူများသည် လုပ်ပိုင်ခွင့်များ၏ မှတ်တမ်းများတွင် လာဘ်စားမှုများကို တားဆီးရန် လုပ်ငန်းစဉ်များကို အများပြည်သူသိအောင် ကြော်ငြာခြင်း၊ လိုအပ်ချက်များ၊ ဝန်ဆောင်ခနှင့် လွတ် ငြိမ်းချမ်းသာခွင့်များစသည့် တောင်းဆိုထားသော ဝန်ဆောင်မှုများကို တုံ့ပြန်ရန် နောက်ဆုံးရက်ကို ထပ်မံသတ်မှတ်သင့်သည်။



## ၁၈။ တန်ဖိုးသတ်မှတ်ခြင်း

၁၈. ၁။ အစိုးရသည် ဈေးကွက်လည်ပတ်မှုများ၊ ချေးငွေများ၏ အာမခံချက်၊ ရင်းနှီးမြှုပ်နှံမှုများ၊ လယ်ယာ မြေသိမ်းယူခြင်းနှင့် အခွန်ကောက်ခံခြင်းတို့ကြောင့် ဖြစ်ပေါ်လာသည့် ရပိုင်ခွင့် လွှဲပြောင်းမှုများ ကဲ့သို့ တိကျသေချာ၍ ရည်မှန်းထားသည့် မြေယာလုပ်ပိုင်ခွင့်များကို မျှမျှတတနှင့် အချိန်ကိုက် တန်ဖိုး သတ်မှတ်ရာတွင် အသုံးပြုနိုင်ရန်အတွက် သင့်တော်သည့် နည်းစနစ်များ သေချာစွာ ချမှတ်သင့်ပါ သည်။ ထိုနည်းလမ်းများသည် ပို၍ ကျယ်ပြန့်သော လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့သော ရည်မှန်းချက်များအတွက် အထောက်အကူပြုသင့်ပါသည်။

၁၈. ၂။ တန်ဖိုးသတ်မှတ်ခြင်းနှင့် ဆက်စပ်သည့်မူဝါဒ နည်းဥပဒေများသည် သင့်တော်သည် နေရာများတွင် လူမှုရေး၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာ၊ အယူဝါဒနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဈေးကွက် မဝင်သော တန်ဖိုးများကို စာရင်းကောက်ယူခြင်းဖြင့် တန်ဖိုးသတ်မှတ်ခြင်းလုပ်ငန်းများကို ကြိုးပမ်း ဆောင်ရွက်သင့်သည်။

၁၈. ၃။ နိုင်ငံတော်အစိုးရသည် မြေယာလုပ်ပိုင်ခွင့်များ တန်ဖိုးဖြတ်ခြင်းကို ထင်သာမြင်သာရှိရန် တိုက်တွန်းအားပေးသည့် မူဝါဒများနှင့် နည်းဥပဒေများကို ပေါ်ပေါက်အောင် ဆောင်ရွက်သင့်ပါသည်။ ယုံကြည်စိတ်ချပြီး မှန်ကန်တိကျသော မြေယာတန်ဖိုးကို အကဲဖြတ်ခြင်းနှင့် စပ်လျဉ်းသည့် အခြေခံမူ တစ်ခုပြဋ္ဌာန်းရန် အရောင်းဈေးနှုန်းများနှင့် အခြားသက်ဆိုင်သော အချက်အလက်များကို မှတ်တမ်းတင်ထားခြင်း၊ အသေးစိတ်စီစစ်ခြင်းနှင့် နားလည်လွယ်အောင် ဆောင်ရွက်ခြင်းများကို ပြုလုပ်သင့်ပါသည်။

၁၈. ၄။ နိုင်ငံတော်အစိုးရနှင့် အခြားအဖွဲ့အစည်းများသည် နိုင်ငံရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာနှင့် အခြားရည်ရွယ်ချက်များအတွက် တန်ဖိုးသတ်မှတ်ရန် အမျိုးသားအဆင့် စံသတ်မှတ်ချက်များကို ဖော်ထုတ်ပြီး အများပြည်သူသိအောင် ကြော်ငြာသင့်သည်။ အမျိုးသားအဆင့် စံသတ်မှတ်ချက်များသည် အပြည်ပြည်ဆိုင်ရာ စံနှုန်းနှင့်အညီ တစ်သမတ်တည်း ဖြစ်သင့်ပါသည်။ ဝန်ထမ်းများအား လေ့ကျင့်သင်ကြားရာတွင် အပြည်ပြည်ဆိုင်ရာစံနှုန်းနှင့် နည်းပညာများ ဝါဝင်သင့်ပါသည်။

၁၈. ၅။ အကောင်အထည်ဖော်ဆောင်ရွက်ပေးသော ကိုယ်စားလှယ်အဖွဲ့အစည်းများသည် ၎င်းတို့၏ တန်ဖိုးသတ်မှတ်သည့် အချက်အလက်များကို ဖော်ထုတ်ပြီး အမျိုးသားအဆင့် စံသတ်မှတ်ချက်များနှင့်အညီ အများပြည်သူသိစေရန် အသေးစိတ် စီစစ်သင့်သည်။ အစိုးရသည် ပြည်သူပိုင် အရင်းအခြစ်များကို စီမံခန့်ခွဲခြင်း၊ လျော်ကြေးပေးခြင်း၊ ကုမ္ပဏီငွေစာရင်းများနှင့် ချေးငွေပေးခြင်းများတွင် တိကျသော နည်းပညာများနှင့် သတင်းအချက်အလက်များမှ တစ်ဆင့် တန်ဖိုးသတ်မှတ်ရာတွင် လာဘ်ပေးလာဘ်ယူခြင်းကို တားဆီးရန် ကြိုးစားသင့်သည်။

## ၁၉။ အခွန်ကောက်ခံခြင်း

၁၉. ၁။ နိုင်ငံတော်အစိုးရသည် လယ်ယာမြေလုပ်ပိုင်ခွင့်များနှင့် ဆက်စပ်လျက်ရှိသော ပိုမိုကျယ်ပြန့်သည့် လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရည်ရွယ်ချက်များ ပြည့်ဝစေရန် လုပ်ပိုင်ခွင့်များနှင့် ဆက်စပ်နေသော အခွန်ကောက်ခံခြင်းမှတဆင့် အသားတင်ပင်ငွေ တိုးမြှင့်စေရန် လုပ်ဆောင်နိုင်စွမ်း ရှိရပါမည်။ ထိုရည်ရွယ်ချက်များသည် ရင်းနှီးမြှုပ်နှံမှုကို အားပေးခြင်း (သို့မဟုတ်) ပိုင်ဆိုင်မှု (သို့မဟုတ်) အခြားလုပ်ပိုင်ခွင့်များ၏ ထင်မြင်မှန်းဆခြင်းနှင့် စုစည်းခြင်းမှတဆင့် ဖြစ်ပေါ်လာနိုင်သည့် မလိုလားအပ်သော အကျိုးသက်ရောက်မှုများကို တားဆီးခြင်းများ ပါဝင်နိုင်သည်။ အခွန်အခများကို လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်စေပြီး ရောင်းဈေးတန်ဖိုး ကြေညာထားခြင်း (သို့မဟုတ်) အရောင်းအဝယ် လွှဲပြောင်းမှုများကို မှတ်ပုံတင်ထားခြင်းကဲ့သို့သော အခြေအမှုများကို အားပေးသင့်ပါသည်။

၁၉. ၂။ နိုင်ငံတော်အစိုးရသည် လုပ်ပိုင်ခွင့်များကို အခွန်ကောက်ခံခြင်းအပါအဝင် ရှုထောင့်စုံမှ လုပ်ဆောင်ရန်အတွက် မူဝါဒများ၊ နည်းဥပဒေများနှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်များကို ပေါ်ထွန်းလာရန် ကြိုးပမ်းသင့်ပါသည်။ အစိုးရမှ တိုက်ရိုက်မအုပ်ချုပ်သော နေရာများနှင့် ဒေသအတွင်း ပြဋ္ဌာန်းထားသော ဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အအုံများအတွက် ထိရောက်သည့် ငွေကြေးဆိုင်ရာများကို ထောက်ပံ့ပေးနိုင်ရန် သင့်တော်သောနေရာများတွင် အခွန်မူဝါဒများနှင့် နည်းဥပဒေများကို အသုံးပြုသင့်ပါသည်။

၁၉. ၃။ နိုင်ငံတော်အစိုးရသည် ထိထိရောက်ရောက်နှင့် တိကျသော အခွန်အခများရရှိရန် စီမံသင့်သည်။ အကောင်အထည်ဖော် ဆောင်ရွက်နေသည့်အဖွဲ့အစည်း၏ ဝန်ထမ်းများသည် နည်းပညာသင်တန်းများကို တက်ရောက်သင့်သည်။ အခွန်အခများကို သင့်တော်သော တန်ဖိုးများပေါ်တွင် အခြေခံသင့်သည်။ တန်ဖိုးနှင့် အခွန်အခပမာဏ သတ်မှတ်ခြင်းများကို အများပြည်သူများအတွက် လုပ်ဆောင်သင့်သည်။ အစိုးရသည် တန်ဖိုးသတ်မှတ်မှုများကို ပြည်လည်အယူခံ ဝင်ရန် အခွန်အခပေးသူများကို အခွင့်အရေးပေးသင့်သည်။ အစိုးရသည် တန်ဖိုးများကို အရှိကိုအရှိတိုင်း အသုံးပြုခြင်းနှင့် အခွန်အခများအား စီမံခန့်ခွဲရာတွင် အဝတ်လိုက်စားမှုများကို တားဆီးရန် ကြိုးပမ်းသင့်သည်။

## ၂၀။ ဒေသအလိုက်စီမံခန့်ခွဲမှုများကို မှတ်သောင်သတ်မှတ်ခြင်း

၂၀. ၁။ ဒေသအလိုက်စီမံခန့်ခွဲမှုများကို မှတ်သောင်သတ်မှတ်ခြင်းသည် အသုံးပြုမှုများကို တရားဝင် ကန့်သတ်ခြင်းဖြင့် လုပ်ပိုင်ခွင့်များပေါ်တွင် အကျိုးသက်ရောက်မှုရှိသည်။ အစိုးရသည် ဤလမ်းညွှန်ချက်များ၏ ရည်ရွယ်ချက်များကို တိုးတက်စေမည့် နည်းလမ်းများတွင် ဟန်ချက်ညီ၍ ရေရှည်တည်တံ့သော ပိုက်နက်များ ဖွံ့ဖြိုးလာမှုများအပါအဝင် ထိုစီမံချက်များဖြင့် ဒေသအလိုက် စီမံခန့်ခွဲမှုများကို မှတ်သောင်သတ်မှတ်ခြင်း၊ လေးစားလိုက်နာခြင်း၊ စစ်ဆေးခြင်းတို့ကို လုပ်ဆောင်သင့်သည်။ ထိုဓလေ့လာချက်အရ ဒေသအလိုက် စီမံခန့်ခွဲမှုများသည် လယ်ယာ၊ သားငါးနှင့် သစ်တောများအသုံးပြုရာတွင် ရည်ရွယ်ချက်အမျိုးမျိုးနှင့် ကိုက်ညီ၍ အဆင်ပြေစေရန် ဆောင်ရွက်သင့်သည်။

၂၀. ၂။ နိုင်ငံတော်အစိုးရသည် ဒေသအလိုက် စီမံခန့်ခွဲမှုများကို မှတ်သောင်သတ်မှတ်ဖြင်းများအပေါ်တွင် ပြန်လည်ညှိနှိုင်းဆွေးနွေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ကြေညာခြင်း၊ ကျား/မ မခွဲခြားသော မူဝါဒနှင့် ဥပဒေများမှတစ်ဆင့် တိုးတက်ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်မြင်းတို့ကို ပြုလုပ်သင့်သည်။ သင့်တော်သည့် နေရာများတွင် တရားဝင်စီမံကိန်းများသည် စီမံချက်၏ နည်းလမ်းများ၊ ဓလေ့ထုံးတမ်း လုပ်ပိုင်ခွင့်နည်းစနစ်များအတိုင်း ဒေသခံများနှင့် အခြားပြည်သူ အစုအဖွဲ့များ မြုလုပ်လေ့ရှိသော နယ်မြေဖွံ့ဖြိုးတိုးတက်မှုများနှင့် ထိုဒေသခံပြည်သူအစုအဖွဲ့အတွင်းရှိ ဆုံးပြတ်ချက်များ ချမှတ်သော လုပ်ငန်းစဉ်များကို ထည့်သွင်းစဉ်းစားသင့်သည်။

၂၀. ၃။ နိုင်ငံတော်အစိုးရသည် ဒေသအလိုက်စီမံခန့်ခွဲမှုများကို လက်တွေ့ဆောင်ရွက်သောအခါ ပြေယာ၊ သားငါးနှင့် သစ်တောတို့အပြင် ကျား/မခွဲခြားမှု ရှုထောင့်ပါဝင်သော အသုံးပြုဖြင်းများကို အပြန်အလှန် ဆက်နွယ်မှုများပါဝင်သော လုပ်ငန်းများဖြင့် ဆောင်ရွက်စေသင့်သည်။ အစိုးရသည် ညှိနှိုင်းမြင်းနှင့် ပြည်သူလူထုကို ဦးစားပေးမြင်းအား ရှေးရှု၍ ဒေသခံပြည်သူအစုအဖွဲ့နှင့် ပုဂ္ဂလိက စိတ်ဝင်စားမှုများနှင့် ကျေးလက်၊ စိုက်ပျိုးရေး၊ လှည့်လည် သွားလာသူ၊ မြို့ပြနှင့် ပတ်ဝန်းကျင် အစရှိသော အသုံးပြုမှုများအတွက် လိုအပ်ချက်များကို ထည်သွင်းစဉ်းစားသင့်သည်။ ဒေသအလိုက် စီမံခန့်ခွဲမှုများသည် အချိန်ကာလအလိုက် လုပ်ပိုင်ခွင့်နှင့် ထပ်တူဖြစ်နေသော လုပ်ပိုင်ခွင့်အားလုံးကို ထည့်သွင်းစဉ်းစားသင့်သည်။ ဒေသအလိုက်လုပ်ပိုင်ခွင့်အတွက် သင့်လျော်သော စွန့်စားမှုအန္တရာယ်များကို အကဲဖြတ်မြင်းများ လိုအပ်သည်။ အမျိုးသားရေး၊ ဒေသတွင်းနှင့် ဒေသအလိုက် စီမံချက်များကို ညှိနှိုင်းဆောင်ရွက်သင့်သည်။

၂၀. ၄။ နိုင်ငံတော်အစိုးရသည် စီမံကိန်းအဆိုပြုချက်များ ပေါ်ပေါက်လာရေးတွင် ပြည်သူလူထုများ ကျယ်ပြန့်စွာ ပါဝင်ခြင်းနှင့် ဒေသအလိုက် စီမံချက်အကြမ်းများကို ပြည်လည်သုံးသပ်ရာတွင် ဒေသခံ တိုင်းရင်းသားပြည်သူများနှင့် စားနပ်ရိက္ခာထုတ်လုပ်သော ပြည်သူအစုအဖွဲ့များ ပါဝင်သည့် ပြည်သူအစုအဖွဲ့များ၏ စိတ်ပင်စားမှုနှင့် ဦးစားပေးအစီအစဉ်များ ပါဝင်စေရန် လုပ်ဆောင်သင့်သည်။ လိုအမ်ပါက ဒေသခံပြည်သူအစုအဖွဲ့များကို စီမံကိန်းကာလအတွင်း ကူညီပံ့ပိုးမှုများ ရရှိစေသင့်သည်။ အကောင်အထည်ဖော်ဆောင်ရွက်နေသော အဖွဲ့အစည်းများသည် ဒေသအလိုက် စီမံကိန်းများတွင် ပြည်သူလူထုမှ မည်သို့ပါဝင်ခဲ့သည်ကို ထုတ်ဖော်သင့်သည်။ အစိုးရသည် အဓိကအားဖြင့် မှတ်သောင်များ သတ်မှတ်၍ အသုံးမြုခြင်း၏ အပြောင်းအလဲများအရ ဒေသအလိုက် စီမံခန့်ခွဲမှု အာဏာများကို မမှန်မကန် အလွဲသုံးစားပြု ခြင်းများကို ကာကွယ်သော အတားအဆီးများပြုလုပ်ရန် ကြိုးပမ်းသင့်သည်။ အကောင်အထည် ဖော်ဆောင်ရွက်နေသော အဖွဲ့အစည်းသည် ကောင်းမွန်စွာ အကဲဖြတ်၍ အစီရင်ခံသင့်သည်။

၂၀. ၅။ ဒေသအလိုက်စီမံချက်များသည် ပြေယာ၊ သားငါးနှင့် သစ်တောများပါဝင်သော စိုက်ပျိုးရေးဆိုင်ရာဂေဟစနစ်၏ အမျိုးမျိုးသော ရေရှည်တည်တံ့သည့် စီမံခန့်ခွဲမှု နည်းစနစ်များ တိုးတက်ခြင်း၊ ရေရှည်တည်တံ့မှု ပိုမိုအားကောင်းလာစေခြင်း၊ ရာသီဥတုပြောင်းလဲမှုများနှင့် စားနပ်ရိက္ခာဖူလုံမှုများ၏ စိန်ခေါ်မှုကို ရင်ဆိုင်ခြင်းစသည်တို့ကို မှန်မှန်ကန်ကန် ထည့်သွင်းစဉ်းစား သင့်သည်။

## ၂၁။ လုပ်ပိုင်ခွင့်များဆိုင်ရာ အငြင်းပွားမှုများကို ပြေလည်အောင် ဖြေရှင်းခြင်း

၂၁. ၁။ နိုင်ငံတော်အစိုးရများသည် တရားမျှတမှု၊ တရားရေးဆိုင်ရာကျွမ်းကျင်မှုများနှင့် အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့များမှတစ်ဆင့် လုပ်ပိုင်ခွင့်များပေါ်တွင် အငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် အချိန်ကိုက်ထိရောက်၍ လက်လှမ်းမီသောနည်းလမ်းများ၊ ထိုအငြင်းပွားမှုများကို ဖြေရှင်းနိုင်သော အခြားနည်းလမ်းများ၊ ထိရောက်သော ကုစားဖေးကူမှုများနှင့် အယူခံဝင်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန် ပံ့ပိုးသင့်သည်။ ထိုကဲ့သို့ ကုစားဖေးကူမှုမျိုးကို ချက်ချင်းအတည်ပြု ပြဌာန်းသင့်သည်။ အစိုးရသည် အကောင်အထည်ဖော် ဆောင်ရွက်နေသော အဖွဲ့အစည်းများ (သို့မဟုတ်) ပြင်ပအဖွဲ့အစည်းများအတွင်း ဖြစ်ပေါ်လာနိုင်သော အငြင်းပွားမှုများကို အစောပိုင်းအချိန်တွင် ဖြေရှင်းခြင်း (သို့မဟုတ်) ရှောင်ရှားရန် နည်းလမ်းများကို အသုံးပြုနိုင်စေရန် ဆောင်ရွက်သင့်သည်။ အငြင်းပွားမှုများအား ပြေလည်အောင် ဖြေရှင်းသော နည်းလမ်းများကို မည်သည့်တည်နေရာ၊ ဘာသာစကားနှင့် လုပ်ထုံးလုပ်နည်းများနှင့်မဆို အမျိုးသားများနှင့် အမျိုးသမီးများအားလုံး လွယ်ကူစွာ ရရှိစေသင့်သည်။

၂၁. ၂။ နိုင်ငံတော်အစိုးရသည် လုပ်ကိုင်ခွင့်များပေါ်တွင် အငြင်းပွားမှုများကိုသာ ဖြေရှင်းသော အထူးခုံရုံးများနှင့် အဖွဲ့အစည်းများအား စတင်ဖွဲ့စည်းရန်နှင့် နည်းပညာဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းရန် အာဏာပိုင်များအတွင်းမှ ကျွမ်းကျင်ပညာရှင်အဆင့်များ ဖန်တီးရန် ထည့်သွင်းစဉ်းစားသင့်သည်။ အစိုးရများသည် ဒေသအလိုက် မြေယာ စီမံခန့်ခွဲမှုများ၊ စစ်တမ်းကောက်ယူခြင်းများနှင့် တန်ဖိုးဖြတ်ခြင်းများပေါ်တွင် အငြင်းပွားမှုများအား ဖြေရှင်းရန်အတွက် အထူးခုံရုံးများကိုလည်း ထည့်သွင်းစဉ်းစားရမည်။

၂၁. ၃။ နိုင်ငံတော်အစိုးရသည် အထူးသဖြင့် ဒေသတွင်းအငြင်းပွားမှုများကို ဖြေရှင်းနိုင်သည့် နည်းလမ်းအမျိုးမျိုးကို ပေါ်ပေါက်စေရန် တွန်းအားပေးသင့်သည်။ အငြင်းပွားမှုများ ဖြေအေးရန် ဓလေ့ထုံးတမ်း (သို့) အခြားပုံစံများဖြင့် လုပ်ပိုင်ခွင့် အငြင်းပွားမှုများကို ချက်ချင်းပြန်လည် ဖြေရှင်းနိုင်သော၊ တရားမျှတသော၊ ယုံကြည်စိတ်ချရသော၊ လက်လှမ်းမီသော၊ အဆင့်အတန်း မခွဲခြားသော နည်းလမ်းများကို ပံ့ပိုးပေးသင့်သည်။

၂၁. ၄။ နိုင်ငံတော်အစိုးရများသည် စစ်တမ်းများကောက်ယူခြင်းဖြင့် တစ်ဦးချင်းဖြေကွက်များအတွင်း နယ်နိမိတ်ဆိုင်ရာ အငြင်းပွားမှုများအား ဖြေရှင်းရန် အကောင်အထည်ဖော်ဆောင်ရွက်နေသော အဖွဲ့အစည်းများရှိ နည်းပညာ ကျွမ်းကျင်သူများကို တာဝန်ပေးအပ်ရန် ထည့်သွင်း စဉ်းစားသင့်သည်။ သင့်လျော်သော ရည်ရွယ်ချက်များပေါ်တွင် အခြေခံ၍ ဆုံးဖြတ်ချက်များကို ရေးသား ဖြန့်ဝေခြင်းနှင့် အာဏာပိုင်များထံ အယူခံဝင်နိုင်ခွင့်ရှိသင့်သည်။

၂၁. ၅။ နိုင်ငံတော်အစိုးရများသည် အငြင်းပွားမှုများပြေလည်အောင် ဖြေရှင်းရာတွင် အဂတိလိုက်စားမှုများကို တားဆီးရန် ကြိုးပမ်းသင့်သည်။

၂၁. ၆။ အငြင်းပွားမှုများကို ဖြေရှင်းသော လုပ်ထုံးလုပ်နည်းများတွင် အစိုးရများသည် အားနည်း၍ လုပ်ပိုင်ခွင့်အာဏာမရှိသော ပြည်သူများအားလုံးရရှိနိုင်စေသည့် အဆင့်အတန်းမခွဲခြားသော၊ တရားမျှတသော ဥပဒေဆိုင်ရာ အကူအညီများပေးနိုင်ရန် ဆောင်ရွက်သင့်သည်။ အာဏာပိုင်များနှင့် အခြားအဖွဲ့အစည်းများသည် ၎င်းတို့၏ ပန်ထမ်းများကို ထိုဝန်ဆောင်မှုများပေးနိုင်ရန်အတွက် လိုအပ်သော ကျွမ်းကျင်မှုများနှင့် အရည်အချင်းများရှိရန် ဆောင်ရွက်ပေးသင့်သည်။

၅

## ၂၂။ နယ်စပ်ဖြတ်ကျော်မှုဆိုင်ရာအကြောင်းကိစ္စများ

၂၂. ၁။ သင့်လျော်သော လုပ်ထုံးလုပ်နည်းများ၏ ကန့်သတ်ချက်များအရ အစိုးရသည် နိုင်ငံတကာ နယ်နမိတ်များကို ဖြတ်ကျော်သွားသော မြေယာ၊ သားငါး၊ သစ်တောများနှင့် ဆက်စပ်နေသော လုပ်ပိုင်ခွင့် အချက်အလက်များ ကို ဖော်ပြခြင်းတွင် အကျိုးသက်ရောက်မှုကို ခံစားရသော အဖွဲ့ များနှင့် ပူးပေါင်းဆောင်ရွက်သင့်သည်။ အစိုးရဌာနများသည် အရေးယူဆောင်ရွက်ခြင်းများကို နိုင်ငံနှင့် နိုင်ငံတကာတည်ဆဲဥပဒေများအောက်တွင် ဆောင်ရွက်ရန် တာဝန်များ၊ သက်ဆိုင် သော ဒေသအတွင်းနှင့် နိုင်ငံတကာနည်းဥပဒေများ အောက်တွင် လုပ်ဆောင်မှုများနှင့် ကိုက် ညီမှုရှိအောင် လုပ်ဆောင်သင့်သည်။ အစိုးရဌာနများအနေဖြင့် လုပ်ပိုင်ခွင့်များ ဖြစ်ပေါ်လာမှုနှင့် ဆက်စပ်နေသော နယ်စပ်ဖြတ်ကျော်မှုဆိုင်ရာ အကြောင်းကိစ္စများရှိသော နေရာများတွင် အဖွဲ့အစည်းများသည် သူတို့၏သက်ဆိုင်သော ပိုင်နက်များပေါ်တွင် ရှိနေစဉ်အတွင်း ပြောင်းရွှေ့ လာသောသူများ၏ စားနပ်ရိက္ခာဖူလုံမှုနှင့် လုပ်ကိုင်ခွင့်စသည်တို့ကို ကာကွယ်ရန် အတူတကွ လုပ်ဆောင်သင့်သည်။

၂၂. ၂။ နိုင်ငံတကာနယ်နမိတ်အသီးသီး၌ ဖြတ်ကျော်နေသာ တံငါသည်အငယ်စားများ၏ ငါးဖမ်းသည့် နယ်နမိတ်၊ ကျေးလက်ပုံစံနှင့် နေထိုင်သူများ၏ ရာသီအလိုက် ရွှေ့ပြောင်းလုပ်ကိုင်သည့် လမ်းကြောင်း (သို့မဟုတ်) မြေလွတ်မြေရိုင်းစသည်တို့နှင့် ဝတ်သက်၍ အကျိုးသက်ရောက်မှု ခံစားရသော ဒေသခံဖြည်သူအစုအဖွဲ့များအား နယ်စပ်ဖြတ်ကျော်ပိုင်ဆိုင်မှုကိစ္စများကို နားလည် သဘောပေါက်ရန် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများမှ ပါပင်ဖြည့်ဆည်းပေးသင့်သည်။

၂၂. ၃။ သင့်လျော်သောနေရာများတွင် အစိုးရဌာနများသည် တည်ဆဲနိုင်ငံနှင့် နိုင်ငံတကာဥပဒေများ အောက်တွင်ရှိနေသော တာဝန်ဝတ္တရားများ၊ လက်တွေ့ဆောင်ရွက်သော ဒေသအတွင်းနှင့် နိုင်ငံ တကာနည်းဥပဒေများ၏ သဘောဆန္ဒအလျောက် လုပ်ဆောင်မှုများနှင့် စီမံခန့်ခွဲပိုင်ခွင့်၏ တရားဝင်စံသတ်မှတ်ချက်များသည် လိုက်လျောညီထွေဖြစ်စေသင့်သည်။ သင့်လျော်သော နေရာ များတွင် လုပ်ပိုင်ခွင့်အား စီမံခန့်ခွဲမြင်း၏ တရားဝင်စံသတ်မှတ်ချက်များကို အကျိုးသက်ရောက်မှု ခံစားရသော အဖွဲ့အစည်းများ၊ ဆက်စပ်နေသော ဒေသဆိုင်ရာအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်မှု များ ပြုလုပ်သင့်သည်။ အစိုးရဌာနများသည် အကျိုးသက်ရောက်မှုခံစားရသော အဖွဲ့အစည်းများ သင့်လျော်သလို ပါဝင်စေပြီး နိုင်ငံတကာ နယ်နမိတ်အသီးသီးကို ဖြတ်ကျော်သော လုပ်ပိုင်ခွင့် များကို စီမံခန့်ခွဲသော တည်ဆဲနိုင်ငံတကာ နည်းလမ်းများကို ပေါ်ထွန်းစေပြီး (သို့မဟုတ်) အားကောင်းလာစေသင့်သည်။ သင့်လျော်သောနေရာများတွင် အစိုးရဌာနများသည် ဆက်စပ် နေသော ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သင့်သည်။ ထိုဆောင်ရွက်မှုများ ကို အထူးသဖြင့် အသက်မွေးဝမ်း ကျောင်းမှုများနှင့် စာပိုဒ် (၄. ၈)အရ အကျိုးသက်ရောက်မှု ခံစားရသူများ၏ လုပ်ပိုင်ခွင့်များကို ကာကွယ်ရန် လုပ်ဆောင်သင့်သည်။

၅

အပိုင်း ၆

# ရာသီဥတုပြောင်းလဲမှုနှင့် အရေးပေါ် ကိစ္စရပ်များ အပေါ် တုန့်ပြန်မှုများ

ဤအပိုင်းတွင် မြေယာ၊ သားငါးနှင့် သစ်တောများ၏ လုပ်ပိုင်ခွင့်အား စီမံခန့်ခွဲခြင်းကို ရာသီဥတု ပြောင်းလဲမှု၊ သဘာဝ ဘေးအန္တရာယ်များ၊ ပဋိပက္ခများနှင့် စပ်လျဉ်းပြီး ဖော်ပြထားပါသည်။

## ၂၃။ ရာသီဥတုပြောင်းလဲမှု

၂၃. ၁။ အစိုးရဌာနများသည် မြေယာ၊ သားငါးနှင့် သစ်တောများကို တရားဝင်လုပ်ပိုင်ခွင့်ရှိသူတိုင်း၊ ဒေသခံပြည်သူအစုအဖွဲ့ (သို့မဟုတ်) အကျိုးသက်ရောက်မှုကို ခံစားရသော ပြည်သူများ၊ အထူးသဖြင့် လယ်သမားများ၊ အသေးစားကုန်ထုတ်လုပ်ငန်းရှင်များ၊ ထိခိုက်ခံရသူများနှင့် အားနည်းသောပြည်သူများကို အလေးထားပြီး ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများကို တားဆီးရန်နှင့် တုန့်ပြန်ရန် ရည်ရွယ်ချက်များနှင့်အတူ ဥပဒေများ၊ မူဝါဒများ၊ နည်းဗျူဟာများနှင့် အရေးယူဆောင်ရွက်မှုများဖြင့် သင့်တော်သော ရာသီဥတုပြောင်းလဲမှုဆိုင်ရာသဘောတူစာချုပ်များတွင် ပါဝင်သည့် လက်တွေ့ဆောင်ရွက်နေသော စည်းမျဉ်းများနှင့် ကိုက်ညီအောင် သေချာစွာ ဆောင်ရွက်သင့်သည်။

၂၃. ၂။ အစိုးရဌာနများသည် နည်းဗျူဟာများနှင့် အရေးယူဆောင်ရွက်မှုများကို ပြင်ဆင်လုပ်ဆောင်ရန် ဆွေးနွေးညှိနှိုင်းရာတွင် ရာသီဥတုပြောင်းလဲမှုကြောင့် အိမ်ခြေ ယာခြေမဲ့သွားသော အမျိုးသား၊ အမျိုးသမီး အပါအဝင် လူများအားလုံး ပူးပေါင်းပါဝင်စေပြီး ဆောင်ရွက်ရမည်။ အိမ်မြေယာမြေမဲ့သွားသော လူများအတွက် လယ်ယာ၊ သားငါး၊ သစ်တော နှင့် အသက်မွေးဝမ်းကြောင်းစသော ထောက်ပံ့ပေးသည့် ပုံစံအမျိုးမျိုးသည် အခြားသူများ၏ အသက်မွေးဝမ်းကြောင်းများကို မထိခိုက်စေသင့်ပေ။ အစိုးရဌာနများသည် ကျွန်းငယ်များနှင့် အခြား ဖွံ့ဖြိုးဆဲဒေသများကို အထူးအကူအညီအထောက်အပံ့များပေးခြင်းကိုလည်း စဉ်းစားသင့်သည်။

၂၃. ၃။ အစိုးရဌာနများသည် ရာသီဥတုပြောင်းလဲမှုများကို လျော့ပါးစေခြင်းနှင့် လိုက်လျောညီထွေရှိစေမည့် အစီအစဉ်များကို စေ့စပ်ဆွေးနွေးခြင်းနှင့် လက်တွေ့အကောင်အထည်ဖော် လုပ်ဆောင်ရာတွင် မြေယာ၊ သားငါးနှင့် သစ်တော တရားဝင်လုပ်ပိုင်ခွင့်ရှိသူတိုင်း၊ ဒေသခံပြည်သူအစုအဖွဲ့ (သို့မဟုတ်) အကျိုးသက်ရောက်မှုကို ခံစားရသော ပြည်သူများ၊ အထူးသဖြင့် လယ်သမားများ၊ အငယ်စားကုန်ထုတ်လုပ်ငန်းရှင်များ၊ ထိခိုက်ခံရသူများနှင့် အားနည်းသော ပြည်သူများအား အလေးထားလျက် ဤလမ်းညွှန်ချက်များကို ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း၊ အခြေခံသဘောတရားများကို ဆွေးနွေးညှိနှိုင်းခြင်းများတွင် ပါဝင်ခြင်းတို့ကို ဆောင်ရွက်ပေးသင့်သည်။

## ၂၄။ သဘာဝဘေးအန္တရာယ်များ

၂၄. ၁။ အဖွဲ့အစည်းများသည် သဘာဝဘေးအန္တရာယ်များကို တုန့်ပြန်ရန် ပြင်ဆင်ခြင်းနှင့် တားဆီးခြင်းများ ပြုလုပ်သောအခါ မြေယာ၊ သားငါးနှင့်သစ်တော လုပ်ပိုင်ခွင့်ကဏ္ဍကို ထည့်သွင်းစဉ်းစားသင့်သည်။ သဘာဝဘေး အန္တရာယ်များ၏ အကျိုးသက်ရောက်နိုင်စွမ်းကို လျှော့ချရန် (သို့မဟုတ်) ရှောင်ရှားရန်အတွက် ဒေသအလိုက် စီမံခန့်ခွဲမှုများပါဝင်သော လုပ်ပိုင်ခွင့်မူဘောင်များကို သတ်မှတ်သင့်သည်။

၂၄. ၂။ အစိုးရဌာနများသည် အရေးယူဆောင်ရွက်မှုများအားလုံးကို ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ နည်းဥပဒေများအောက်တွင် သဘောဆန္ဒအလျောက် တာဝန်ခံလုပ်ကိုင်ဆောင်ရွက်မှုများဖြစ်စေပြီး နိုင်ငံတော်ဥပဒေနှင့်အပြည်ပြည်ဆိုင်ရာဥပဒေအောက်ရှိ တည်ဆဲနည်းဥပဒေများနှင့် ကိုက်ညီမှုရှိအောင် ဆောင်ရွက်စေရမည်။ အဖွဲ့အစည်းများသည် သဘာဝဘေးအန္တရာယ်များကို တုန့်ပြန်ရာတွင် ဒုက္ခသည်များနှင့် အိမ်ခြေယာခြေမဲ့သူများအတွက် အိုးအိမ်နှင့် ပိုင်ဆိုင်မှု ဆိုင်ရာ လျော်ကြေးပေးခြင်းနှင့် သက်ဆိုင်သည့် ကမ္ဘာ့ကုလသမဂ္ဂ၏ အခြေခံမူများ (Pinheiro Principles)၊ လူသားချင်းစာနာထောက်ထားမှု ပဋိညာဉ်စာတမ်းနှင့် သဘာဝဘေး အန္တရာယ်တုန့်ပြန်မှုအတွက် အနိမ့်ဆုံးစံသတ်မှတ်ချက်များပါဝင်သည့် အပြည်ပြည်ဆိုင်ရာနှင့် သက်ဆိုင်သော အခြေခံမူများနှင့် လိုက်လျောညီထွေရှိအောင်လုပ်ဆောင်သင့်သည်။

၂၄. ၃။ အစိုးရဌာနများသည် သဘာဝဘေးအန္တရာယ်ကာကွယ်မှုနှင့် ကြိုတင်ပြင်ဆင်မှုအစီအစဉ်များတွင် မြေယာလုပ်ပိုင်ခွင့်ကို ထည့်သွင်းသင့်သည်။ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် ဆွေးနွေးညှိနှိုင်းခြင်း အခြေခံမူများပါဝင်သည့် လမ်းညွှန်ချက်များနှင့်ကိုက်ညီသောလုပ်ငန်း၏ အကျိုးသက်ရောက်မှု ခံစားရနိုင်သည့် နယ်ပယ်များအတွက် တရားဝင်လုပ်ပိုင်ခွင့်နှင့် သက်ဆိုင်သော သတင်းအချက် အလက်များကို စုဆောင်းသင့်သည်။ တရားဝင် လုပ်ပိုင်ခွင့်များ၏ မှတ်တမ်းတင်သော နည်းစနစ်များသည် ပိုင်ဆိုင်သူများက ၎င်းတို့၏ ပိုင်ဆိုင်မှုကို အထောက်အထားပြနိုင်ရန်နှင့် ပြန်လည် နေရာချထားနိုင်ရန် မှတ်တမ်းများကို သိုလှောင်သောနေရာသည် သဘာဝဘေးအန္တရာယ်ဒဏ်ကို ခံနိုင်စွမ်းရှိစေရမည်။ အစိုးရဌာနများသည် သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ခြေယာခြေမဲ့သွားသောသူများကို ယာယီပြန်လည်နေရာချထားရေးအတွက် နယ်ပယ်များသတ်မှတ်ရန် ဆောင်ရွက်ရမည်ဖြစ်ပြီး ထိုနယ်ပယ်များတွင် လုပ်ပိုင်ခွင့်လုံခြုံမှုကို ပြဋ္ဌာန်းသတ်မှတ်ရန်အတွက် နည်းဥပဒေများကို ရေးဆွဲရမည်။

၂၄. ၄။ အစိုးရဌာနများနှင့် အခြားသော အဖွဲ့အစည်းများသည် အရေးပေါ်တုန့်ပြန်မှုအဆင့်တွင် လုပ်ပိုင်ခွင့်များကို သတ်မှတ်သင့်သည်။ အိမ်ခြေယာခြေမဲ့သူများအတွက် မြေယာ၊ သားငါး၊ သစ်တောနှင့် အသက်မွေးဝမ်းကြောင်းစသော ထောက်ပံ့ပေးသည့် ပံ့ပိုးမှုအမျိုးမျိုးသည် အခြားသူများ၏ အသက်မွေးဝမ်းကြောင်းများကို မထိခိုက်စေသင့်ပေ။ အိမ်ခြေယာခြေမဲ့သူများ၏ တရားဝင်လုပ်ပိုင်ခွင့်များကို အသိအမှတ်ပြု အလေးထားကာကွယ်သင့်သည်။ လုပ်ပိုင်ခွင့်များနှင့် ခွင့်ပြုချက် မရှိသော သုံးစွဲခြင်း သတင်းအချက်အလက်များကို အကျိုးသက်ရောက်မှု ခံစားရသူများထံသို့ ဖြန့်ပေပေးသင့်သည်။

၂၄. ၅။ အစိုးရဌာနများနှင့် အခြားသောအဖွဲ့အစည်းများသည် ပြန်လည်ထူထောင်ခြင်းအဆင့်တွင် လုပ်ပိုင်ခွင့်များကို သတ်မှတ်သင့်သည်။ ယာယီအိမ်ခြေယာခြေမဲ့သူများကို မူလနေရာသို့ ဘေးမသီရန်မခစေဘဲ ဝတ်ဏ်သိက္ခာရှိရှိပြန်နိုင်ရန် စေတနာအလျောက်အကူအညီဝေးရမည်။ လုပ်ပိုင်ခွင့်များအပေါ်တွင် အငြင်းပွားမှုများကို ပြေလည်စေရန် နည်းလမ်းများ ပြဋ္ဌာန်းပေးရမည်။ ပိုင်ဆိုင်မှုဆိုင်ရာ နယ်နမိတ်များကို ပြန်လည်သတ်မှတ်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် ဆွေးနွေးညှိနှိုင်းခြင်း အခြေခံမူများ ပါဝင်သော လမ်းညွှန်ချက်များနှင့် ကိုက်ညီအောင် ပြုလုပ်သင့်သည်။ မူလနေရာသို့ပြန်ရန် မဖြစ်နိုင်သည့်သူများကို အခြားတစ်နေရာ၌ အတည်တကျပြန်လည် နေရာချထားပေးရမည်။ ထိုကဲ့သို့သော ပြန်လည်နေရာချထားရာတွင် ဒေသခံပြည်သူအစုအဖွဲ့များနှင့် အိမ်ခြေယာခြေမဲ့သူများကို အခြားသူများ၏ အသက်မွေးဝမ်းကြောင်းများနှင့် လုပ်ပိုင်ခွင့်များ မထိခိုက်စေနိုင်သော မြေယာ၊ သားငါး၊ သစ်တောနှင့် အသက်မွေးဝမ်းကြောင်းများကို ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်သည့် အခြားနည်းလမ်းများဖြင့် ပံ့ပိုးရန်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရမည်။

## ၂၅။ မြေယာ၊ သားငါးနှင့် သစ်တောလုပ်ပိုင်ခွင့်နှင့် ပတ်သက်သော ပဋိပက္ခများ

၂၅. ၁။ အဖွဲ့အစည်းများသည် ပဋိပက္ခများကို ဖြစ်ပေါ်စေသော မြေယာ၊ သားငါးနှင့် သစ်တောလုပ်ပိုင်ခွင့်ကိစ္စများကို ဟန့်တားရှင်းလင်းရန် သဘောထားကွဲလွဲမှုများ မဖြစ်မီ၊ ဖြစ်ပွားနေချိန်နှင့် ဖြစ်ပြီးချိန်တွင် အဆင့်အလိုက် ဆောင်ရွက်ရမည်ဖြစ်ပြီး သက်ဆိုင်သော လက်ရှိအပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှုဥပဒေအရ သေချာစွာ လုပ်ဆောင်သင့်သည်။

၂၅. ၂။ အစိုးရဌာနများသည် အရေးယူဆောင်ရွက်မှုများအားလုံးကို ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာနည်းဥပဒေများအောက်တွင် သဘောဆန္ဒအလျောက် တာဝန်ခံလုပ်ကိုင်ဆောင်ရွက်မှုများအရ နိုင်ငံတော်ဥပဒေနှင့် အပြည်ပြည်ဆိုင်ရာဥပဒေအောက်ရှိ တည်ဆဲနည်းဥပဒေများနှင့် ကိုက်ညီမှုရှိအောင် ဆောင်ရွက်စေရမည်။ ထိုနည်းဥပဒေများတွင် အပြည်ပြည်ဆိုင်ရာဒုက္ခသည်များနှင့် သက်ဆိုင်သောညီလာခံ၏ ညွှန်ကြားချက်များနှင့် ဒုက္ခသည်များနှင့် အိမ်ခြေယာမြေမဲ့သောသူများအတွက် အိုးအိမ်နှင့်ပိုင်ဆိုင်မှုဆိုင်ရာလျော်ကြေးပေးခြင်းနှင့် သက်ဆိုင်သည့် ကမ္ဘာ့ကုလသမဂ္ဂ၏အခြေခံမူများ (Pinheiro Principles)ပါဝင်သည်။ အစိုးရဌာနများသည် တရားဝင် လုပ်ပိုင်ခွင့်များနှင့် ပတ်သက်သည့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှုဥပဒေကို ပဋိပက္ခများ ဖြစ်ပွားနေချိန်နှင့် ဖြစ်ပြီးချိန်တွင် လေးစားလိုက်နာသင့်သည်။

၂၅. ၃။ လုပ်ပိုင်ခွင့်ပြဿနာများကြောင့် ပဋိပက္ခများမဖြစ်ပွားစေရန်အလို့ငှာ အဖွဲ့အစည်းများအားလုံးသည် ထိုပြဿနာများကို အကြမ်းမဖက်သောနည်းလမ်းများဖြင့် ညင်သာစွာ ဖြေရှင်းရန် အဆင့်အလိုက် ဆောင်ရွက်သင့်သည်။ အစိုးရဌာနများသည် ပဋိပက္ခများဖြစ်စေနိုင်သည့် ခွဲခြားဆက်ဆံခြင်းနှင့် အခြားအကြောင်းရင်းများကို ဖယ်ရှားရန် သက်ဆိုင်ရာမူဝါဒများနှင့်ဥပဒေများကို ပြင်ဆင်သင့်သည်။ အစိုးရဌာနများသည် သက်ဆိုင်ရာနေရာများတွင် မြေယာ၊ သားငါးနှင့်သစ်တောလုပ်ပိုင်ခွင့်ပေါ်တွင်ရှိသော အငြင်းပွားမှုများကိုချက်ခြင်းဖြေရှင်းပေးသည့် တရားမျှတသော၊ ယုံကြည်စိတ်ချရသော၊ ကျား/မ မခွဲခြားသော၊ နားလည်ရန်လွယ်ကူသော၊ ခွဲခြားဆက်ဆံခြင်းမပြုသော နည်းလမ်းများ ပြဋ္ဌာန်းထားသည့် ဓလေ့ထုံးတမ်းများနှင့် အခြားသော ဒေသန္တရလုပ်ထုံးလုပ်နည်းများကို အသုံးပြုရန် စဉ်းစားနိုင်သည်။

၂၅. ၄။ အစိုးရဌာများနှင့် အခြားသောအဖွဲ့အစည်းများသည် ပဋိပက္ခများဖြစ်ပေါ်လာသောအခါ အခြားသော အဖွဲ့အစည်းများ အဆုံးတိုင်အတည်မပြုနိုင်သေးသည့် လက်ရှိတရားဝင်လုပ်ပိုင်ခွင့်များနှင့် အာမခံချက်များကို အလေးထားကာကွယ်ရန် ကြိုးပမ်းသင့်သည်။ အစိုးရဌာနများသည် အမျိုးသားဥပဒေနှင့် အပြည်ပြည်ဆိုင်ရာဥပဒေ၏ လက်ရှိစည်းကမ်းမျဉ်းများနှင့်အညီ ဖြင်းထန်သောအဓမ္မနည်းလမ်းများဖြင့်ရယူထားသည့် မြေယာ၊ သားငါးနှင့်သစ်တောလုပ်ပိုင်ခွင့်များကို အသိအမှတ် မပြုသင့်ပေ။ ဒုက္ခသည်များ၊ အိမ်ခြေယာခြေမဲ့သူများနှင့် ပဋိပက္ခများကြောင့် အကျိုးထိခိုက် ခံစားရသူများကို လုံခြုံစိတ်ချရသောအခြေအနေ၌ အခြေတကျတည်ငြိမ်အောင် လုပ်ပေးရာတွင် ဒေသခံပြည်သူအစုအဖွဲ့များ၏ လုပ်ပိုင်ခွင့်ကို ကာကွယ်ပေးသော နည်းလမ်းများကို အသုံးပြုသင့်သည်။ လုပ်ပိုင်ခွင့်များ ချိုးဖောက်ခြင်းကို မှတ်တမ်းတင်ပြီး နောက်ပိုင်းတွင် သက်ဆိုင်ရာနေရာများ၌ ကုစားသင့်သည်။ ချိုးဖောက်ခြင်းနှင့်ဖြစ်နိုင်ချေရှိသော ပြုပြင်သည့်လုပ်ငန်းများကို လွယ်ကူစေခြင်းနှင့် မှတ်တမ်းမရှိ သော နေရာများတွင် ပါးစပ်ရာဇဝင်များနှင့် သက်သေခံချက်များအရ ကျား/မ မခွဲခြားသောနည်းလမ်းများဖြင့် လက်ရှိပိုင်ဆိုင်ခွင့်များကို တတ်နိုင်သမျှအကောင်းဆုံးဖြစ်စေရန် မှတ်တမ်းတင်ခြင်း ကိုပြုလုပ်သင့်သည်။ လုပ်ပိုင်ခွင့်များ၏ တရားဝင်မှတ်တမ်းများကို ဖျက်ဆီးခြင်းနှင့် အခိုးခံရခြင်းမှကာကွယ်ရန် လုပ်ဆောင်သင့်သည်။ အိမ်ခြေယာခြေမဲ့သူများနှင့် ဒုက္ခသည်များ၏ တရားဝင်လုပ်ပိုင်ခွင့်များကို အသိအမှတ်ပြု အလေးထားကာကွယ်သင့်သည်။ လုပ်ပိုင်ခွင့်များနှင့် ခွင့်ပြုချက်မရှိသောသုံးစွဲခြင်း သတင်းအချက်အလက်များကို အကျိုးသက်ရောက်မှု ခံစားရသူများထံသို့ ဖြန့်ဝေပေးသင့်သည်။

၆

၂၅.၅။ ပဋိပက္ခများဖြစ်နိုင်ချေရှိသော အခြေအနေများ (သို့မဟုတ်) ပဋိပက္ခများရပ်စဲချိန်တွင် အစိုးရဌာနများနှင့် အပြားအဖွဲ့ဝင်များသည် လုပ်ပိုင်ခွင့်ဖြေသနာများကို ထိခိုက်ခံရသူများအတွက် ခိုင်မာသော ဖြေရှင်းနည်းလမ်းများ ထောက်ခံပေးခြင်းများနှင့် ကျား/မ တန်းတူညီမျှ အခွင့်အရေးရရှိရန် ထောက်ပံ့ပေးခြင်းနည်းလမ်းများဖြင့် ဖြေရှင်းရန် ဖော်မြထားခဲ့သည့်အတိုင်း သေချာစွာလုပ်ဆောင်သင့်သည်။ လျော်ကြေးရနိုင်ချေရှိသော နေရာများတွင် UNHCR နှင့် အခြားသက်ဆိုင်ရာလုပ်ငန်းအဖွဲ့များ၏ အကူအညီဖြင့် နိုင်ငံတကာအဆင့်အတန်းများနှင့် တစ်ပြေးညီဒုက္ခသည်များနှင့် အိမ်ခြေယာခြေမဲ့သူများကို မူလနေရာသို့ ဘေးမသီရန်မခစေဘဲ ဂုဏ်သိက္ခာရှိရှိပြန်နိုင်ရန် စေတနာအလျောက်အကူအညီပေးသင့်သည်။ ထိခိုက်မှုအတွက် လျော်ကြေးပေးခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် စစ်လျော်ကြေးပေးခြင်းများအတွက် လုပ်ထုံးလုပ်နည်းများကို ကျား/မ မရွေး၊ အဆင့်အတန်းမရွေး ကျယ်ပြန့်စွာကြော်ငြာပေးသင့်ပြီး လျော်ကြေးတောင်းဆိုလာမှုများကိုလည်း ချက်ခြင်းဆောင်ရွက်ပေးသင့်သည်။ ဓလေ့ထုံးတမ်း လုပ်ပိုင်ခွင့်စနစ်အရလုပ်ကိုင်နေသော ဒေသခံပြည်သူများနှင့် အခြားဒေသခံပြည်သူအစုအဖွဲ့များ၏ လုပ်ပိုင်ခွင့်များကို ပြည်လည်ပေးလျော်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် မိရိုးဖလာ သတင်းအချက်အလက်ဇစ်မြစ်များကို အသုံးပြုသင့်သည်။

၂၅.၆။ လျော်ကြေးရနိုင်ချေမရှိသော နေရာများ၌ ပြန်လည်နေရာချထားရေးသည် အခြားသူများ၏ အသက်မွေးဝမ်းကြောင်းများကို မထိခိုက်စေရန် နည်းလမ်းအမျိုးမျိုးဖြင့် မြေယာ၊ သားငါး၊ သစ်တောနှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ တိကျသေချာသော အခွင့်အလမ်းများ ပြဌာန်းရာတွင် ဒုက္ခသည်များနှင့် အိမ်ခြေယာခြေမဲ့သူများသည် ဒေသခံပြည်သူအစုအဖွဲ့များ၊ အခြားသက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်သင့်သည်။ ဖြစ်နိုင်ပါက မုဆိုးမများနှင့် မိဘမဲ့ကလေးများအပါအဝင် ထိခိုက်နစ်နာရသောသူများအား မြေယာ၊ သားငါးနှင့် သစ်တောများကို အခိုင်အမာ သုံးစွဲနိုင်ခွင့် အထူးလုပ်ထုံးလုပ်နည်းများကို ပြဌာန်းပေးသင့်သည်။

၂၅.၇။ သင့်လျော်သောနေရာများတွင် ပဋိပက္ခများဖြစ်ပေါ်မိနှင့် ဖြစ်ပေါ်နေစဉ်ပေါ်ပေါက်သော ခွဲခြားဆက်ဆံခြင်းကို ဖြေရှင်းရန် မူဝါဒများနှင့် ဥပဒေများကို ပြန်လည်ပြုပြင်ပေးသင့်သည်။ သက်ဆိုင်ရာနေရာများ (သို့မဟုတ်) လိုအပ်သောနေရာများတွင် သင့်တော်သော လုပ်ပိုင်ခွင့်အားစီမံခန့်ခွဲခြင်းအတွက် လိုအပ်သော ဝန်ဆောင်မှုများကို လုပ်ကိုင်ဆောင်ရွက်ပေးရန် သက်ဆိုင်ရာအဖွဲ့အစည်းများကို ပြန်လည်ဖွဲ့စည်းသင့်သည်။

၆

# တိုးတက်ဖြစ်ပေါ်လာခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် အကဲဖြတ် သုံးသပ်ခြင်း

၂၆. ၁။ ဤလမ်းညွှန်ချက်များ၏ သဘောသဘာဝအရ အစိုးရဌာနများသည် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းတို့ကို ဆောင်ရွက်ရန် တာဝန်ရှိသည်။

၂၆. ၂။ အစိုးရဌာနများသည် ဒေသတွင်း၊ နိုင်ငံတော်အဆင့်နှင့် ဒေသဆိုင်ရာအဆင့်များ၌ ဘက်ပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်သူများပါဝင်သော မူဝါဒလမ်းစဉ်နှင့် မူဘောင်များ ဖော်ဆောင်ရန် (သို့မဟုတ်) ဤလမ်းညွှန် ချက်များကို လက်တွေ့ပူးပေါင်းလုပ်ဆောင်ရာတွင် လက်ရှိမူဝါဒလမ်းစဉ်နှင့် မူဘောင်များကို အသုံးပြုရန်၊ တရားစီရင်ပိုင်ခွင့်များ လက်တွေ့ဆောင်ရွက်ခြင်းကို ကြီးကြပ်ကွပ်ကဲရန်နှင့် အကဲဖြတ်သုံးသပ်ရန်၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု၊ စားနပ်ရိက္ခာ ဖူလုံမှုတို့နှင့် ဆက်စပ်နေသော စားနပ်ရိက္ခာလုံလောက်ရန် အခွင့်အရေးတိုးတက် ဖြစ်ထွန်းလာခြင်း၊ စားနပ်ရိက္ခာဖူလုံမှုတိုးတက်လာခြင်းတို့၏ မြေယာ၊ သားငါးနှင့် သစ်တောများ လုပ်ပိုင်ခွင့်အား စီမံခန့်ခွဲခြင်း၏ အကျိုးသက်ရောက်မှုများကို သုံးသပ်ရန် တိုက်တွန်းအားပေးသည်။ ထိုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ ကျား/မ မရွေးပါဝင်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ထိရောက်သော ကုန်ကျစရိတ်ဖြစ်စေခြင်းနှင့် ရေရှည်တည်တံ့ခြင်းတို့ ပါဝင်သင့်သည်။ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် အစိုးရဌာနများသည် ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ နည်းပညာ ထောက်ပံ့မှုများကို ရှာဖွေရမည်။

၂၆. ၃။ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မိတ်ဖက်အဖွဲ့များ၊ ကမ္ဘာ့ကုလသမဂ္ဂ၏ အထူးကိုယ်စားလှယ်အဖွဲ့များနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများသည် တောင်ပိုင်းအချင်းချင်း (South-South) ပူးပေါင်းဆောင်ရွက်ခြင်းများနှင့်အတူ ဤလမ်းညွှန်ချက်များကို လက်ခံကျင့်သုံးခြင်းအား ပံ့ပိုးပေးနိုင်ရန် တိုက်တွန်းအားပေးသည်။ ထိုကဲ့သို့သော ပံ့ပိုးမှုများတွင် နည်းပညာပူးပေါင်းလုပ်ဆောင်ခြင်း၊ ငွေကြေးထောက်ပံ့ခြင်း၊ အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးစေခြင်း၊ ဗဟုသုတများကို ဝေမျှခြင်းနှင့် အတွေ့အကြုံများကို ဖလှယ်ခြင်းများ၊ အမျိုးသားလုပ်ပိုင်ခွင့်ဆိုင်ရာမူဝါဒများ ပေါ်ပေါက်လာရန် အကူအညီပေးခြင်းနှင့် နည်းပညာလွှဲပြောင်းခြင်းများ ပါဝင်နိုင်သည်။

၂၆. ၄။ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးကော်မတီသည် ကမ္ဘာလုံးဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်သင့်ပြီး အဆိုပါ ဆွေးနွေးပွဲများတွင် သက်ဆိုင်ရာဆောင်ရွက်သူများသည် ဤလမ်းညွှန်ချက်များကို လက်တွေ့ ဆောင်ရွက်ခြင်းအပေါ် တိုးတက်မှု၊ ဆီလျော်မှု၊ ထိရောက်မှုနှင့် အကျိုးသက်ရောက်မှုများအား အကဲခြတ်ခြင်းနှင့် အတွေ့အကြုံများကို တစ်ဦးနှင့်တစ်ဦးအပြန်အလှန်သင်ခန်းစာယူခြင်းများ ပါဝင်ရမည်။ ထို့ကြောင့် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးကော်မတီ၏ အတွင်းဝန်များရုံးသည် အကြံပေးအဖွဲ့နှင့် ပူးတွဲဆောင်ရွက်ပြီး လုပ်ပိုင်ခွင့်အား စီရင်အုပ်ချုပ်ခြင်း၏ တိုးတက်မှုပေါ်တွင် အကျိုးသက်ရောက်မှုနှင့် ပါဝင်ကူညီခြင်းများကို သုံးသပ်၍ ဤလမ်းညွှန်ချက်များကို လက်တွေ့ ဆောင်ရွက်ခြင်း၏ တိုးတက်မှုအစီရင်ခံစာအား ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးကော်မတီသို့ တင်ပြ သင့်သည်။ ထိုအစီရင်ခံချက်များသည် ကမ္ဘာအနှံ့သို့ရောက်ရှိသင့်ပြီး အများနှင့်သက်ဆိုင်ခြင်း၊ ဒေသဆိုင်ရာအတွေ့အကြုံများ၊ အကောင်းဆုံးဆောင်ရွက်မှုများနှင့် သင်ခန်းစာယူခြင်းများ ပါဝင်သင့်သည်။

၂၆. ၅။ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍအပါအဝင် အဖွဲ့အစည်းများကို နိုင်ငံတော်၏ ဦးစားပေးအစီအစဉ်များနှင့် အမျိုးသားရေးအခြေအနေအရ ဤလမ်းညွှန်ချက်များကို အကောင် အထည်ဖော်ဆောင်ရွက်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန် တွန်းအားပေးရပါမည်။ အဖွဲ့အစည်းများကို လက်တွေ့ဆောင်ရွက်မှုများ မြှင့်တင်ပေးရန်အတွက် သင့်တော်သော လုပ် ပိုင်ခွင့်အား စီမံခန့်ခွဲခြင်း သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်းကို တိုက်တွန်းအားပေးရ ပါမည်။